အခန်း(၇၆၃) - မှင်အမွှေး

လက်တံများသည် လင်းဟွမ်၏ မျက်လုံးထဲ ထိုးဖောက်ဝင်ရောက်သွားသောအခါ တစ်စုံတစ်ခုက ပိတ်လှောင်လိုက်သကဲ့သို့ ခေတ္တ ရပ်တန့်သွားကြောင်း ငရဲဝိညာဉ် သတိထားလိုက်မိသည်။

ထိုစဉ် ငရဲဝိညာဉ်၏ ခေါင်းပေါ်တွင် မိုးကြိုးပစ်လိုက်သည့်အလား လျှင်မြန်စွာ ကြွေဆင်းလာသော သွေးရောင် အလင်းတစ်ခု ထွက်ပေါ်လာသည်။

အနီရောင်အလင်းသည် အလွန် လျင်မြန်စွာ ထွက်ပေါ်လာသောကြောင့် ငရဲဝိညာဉ် တုံ့ပြန်နိုင်ချိန် မရလိုက်ပေ။ ထို့နောက် ကြီးမားသော ခန္ဓာကိုယ်ကြီးသည် မြေပေါ် ပစ်လဲကျသွားသည်။

နှစ်မီတာခန့် ရှည်သော သွေးရောင်ဓါး၏ တစ်ဝက်ခန့်က ငရဲဝိညာဉ်၏ ဦးခေါင်းထဲ ထိုးစိုက်နေပြီး ဓါးကိုင်ထားသောလူမှာ လင်းဟွမ်မှလွဲ၍ အခြားသူ မဟုတ်ချေ။ သူ ခန္ဓာကိုယ်ကို သွေးရောင် တောက်ပနေသော ကံကြမ္မာ စွမ်းအားများက ဖုံးအုပ်ထားသည်။

ထိုစဉ် ငရဲဝိညာဉ် ထိုးဖောက်ထားသော လင်းဟွမ်၏ ခန္ဓာကိုယ်မှာ ကြယ်ရောင် တောက်ပလာပြီး ပျောက်ကွယ်သွားသည်။

လင်းဟွမ်က လေတိုးသံဓါးကို လက်နှစ်ဖက်ဖြင့် ကိုင်လိုက်ပြီး အထဲကို ပိုမို နစ်ဝင်သွားအောင် အားထည့်၍ ထိုးထည့်လိုက်သည်။

ငရဲဝိညာဉ်က ဒေါသတကြီး အော်ဟစ်လိုက်ပြီး တစ်ရာကျော်သော လက်တံ ပေါင်းများစွာက ဖြန့်ထွက်လာပြီး အပိုင်းပိုင်း ခွဲပစ်တော့မည့်ဟန်နှင့် လင်းဟွမ်ထံ တပြိုင်နက်တည်း တိုးဝင်လာသည်။

မရေမတွက်နိုင်သော လက်တံများအား သူ့ထံ ပစ်လွှတ်လိုက်သည်ကို မြင်လျှင် လင်းဟွမ်က ဓါးကို ချက်ချင်း ဝှေ့ယမ်းလိုက်သည်။ ထို့နောက် မြေပြင်ကို ဖနောက် တစ်ချက်ဆောင့်နင်းပြီး ခုန်ဆုတ်သွားသည်။

ငရဲဝိညာဉ်၏ ဒဏ်ရာမှ အနက်ရောင်သွေးများ အဆက်မပြတ် စီးကျနေသည်။ လေတိုးသံဓါး၏ တစ်မူထူးခြားသော ဝိသေသ လက္ခဏာကြောင့် ၎င်း၏ ပြန်လည် ကောင်းမွန်နိုင်သော စွမ်းရည်နှင့်ပင် အချိန်တိုလေး အတွင်း၌ ပြန်လည်ပျောက်ကင်းရန် ခက်လှ၏။

ငရဲဝိညာဉ်က နာကျင်မှုကို အံကြိတ်တောင့်ခံပြီး ရာနှင့်ချီသော လက်တံများကို လင်းဟွမ် ဦးခေါင်းထံ ပစ်လွှတ်လိုက်သည်။ အစက (၇) မီတာသာ ရှည်သော လက်တံပေါင်းများစွာသည် မီတာထောင်ပေါင်းများစွာ ရှည်ထွက်လာပြီး ဆက်လက် ကြီးထွားနေသေးသည်။

သွေးစုပ် ဖုတ်ကောင်အမှုန်၏ အကူအညီနှင့် ပျံသန်းနေသော လင်းဟွမ်၏ အရိုန်မှာ အင်ပါယာအဆင့်ထက်ပင် အနည်းငယ် ပိုမြန်နေသေးသည်။

သို့သော်လည်း ငရဲဝိညာဉ်၏ လက်တံများက ပို၍ပင် မြန်နေပြီး သူ့ကို တိုက်ခိုက်လာသည်။ အစပိုင်းတွင်

ဆယ်မီတာခန့် ကွာဝေးနေသော်လည်း သူတို့ကြားမှ အကွာအဝေးက ဆက်တိုက် လျော့နည်းလာသည်။

"လက်တံတွေက ဘယ်လောက်တောင် ရှည်တာလဲ..."

လင်းဟွမ်သည် ထွက်ပြေးနေရင်း တအံ့တသြ ရေရွတ်လိုက်သည်။ ယခင်က ဤကဲ့သို့ မွန်းစတားမျိုးနှင့် တွေ့ကြုံခဲ့ဖူးသောကြောင့် ငရဲဝိညာဉ်၏ လက်တံက ဆန့်ထွက်နိုင်ကြောင်း သိပြီးသား ဖြစ်သည်။ သို့သော်လည်း လက်တံများ တိုက်ခိုက်နိုင်သော အကွာအဝေးမှ လွတ်မြောက်ရန် ခက်ခဲလိမ့်မည်ဟု

တွေးခဲ့ဖူးသော်လည်း လက်တံများ၏ ဆန့်ထွက်နိုင်စွမ်းက သူ့မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။

ခြေချင်းဝတ်နှင့် နှစ်မီတာပင် မဝေးတော့ချေ။

လင်းဟွမ်သည် ရွေးချယ်စရာမရှိသဖြင့် လက်ကို ဝှေ့ယမ်းပြီး အမှောင်ထုကြေးမုံကို နောက်တစ်ကြိမ် အသက်သွင်းလိုက်သည်။ ရာနှင့်ချီသော လက်တံများက ကြေးမုံကို လုံးဝ လျစ်လျူရှုပြီး လင်းဟွမ်ထံ တည့်တည့် တိုးဝင်လာသည်။ သို့သော်လည်း ကြေးမုံ၏ ရောင်ပြန်ဟပ်ခြင်းက လက်တံများကို တားဆီးနိုင်ခဲ့သည်။

ဒါကိုမြင်လျှင် လင်းဟွမ်က ဆက်လက်ပြီး မတိုက်ခိုက်တော့ဘဲ ချက်ချင်း ထွက်ပြေးသည်။ သူ

ထွက်သွားသည်နှင့် တပြိုင်နက် အနက်ရောင်ကြေးမုံမှာ ထောက်ပံ့ပေးနေသော စွမ်းအင်များ ဆုံးရှုံးသွားသဖြင့် ပြိုကျသွားသည်။

ငရဲဝိညာဉ်၏ လက်တံများက သူ့နောက် ဆက်လိုက်လာသည်။

လင်းဟွမ်သည် အမှောင်ထု ကြေးမုံ၏ ကာကွယ် တားဆီးမှုဖြင့် လက်တံများနှင့် (၁၀) မီတာခန့် ဝေးကွာအောင် လုပ်နိုင်ခဲ့သည်။ အမှောင်ထုကြေးမုံသည် လက်တံများ၏ တိုက်ခိုက်ခြင်းကို တားဆီးနိုင်သော်လည်း လင်းဟွမ်က ငရဲဝိညာဉ်၏ တိုက်ခိုက်မှုကို ခုခံရင်း သူ့အင်အားကို မကုန်ဆုံးချင်ပေ။

အမှောင်ထုကြေးမုံမှာ လျှို့ဝှက်စွမ်းရည်ကို အသုံးပြုခြင်းဖြစ်ပြီး ကံကြမ္မာစွမ်းအား ကုန်ဆုံးမှုမှာ ပြိုင်ဘက်၏ တိုက်ခိုက်မှု အပေါ်တွင် မူတည်နေသည်။ တိုက်ခိုက်မှု အင်အား ပိုကောင်းလာခြင်း၊ သို့မဟုတ် တိုက်ခိုက်သည့် ကြိမ်နှုန်းက မြင့်မားနေပါက ကံကြမ္မာစွမ်းရည် ကုန်ဆုံးမှု ပိုမို မြင့်မားလာလိမ့်မည်။

ငရဲဝိညာဉ်၏ ပြောစကားအရ ၎င်း၏ခန္ဓာကိုယ် အစစ်အမှန်ထဲတွင် အဆုံးမရှိ စွမ်းအားများ ရှိနေပုံပင်။ လင်းဟွမ် လက်ထဲတွင် ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်သွင်းခြင်း ကတ် (၃) ကတ် ရှိသော်လည်း

ထိုမျှ ကံကြမ္မာစွမ်းအား ပမာဏက လုံလောက်သည်ဟု လင်းဟွမ်က မထင်ပေ။

ထို့ကြောင့် အမှောင်ထုကြေးမုံကို အချိန်တစ်ခု ဆွဲရုံမျှသာ အသုံးပြု၍ လွတ်မြောက်အောင် ချက်ချင်း ထွက်ပြေးရန် ဆုံးဖြတ်ခဲ့သည်။

လျှို့ဝှက်စွမ်းရည် အသုံးပြုပါက အသုံးပြုသူ၏ ခန္ဓာကိုယ်ပေါ်တွင် ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်သည်။ ငရဲဝိညာဉ်၏ လက်တံများ ဆန့်ထွက်ခြင်းက အကန့်အသတ် ရှိလိမ့်မည် ဖြစ်ကြောင်း သူကောင်းကောင်း သိနေသည်။ သတ်မှတ်ချက်ထက်

ကျော်လွန်သွားပါက အသုံးပြုသူ၏ ခန္ဓာကိုယ်က ဝန်ထုပ်ဝန်ပိုးကို ခံနိုင်ရည်ရှိတော့မည် မဟုတ်ချေ။

ဤကဲ့သို့ လျှို့ဝှက်စွမ်းရည်မှာ အသုံးပြုသူ၏ ခန္ဓာကိုယ်ကို ပြင်းထန်စွာ ဒဏ်ရာ ရစေနိုင်ပြီး ခန္ဓာကိုယ်ပင် ပြိုကျပျက်စီး သွားစေနိုင်သည်။

အမှန်တကယ်တွင်လည်း ငရဲဝိညာဉ်၏ လက်တံများက မီတာသုံးထောင်ကျော် ရောက်သည်နှင့် ဆန့်ထွက်မှု ရပ်တန့်သွားသည်။ လက်တံများသည် ရပ်တန့်ချင်သည့် ဆန္ဒ မရှိသော်လည်း ပြန်ဆုတ်ခွာ သွား၏။

ငရဲဝိညာဉ်၏ တိုက်ခိုက်မှု ရပ်တန့်သွားလျှင် လင်းဟွမ်သည် မီတာ (၃,၅၀၀) အကွာမှ လှမ်းကြည့်ပြီး သူ၏တိုက်ခိုက်မှုက ငရဲဝိညာဉ်ကို ဒဏ်ရာ ရစေခဲ့သော်လည်း လက်တံများ၏ တိုက်ခိုက်မှုကို မဖယ်ရှားနိုင်ခဲ့သဖြင့် စိတ်အေးနိုင်ခြင်း မရှိပေ။

“သူ့လက်တံတွေရဲ့ တိုက်ခိုက်နိုင်တဲ့ အကွာအဝေးက အနည်းဆုံး မီတာ (၃,၂၀၀) လောက်ရှိတယ်။ လက်တံအရေအတွက်နဲ့ တိုက်ခိုက်တဲ့ အရှိန် ပြင်းထန်မှုလွန်းလို့ ငါ အနားကပ်ဖို့ ခက်လောက်တယ်။ တကယ်လို့ အားနည်းချက် ရှာတွေ့ပြီး အောင်အောင်မြင်မြင် အနား ကပ်နိုင်ရင်တောင် တစ်ခါ၊

နှစ်ခါ တိုက်ခိုက်ရုံနဲ့ ဒီကောင် သေမှာမဟုတ်ဘူး။ အဲ့ဒီလိုသာရင် ပြန်ထွက်ပြေးဖို့ ခက်လိမ့်မယ်”

လင်းဟွမ်က မည်ကဲ့သို့ ဆက်လုပ်ရမလဲ ဆိုသည်ကို တိတ်တဆိတ် ချိန်ဆနေစဉ် မီတာထောင်နှင့်ချီ ဝေးကွာသော နေရာမှ ငရဲဝိညာဉ်၏ ခန္ဓာကိုယ်က ဖြည်းဖြည်းချင်း မှိန်ဖျော့သွားသည်။ ၎င်းက ပုန်းကွယ်သော အခြေအနေကို နောက်တစ်ကြိမ် ပြန်ရောက်ပြီး ပတ်ဝန်းကျင်နှင့် တစ်သားတည်း ကျသွားသည်။

အင်မော်တယ်အဆင့် (၆) သို့ ရောက်ပြီးနောက် လင်းဟွမ်၏ နယ်မြေပိုင်နက်အသိမှာ အင်မော်တယ်

အဆင့် (၃) ရှိသေးသော လန်စန်လော့ကဲ့သို့ ကန့်သတ်ချက် မရှိတော့ပေ။ လင်းဟွမ် နယ်မြေ ပိုင်နက်အသိ၏ အချင်းဝက်မှာ မီတာ (၃,၀၀၀) မှ မီတာ(၆,၀၀၀) အထိ တိုးမြင့်လာခဲ့သည်။

လင်းဟွမ်ကို ကြည့်ရသည်မှာ မူလအနေအထားအတိုင်း မလှုပ်မယှက် ရှိနေသည်။ သို့သော်လည်း လင်းဟွမ်က ငရဲဝိညာဉ်၏ လှုပ်ရှားမှုကို အဆက်မပြတ် စောင့်ကြည့်နေခဲ့သည်။

ငရဲဝိညာဉ်သည် ဖုံးကွယ်သော အခြေအနေကို ပြောင်းလဲသွားပြီးနောက် လင်းဟွမ်ရှေ့သို့ ပြေးတက်လာသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် လင်းဟွမ်နှင့်

မီတာ (၁၀၀) အဝေးသို့ ရောက်လာခဲ့ပြီး အမြန်နှုန်းက လင်းဟွမ်ပင် မယှဉ်နိုင်လောက်အောင် မြန်ဆန်လွန်း၏။ ထိုအချိန်အထိ လင်းဟွမ်က မလှုပ်ရှားသေးပေ။

ရှောင်ရှားခြင်း ၊ ခုခံခြင်း မပြုသေး....။

နောက်ဆုံး၌ မီတာ (၂၀) အကွာကို ရောက်သောအခါ ငရဲဝိညာဉ်က တိုက်ခိုက်လိုက်သည်။

“ဒီတစ်ကြိမ်တော့ မင်း ထွက်မပြေး နိုင်စေရဘူး...”

ရာနှင့်ချီသော လက်တံများက မတူညီသော လမ်းကြောင်း အသီးသီးခွဲထွက်၍ ကောင်းကင်ကို ဖြတ်သန်းလာသည်။ ထိုလက်တံများက လင်းဟွမ် ဆုတ်ခွာနိုင်မည့် လမ်းကြောင်းများကို ချက်ချင်း

ပိတ်ဆို့လိုက်သည်။ ခြင်တစ်ကောင်ပင် လွတ်မြောက်အောင် ထွက်မပြေးနိုင်ချေ။

လင်းဟွမ်ကို တိုက်ခိုက်လိုက်သည့် အချိန်၌ လင်းဟွမ် အက်ဗီလက်စထဲမှ ရွီးခန့် လေးတိုးသံများ ထွက်ပေါ်လာသည်။ ထို့နောက် အနက်ရောင် ခါးမြှောင်များ ပျံထွက်လာသည်။ အချိန်အကြာအောင် အသုံး မပြုခဲ့သော မှင်မွှေး(ပေါက်ခါးမြှောင်) သည် ရေထဲတွင် ကူးခတ်နေသော အနက်ရောင် ငါးများကဲ့သို့ ပျံသန်းသွားပြီး လက်တံများနှင့် တိုက်မိသွားသည်။

“မင်းငါ့ကို တကယ် မြင်နိုင်တာလား...”

ခါးမြှောင်များ တစ်ခုချင်းစီက လက်တံများကို တိကျစွာ ထိမှန်သွားသောအခါ ငရဲဝိညာဉ်သည် အရူးလုပ်ခံရကြောင်း သဘော ပေါက်သွားသည်။ ဤတစ်လျှောက်လုံးတွင် လင်းဟွမ်က သူ့ကို မြင်နေခဲ့သည်။

“မမြင်ရဘူး...”

လင်းဟွမ်က ချက်ချင်း ခေါင်းခါပြီး ငြင်းလိုက်သည်။

“ဒါပေမယ့် မင်းကို အာရုံခံလို့ရတယ်”

လင်းဟွမ်စကားကို ကြားလျှင် ငရဲဝိညာဉ် ကြောင်သွားသည်။ ထို့နောက် ချက်ချင်း သဘော ပေါက်သွားပြီး

“ဒါဆိုရင် မင်းရဲ့ နယ်မြေပိုင်နက် အသိ စွမ်းရည်လား...”

လင်းဟွမ်က အဖြေ ပြန်မပေးခဲ့ပေ။

ဓားမြှောင်များက ငရဲဝိညာဉ်၏ လက်တံများကို ငါးများအလား ပြေးဝင် တိုက်ခိုက်နေသည်။ လက်တံများက မူလလမ်းကြောင်းမှ မည်ကဲ့သို့ပင် သွေဖယ်နေစေကာမူ ဒဏ်ရာများ ဖြစ်ပေါ်နေသည်။ (မှင်အမွှေး) ဓါးမြှောင်များသည် လင်းဟွမ်၏ လေတိုးသံ (ဓါး)ကဲ့သို့ ထက်မြက်ခြင်း မရှိသော်လည်း ရှေးဟောင်းဓာတ်ကြွင်း ဖြစ်နေဆဲပင်.....။

ငရဲဝိညာဉ်၏ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ် အဆင့်သာ ရှိသည်။ ၎င်း၏ခန္ဓာကိုယ်က မည်မျှ သန်မာစေကာမူ ရှေးဟောင်း ဓာတ်ကြွင်းနှင့် မယှဉ်နိုင်ချေ။

လင်းဟွမ်က လေထဲ ပျံဝဲနေပြီး ဓါးမြှောင်များက ငရဲဝိညာဉ်၏ လက်တံများကို တိုက်ခိုက်နေသည်။ သူ့အင်္ဂျီလက်စထဲမှ ပစ်လွှတ်လိုက်သော ဓါးမြှောင်အားလုံးက လက်တံများကို တိုက်ခိုက်၍ ခုံခံနေကြသည်။ ၎င်းတို့ကို ကြည့်ရသည်မှာ လှိုင်းလုံးများ ပုတ်ခတ် နေသော်လည်း ကြံ့ကြံ့ခံနေသည့် တောင်ကြီးတစ်လုံးနှင့် တူနေသည်။

ငရဲဝိညာဉ်က တိုက်ခိုက်ရန် အကြိမ်ကြိမ် ကြိုးစားနေသည်။ ၎င်း၏ လက်တံများက လှိုင်းလုံးများကဲ့သို့ အဆက်မပြတ် တိုက်ခိုက်နေသော်လည်း အားနည်းချက်၊ ချို့ယွင်းချက် တစ်စုံတစ်ရာမျှ မဖော်ထုတ်နိုင်ခဲ့ပေ။ ထိုအခွင့်အရေးကို ရှာချင်သော်လည်း ကြိုးစား အားထုတ်မှုက အချည်းအနှီးသာ ဖြစ်ခဲ့သည်။

မကြာခင် အလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်လာပြီး လင်းဟွမ် အက်ဗီလက်စထဲမှ ထွက်ပေါ်လာသော ဓါးမြှောင် အရေအတွက်က တိုးများလာသည်။

နဂိုက အရေအတွက်တွင် ငရဲဝိညာဉ်၏ လက်တံများက အားသာချက် ကြီးမားခဲ့သည်။ သို့သော်လည်း ယခုအခါ ဓါးမြှောင်အရေအတွက်က ပိုမို များပြားလာသောကြောင့် အောင်မြင်စွာ ဖိနှိပ်ခြင်း ခံနေရသည်။

မှင်အမွှေး တစ်အုပ်တွင် ဓါးမြှောင်ပေါင်း (၃,၆၀၀) ရှိပြီး လင်းဟွမ်သည် ဓါးမြှောင်ပေါင်း တစ်ထောင်ခန့် ပစ်လွှတ်ပြီးနောက် ငရဲဝိညာဉ်၏ တိုက်စစ်ကို ကာကွယ်နိုင်ခဲ့သည်။ ဓါးမြှောင် အရေအတွက် ပို၍ များလာသောအခါ လက်တံများ၏ တိုက်ခိုက်မှုကို

ကာကွယ်ရင်း ပိုနေသော ခါးမြှောင်များက စတင်တိုက်ခိုက်လာသည်။

ငရဲဝိညာဉ်သည် ဘာမှ မတတ်နိုင်တော့ဘဲ ရှောင်တိမ်းနိုင်စေရန် လက်တံများကို ပြန်ရုတ်သိမ်းလိုက်ရသည်။

ခဏလေး အတွင်းမှာပင် ကစားပွဲက အလှည့်အပြောင်း ဖြစ်သွားသည်။

လင်းဟွမ်က အက်ဗီလက်စထဲမှ ခါးမြှောင်ပေါင်း (၃,၀၀၀) ပစ်လွှတ်လိုက်သည်နှင့် ငရဲဝိညာဉ်အတွက် တိုက်ခိုက်နိုင်မည့် အခွင့်အရေး ဆုံးရှုံးသွားပြီး ခါးမြှောင်များကို ခုခံကာကွယ်ရန် အာရုံစိုက်နေရသည်။

ခါးမြှောင်များသည် မြစ်ထဲတွင် ကူးခတ်နေသော ငါးများနှင့် တူနေပြီး သက်ရှိတိုင်းကို ကြောက်ရွံ့စေသည်။

ငရဲဝိညာဉ်သည် ရာနှင့်ချီသော လက်တံများ ဒဏ်ရာရပြီး သွေးထွက်နေသော်လည်း နောက်မဆုတ်ချင်သေးပေ။ လက်တံတစ်မှ ဒဏ်ရာကင်းလွတ်ခြင်း မရှိတော့ချေ။

သို့သော်လည်း ခါးမြှောင်များက လင်းဟွမ်ကိုင်ဆောင်သော ခါးရှည်နှင့်မတူဘဲ ထူးခြားသော ဝိသေသ လက္ခဏာများ မရှိပေ။

ယခုအခါ ငရဲဝိညာဉ်၏ လက်တံအားလုံးသည် သွေးများ စိုရွှဲနေသည်။ သို့သော်လည်း အမှန်တကယ်တွင် သာမန်မျက်စိဖြင့် မြင်နိုင်သောနှုန်းနှင့် သူ့ဘာသာသူ ပြန်ကောင်းနေသည်။

လင်းဟွမ်ကလည်း ထိုအချက်ကို သတိထားမိသည်။ မှင်နက်သည် ငရဲဝိညာဉ်အား ထိခိုက် ဒဏ်ရာ ရစေနိုင်သော်လည်း ငရဲဝိညာဉ်၏ သန်မာလွန်းသော ပြန်လည်ကုသရေး စွမ်းရည်ကြောင့် ထိခိုက်မှု မဖြစ်ခဲ့ပေ။

(၁၀) မိနစ်ခန့် ကြာပြီးနောက် ခါးမြောင် (၃,၆၀၀)၏ တိုက်ခိုက်မှုကို ကြံ့ကြံ့ခံ ခုခံပြီး ၎င်း၏ဇွဲကို သက်သေပြခဲ့သည်။

ဇရဝိညာဉ်သည် တိုက်ခိုက်မှုများကို ရှောင်တိမ်းခဲ့ရုံသာမက အလွန်ထူးဆန်းသော ခန္ဓာကိုယ်လှုပ်ရှားမှုများလည်း ပြုလုပ်လျက် ရှိနေသည်။ ရေနှင့်တူသော ၎င်း၏ ခန္ဓာကိုယ်က စိတ်မကူးယဉ်နိုင်သော ပုံစံများအဖြစ် ပြောင်းလဲနေပြီး လင်းဟွမ်၏ တိုက်ခိုက်မှုများကို အောင်မြင်စွာ ရှောင်ရှားနိုင်ခဲ့သည်။

“မင်းက စိတ်စွမ်းအား အသုံးပြုပြီး ထောင်နဲ့ချီတဲ့ ရှေးဟောင်း ဓာတ်ကြွင်းတွေကို ထိန်းချုပ်နိုင်တာပဲ။ မင်း အလုပ် ကောင်းကောင်းလုပ်နေတာကို....။ ဒါပေမယ့် မင်းရဲ့ စိတ်စွမ်းအားက ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မှာလဲ...”

ငရဲဝိညာဉ်က လှောင်ပြောင် ဝေဖန်လိုက်သည်။

“ဒီပုံစံအတိုင်း နောက်ထပ် သုံးလလောက် ဆက်ပြီး တိုက်ခိုက်နေလို့ ရတယ်လို့ ငါ ပြောလိုက်ချင်သေးတယ်။ ငါ့ဆီမှာ အဆုံးမရှိတဲ့ စွမ်းအားရှိတယ်။ ဒဏ်ရာတွေကလည်း သူ့ဘာသာသူ အလိုလို ပြန်ကောင်းလာနိုင်တယ်။ နောက်ပြီးတော့ ငါ့ခန္ဓာကိုယ်

လူပ်ရှားမှုကလည်း တိုက်ခိုက်မှု အားလုံးကို ရှောင်နိုင်တယ်”

“ဒီအတိုင်း ဆက်သွားရင်တော့ ငါက တစ်ယောက်ယောက်ကို သတ်ရတော့မှာပဲ”

ငရဲဝိညာဉ်၏ ဒဏ်ရာထဲမှ အသားများသည် အဆက်မပြတ် ကြီးထွားလာသည်။ မရေမတွက်နိုင်သော ဒဏ်ရာများ ရှိနေသော်လည်း အော်ရာက အားနည်းသွားခြင်း မရှိပေ။ ထိုအစား ပို၍ အားကောင်းလာ၏။

ငရဲဝိညာဉ် ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပျက်နေသော အပြောင်းအလဲ အနည်းငယ်ကို အာရုံခံမိပြီးနောက်

ရုန်းကန်နေရသော လင်းဟွမ်၏ စိတ်ထဲတွင် ဆုံးဖြတ်ချက် တစ်ခု ပေါ်လာသည်။ မျက်လုံးထဲမှ တိုက်ခိုက်ချင်သည့် အရိပ်အယောင်များ တဖျတ်ဖျတ် တောက်ပလာသည်။

“မှင်အမွှေး တစ်အုပ်က မင်းအတွက် မလုံလောက်သေးရင် နောက်ထပ် နှစ်စုံ ထပ်ပေးမယ်။ ဒါတွေက မင်းကို မသတ်နိုင်ဘူးဆိုတာ ငါ မယုံဘူး...”

အခန်း(၇၆၄) - ဓါးမြှောင်ပေါင်း (၁၀,၈၀၀)....

ကြယ်လမ်းစဉ်ကုန်တိုက်တွင် လင်းဟွမ်က သူ၏ရမှတ်များနှင့် ပထမဦးဆုံး ရွေးချယ်ခဲ့သော အရာမှာ မှင်အမွှေး ဖြစ်သည်။ ကြယ်လမ်းစဉ် ကုန်တိုက်ထဲမှ ရနိုင်သမျှ မှင်အမွှေးသုံးစုံကို အကုန် ဝယ်ယူခဲ့သည်။ ထိုအချိန်မှစ၍ တစ်ခါမှ အသုံးမပြုရသေးပေ။

ရှေးဟောင်း ဓါတ်ကြွင်းတစ်ခုကို အင်မော်တယ်အဆင့်ကသာ ထန်းချုပ်နိုင်သောကြောင့် အင်မော်တယ်အဆင့် ရောက်ရှိစေရန် အသွင်ပြောင်းကတ်ကို အသုံးပြုရန် လိုအပ်သည်။

ထိုကဲ့သို့ မဟုတ်ပါက လင်းဟွမ်သည် ရန်သူများကို လေတိုးသံ(ဓါး)နှင့်သာ ကိုင်တွယ်လေ့ ရှိသည်။

ငရဲဝိညာဉ်က မှင်အမွှေးကို အစုံလိုက် အသုံးပြုရန် ပထမဦးဆုံး တွန်းအားပေးခဲ့သော သူ့ပြုင်ဘက်ပင် ။ ထို့အပြင် လင်းဟွမ်က မှင်အမွှေး သုံးစုံလုံးကို ပထမဦးဆုံး အသုံးပြုသည်ကို မြင်သော မျက်မြင်သက်သေလည်း ဖြစ်ပေလိမ့်မည်။

မှင်အမွှေး အုပ်စုတွင် ဓါးမြှောင်ပေါင်း (၃,၆၀၀) ပါရှိပြီး ဒါသည် ငရဲဝိညာဉ်အတွက် ခုခံကာကွယ်မှုကို အာရုံစိုက်စေရန် လုံလောက်ပေသည်။ တန်ပြန် တိုက်စစ်ဆင်ဖို့ပင် အခွင့်အရေး မရနိုင်ချေ။

မှင်အမွှေး သုံးစုံလုံး သုံးခဲ့ပါက မည်ကဲ့သို့ ဖြစ်လာမည်နည်း။

ဤမေးခွန်း၏ အဖြေကို မကြာခင် သိရလိမ့်မည်။

လင်းဟွမ်က လက်နှစ်ဖက်ကို ဘောင်းဘီ အိတ်ကပ်ထဲ ထည့်ပြီး ငါးကဲ့သို့ ကူးခတ်နေသော ခါးမြှောင်များကို အရေအတွက် ပိုများလာအောင် ပစ်လွှတ်လိုက်သည်။ မကြာခင် အနက်ရောင် ငါးများနှင့် ဆင်တူသော မှင်အမွှေးများ စုဝေးလာကာ ကောင်းကင်တစ်ခုလုံး ဖုံးအုပ်သွားသည်။

ထိုအဖြစ်အပျက်ကို မြင်လျှင် ငရဲဝိညာဉ် စိတ်ပျက်သွားသည်။

ရှေးဟောင်းခါတ်ကြွင်း ထောင်ပေါင်းများစွာကို ထိန်းချုပ်နိုင်သည့် တစ်ခုတည်းသော အကြောင်းပြချက်မှာ စိတ်ဝိညာဉ် လက်နက် အများကြီးကို ထိန်းချုပ်နိုင်သော စိတ်စွမ်းအား ရှိနေသောကြောင့်ပင် ။ သို့သော်လည်း လင်းဟွမ်က ထိုအရာများကို လွယ်လင့်တကူ ထိန်းချုပ်နိုင်ခဲ့သလို ဓါးမြှောင် တစ်ချောင်းချင်းစီ၏ လှုပ်ရှားမှုကိုပင် ထိန်းချုပ်နိုင်ခဲ့သည်။

ငရဲဝိညာဉ်သည် ဒါက လွယ်ကူသော လှုပ်ရှားမှုတစ်ခု မဟုတ်ကြောင်း သိနေသည်။ ယခုလက်ရှိ အချိန်၌

ခါးမြောင်ပေါင်း (၁၀,၈၀၀) ပါရှိသော မှင်အမွှေး သုံးစုံက ပျံသန်းနေသဖြင့် ငရဲဝိညာဉ် ကြောက်လန့်နေသည်။

နတ်ဘုရား သွေးမျိုးစေ့ (၃,၀၀၀) ကျော်ကို ကျောက်စရစ်ခဲ ကမ္ဘာပေါင်း (၃,၀၀၀) ကျော်တွင် ဖြန့်ဝေထားခဲ့ပြီး ထိုမျိုးစေ့များ၏ အကြာဆုံး နေထိုင်ခဲ့သည့် သက်တမ်းမှာ နှစ် (၅၀၀) ကျော် ဖြစ်သည်။ ဤအချိန် အတောအတွင်း၌ လင်းဟွမ်ကဲ့သို့ သန်မာသည့်လူမျိုး နှစ်ဦးသာ တွေ့ခဲ့ဖူးသည်။ သူတို့ နှစ်ဦးလုံးမှာ စိတ်စွမ်းအားကို အဓိကထား လေ့ကျင့်ကြပြီး အင်ပါယာအဆင့်တွင် ရှိကြသည်။

ငရဲဝိညာဉ်သည် ကြောက်ရွံ့နေသည့်အပြင် မကြာခင် ပြဿနာ ကြီးမားလာနိုင်ကြောင်း သဘော ပေါက်နေသည်။ ခါးမြောင် (၃,၆၀၀) ၏ သတ်ဖြတ်ခြင်းကို ရှောင်လွှဲနိုင်ရန် ရှိရှိသမျှ အရာအားလုံး ထုတ်သုံး၍ ရှောင်ရှားနေခဲ့ရသည်။

ယခုအခါ ခါးမြောင် အရေအတွက်က (၃) ဆ တိုးလာသောကြောင့် အကျိုးဆက်က မည်ကဲ့သို့ ဖြစ်လာမလဲဆိုသည်ကို ကြိုတင် တွေးကြည့်နိုင်သည်။ အနည်းဆုံး (၁၀) ဆထက်မက တိုက်ခိုက်ခံရပြီး ရာနှင့်ချီသော လက်တံများက ဘေးကျပ်နံ့ကျပ် အခြေအနေထဲ ကျရောက်ပေလိမ့်မည်။

လင်းဟွမ်သည် ခွဲခြားခြင်း အခြေအနေဖြင့် ဓါးမြှောင်များ၏ အလုပ်များကို ခွဲဝေခဲ့သည်။ သူတို့ထဲမှ တစ်ဝက်ခန့်က ငရဲဝိညာဉ်၏လက်တံကို ကန့်သတ်ရန် တာဝန်ယူထားပြီး လမ်းကြောင်းများကို ထိန်းချုပ်ရန် အသုံးပြုခဲ့သည်။ ကျန်သည့် ဓါးမြှောင်တစ်ဝက်ကမူ လက်တံများကြား နေရာအဟမှတစ်ဆင့် ရေခူကဲ့သို့ ဖြစ်နေသော ငရဲဝိညာဉ်၏ ဦးနှောက်ကို တိုက်ခိုက်ရန် လုပ်လာသည်။

ထိုအရာများက အသားစား ငါးများနှင့်တူနေသည်။ ဓါးမြှောင်များက ငရဲဝိညာဉ်၏ ခန္ဓာကိုယ်ကို ထိမှန်သွားသည်နှင့် ကြီးမားသော အပေါက်များ

ဖြစ်ပေါ်လာသည်။ တိုက်ခိုက်မှု တစ်ခုစီတိုင်းက ခန္ဓာကိုယ်ကို ထုတ်ချင်းပေါက်အောင် မထိုးဖောက်နိုင်ခဲ့သော်လည်း ခန္ဓာကိုယ်ပေါ်တွင် (၁၀) စင်တီမီတာခန့် နက်သော ပြတ်ရှရာများကို ဖြစ်ပေါ်စေခဲ့သည်။ သို့သော်လည်း ပြန်လည်ကောင်းမွန်နိုင်သော စွမ်းရည်က အလွန်အားကောင်းနေဆဲပင်..

ဒဏ်ရာများသည် (၁၀) စင်တီမီတာထက် ပိုနက်သော်လည်း စက္ကန့်ပိုင်းလေး အတွင်းမှာပင် အသားများ ကြီးထွားပြီး ပျောက်ကွယ်ကုန်သည်။ မည်သို့ပင် ဆိုစေကာမူ ဒဏ်ရာဖြစ်ပေါ်သည့်နှုန်းက

ပြန်လည်ပျောက်ကင်းသော နှုန်းထက် သာလွန်နေသည်။ ထို့ကြောင့် ဒဏ်ရာများက တိုးပြီးရင်း တိုးလာနေသည်။

တိုက်ခိုက်မှုက (၅) မိနစ်ထက် ပိုကြာလာသောအခါ ငရဲဝိညာဉ်၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ခါးနှင့် မွန်းထားသကဲ့သို့ ဒဏ်ရာဗရပွ ဖြစ်လာသည်။ လွင့်မျောနေသော ရုပ်ပုံမျက်နှာကြီးက ပို၍ပင် ကြောက်ရွံ့စရာ ကောင်းလာသည်။

သို့သော်လည်း ငရဲဝိညာဉ်အတွက် ပြန်လည် ဆုတ်ခွာရန် နည်းလမ်း မရှိပေ။ ပြန်ဆုတ်ခွာသည်နှင့် လင်းဟွမ်၏ ဖိနှိပ်ခြင်းကို အပြည့်အဝခံရပြီး ပြန်လည်

တိုက်ခိုက်ရန် အခွင့်အရေး ရှိတော့မည် မဟုတ်ကြောင်း ကောင်းကောင်း သိနေသည်။

ဤအခိုက်အတန့်၌ လင်းဟွမ်၏ စိတ်စွမ်းအား မကုန်မချင်း တောင့်ခံနိုင်မှသာ အနိုင်ရလိမ့်မည်။

ဓါးမြှောင် တစ်သောင်းကျော်ကို တပြိုင်နက်တည်း ထိန်းချုပ်ခြင်းက လင်းဟွမ် ခန္ဓာကိုယ်အတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့သည်။

သို့သော်လည်း သူ၏ စိတ်စွမ်းအားမှာ နတ်ဆိုးဆန်သော စိတ်စွမ်းရည်နှင့် ပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာသော နတ်ဘုရား အသိစိတ်မှ ဆင်းသက်လာခြင်း ဖြစ်သည်။ သူ၏ စိတ်စွမ်းအားများမှာ

အခြားသော စိတ်စွမ်းအားများထက် ပိုမို အားကောင်းနေပြီး တစ်ချိန်တည်းမှာပင် သူ၏ စိတ်စွမ်းအားနှင့် နှိုင်းယှဉ်ပါက အခြားအရာများက နိမ့်ကျသွားပေလိမ့်မည်။

ဤကဲ့သို့ မဟုတ်ပါက အခုလက်ရှိ သူရောက်နေသော တိုက်ခိုက်ရေး အဆင့်နှင့် ဤမျှများပြားသော ခါးမြှောင်များကို ထိန်းချုပ်နိုင်မည် မဟုတ်ပေ။ ဤကဲ့သို့ ထိန်းချုပ်ပါက စိတ်စွမ်းအားများသည် (၁၀) မိနစ်ပင် မကြာဘဲ ကုန်ဆုံးသွားလိမ့်မည်။

ငရဲဝိညာဉ်သည် နောက်ထပ် နာရီဝက်အထိ အသက်ရှင်နိုင်ရန် ကြိုးစား ရုန်းကန် ခုခံရင်း

ရှောင်တိမ်းရန် အာရုံစိုက်နေခဲ့သည်။ ၎င်း၏ ဖုံးကွယ်ထားသော အခြေအနေကိုပင် ဆက်လက် ထိန်းသိမ်းထားနိုင်ခြင်း မရှိတော့ပေ။

၎င်းက အကောင်းဆုံး ယောဂ ဆရာတစ်ယောက်ကဲ့သို့ ခန္ဓာကိုယ်ကို ပျော့ပျောင်းအောင် ပုံစံအမျိုးမျိုး ပြောင်းလဲနေပြီး ဖျော်ဖြေတင်ဆက်မှုက အထွတ်အထိပ် အခြေအနေ ရောက်ရှိနေသည်။

ရာနှင့်ချီသော လက်တံများက လေထဲတွင် အမြန်ဆုံးနှုန်းနှင့် လှုပ်ယမ်းနေပြီး တစ်စက္ကန့်မှ အနား မယူချေ။ သို့သော်လည်း ၎င်း၏ ခန္ဓာကိုယ်ပေါ်တွင် မရေမတွက်နိုင်သော ဒဏ်ရာများ ပြည့်နေပြီး သွေးများ

စိုရွှဲနေသည်။ အနက်ရောင် သွေးများက ဖောက်ထွင်းမြင်ရသော ခန္ဓာကိုယ်တစ်ခုလုံး နီးပါး ဖုံးအုပ်ထားသည်။ ၎င်း၏ ကံကြမ္မာစွမ်းအားနှင့် သွေးများ စွန်းထင်းနေမှုကို ဖယ်ရှားရန်ပင် အပိုခွန်အား မရှိချေ။

သို့သော်လည်း နောက်ထပ် နာရီဝက်သာ ကြာသွားခဲ့ပြီး လင်းဟွမ်၏ တိုက်ခိုက်မှုက လုံးဝ လျော့ကျသွားခြင်း မရှိပေ။ သူ၏ တိုက်ခိုက်မှုနှုန်း အရေအတွက် ဖြစ်စေ၊ တိုက်ခိုက်ရေး ခွန်အားဖြစ်စေ အားကောင်းနေဆဲပင်။ အလွန် တည်ငြိမ်ပြီး လျော့ကျခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်းမရှိဘဲ စက်တစ်ခုနှင့် တူနေသည်။

လင်းဟွမ်၏ ကံကြမ္မာ စွမ်းအားများ ကုန်ဆုံးသွားစေရန် ၎င်း၏ ပြန်လည်ကုသရေး စွမ်းရည်ကို အားကိုး ထားခဲ့သည်။ နာရီဝက်ခန့် ကြာအောင် ကြိုးစား တောင့်ခံပြီးနောက် လင်းဟွမ်၏ စိတ်စွမ်းအားကို မည်မျှ လျှော့တွက်ခဲ့မိကြောင်း သဘောပေါက်လိုက်သည်။ ပြဿနာကို ရိပ်မိသောအခါ နောက်ကျလွန်းခဲ့ပြီ။

ခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာများက ပြန်လည် ကောင်းမွန်နေသော်လည်း ပြီးခဲ့သည့် နာရီဝက်အတွင်းတွင် ဒဏ်ရာများပြား လွန်းသောကြောင့် သွေးထွက်လွန်ခဲ့သည်။ ထို့ကြောင့် အခြေအနေက

ဆိုးဝါးလာသည်။ မှုးဝေဝေ ဖြစ်လာပြီး ခန္ဓာကိုယ်ကိုပင် ကောင်းကောင်း မထိန်းချုပ် နိုင်တော့ချေ။ ခံစစ်လည်း နှေးကွေး လျော့ကျလာသည်။

"သေစမ်း.."

လင်းဟွမ်က ငရဲဝိညာဉ်၏ လှုပ်ရှားမှုက လျော့ကျ လာသလို ခုခံကာကွယ်မှု အပိုင်းတွင်လည်း အားနည်းလာကြောင်း သတိထားလိုက်မိသည်။ ၎င်း၏ အခြေအနေက အဆိုးဘက်ကို ရောက်နေပြီ။

သို့တိုင်အောင် လင်းဟွမ် တည်ငြိမ်နေဆဲဖြစ်ပြီး ယခုလက်ရှိ အခြေအနေအတိုင်း တိုက်ခိုက်မှု

အရေအတွက် ကြိမ်နှုန်းနှင့် ပျက်စီး ဆုံးရှုံးမှုကို ထိန်းထားနိုင်သေးသည်။

ငရဲဝိညာဉ်၏ လက်တံများက ခုခံကာကွယ်မှု အပိုင်းတွင် ယခင်ကထက် အားနည်းလာသော်လည်း လက်တံများ၏ လှုပ်ရှားမှုကို ထိန်းချုပ်နေသည့် ဓါးမြှောင် အရေအတွက်ကို မလျှော့ချခဲ့သလို ဓါးမြှောင် အရေအတွက်ကိုလည်း တိုး၍ မတိုက်ခိုက်ခဲ့ပေ။

ဖား ပြုတ်သည့်အကြောင်းကို သူ ကောင်းကောင်း သိသည်။ ဖားတစ်ကောင်ကို ပြုတ်ပါက စိတ်ရှည်ရှည်ထားပြီး မီးမျှင်းမျှင်းလေးထားကာ ဖြည်းဖြည်းချင်း အပူချိန် မြှင့်ပေးခြင်းက အန္တရာယ်

အကင်းဆုံးနှင့် အကောင်းဆုံး နည်းလမ်းပင်.....။ ရေနွေးပူပူထဲ ဖားကို ပစ်ထည့်လိုက်ပါက ချက်ချင်း ခုန်ထွက်ပြီး အိုးလည်း မှောက်သွားနိုင်သည်။

သူ၏ တိုက်ခိုက်ရေးအစွမ်းကို တိုးမြှင့်လိုက်ပါက ငရဲဝိညာဉ် လျင်မြန်စွာ အသတ်ခံရမှာ အသေအချာပင်။ သို့သော်လည်း ယခင်ကထက် ပိုမို ပြင်းထန်စွာ တိုက်ခိုက်လာနိုင်သည်။ ချောင်ပိတ်မိသော ခွေးက ပြင်းပြင်းထန်ထန် ကိုက်လာနိုင်သည်။

ထို့ကြောင့် ငရဲဝိညာဉ်ကို ဖြည်းဖြည်းချင်း နှိပ်စက်ညှင်းပန်း၍ ဒဏ်ရာ ပိုမို ပြင်းထန်လာအောင် လုပ်ရမည်။ ဒဏ်ရာများ ပိုမို ပြင်းထန်လာပါက ပြန်၍

မတိုက်ခိုက်နိုင်လောက်အောင် အားနည်းလာမည်မှာ သေချာသည်။

ငရဲဝိညာဉ်သည် သွေးထွက်လွန်ပြီး အားနည်းလာကြောင်း သိနေသဖြင့် အထိတ်အလန့်ဖြစ်လာသည်။

နောက်ဆုံး၌ ဤအရာက ဤကမ္ဘာကို ပထမဦးဆုံး အကြိမ် ဖြန့်ကျက်ထားသော နတ်ဘုရား သွေးမျိုးစေ့ ဖြစ်သည်။ မူလခန္ဓာကိုယ် ဆုံးရှုံးသွားလျှင် အကျိုးဆက်ကြီးမားပေလိမ့်မည်။ ကျောက်စရစ်ကမ္ဘာ နိယာမ၏ ငြင်းပယ်ခြင်းကို ရှောင်ရှားနိုင်စေရန် ငရဲဝိညာဉ် ဖန်တီးထားသော နတ်ဘုရား သွေးမျိုးစေ့

တစ်ခုချင်းစီသည် အကန့်အသတ်ရှိသော စွမ်းအင်များကိုသာ သယ်ဆောင် သွားနိုင်သည်။

ကျောက်စရစ်ခဲ ကမ္ဘာထဲဝင်လာသည့် ကပ်ပါးမျိုးစေ့ အားလုံးသည် (၂၄) နာရီအတွင်းတွင် ကပ်ပါး လက်ခံကောင်ကို ရှာရသည်။ ကပ်ပါးလက်ခံကောင်ကို သတ်ပြီးနောက် ၎င်း၏ ခန္ဓာကိုယ်ကို ဖန်တီးရန် ကိုယ်တွင်းစွမ်းအား အများအပြားကို အသုံးပြုကာ လက်ခံကောင်၏ အလားအလာနှင့် ပေါင်းစပ်၍ မျိုးစေ့များကို ခန္ဓာကိုယ်နှင့် အပြည့်အဝ ချည်နှောင်ရသည်။ ကျင့်ကြံရန်အတွက် အလွန် အားထုတ်ရသည်။

ကနဦး ခန္ဓာကိုယ် ဆုံးရှုံးသွားပါက နတ်ဘုရားသွေးမျိုးစေ့များသည် ဒုတိယအကြိမ်မြောက် လက်ခံကောင် နောက်တစ်ယောက်ထဲ ဝင်ရောက်ရန် အပိုစွမ်းအား မရှိတော့ချေ။ ထိုအခါ နတ်ဘုရားသွေးမျိုးစေ့များ ဆက်လက်ပြန့်ပွားနိုင်တော့မည် မဟုတ်ချေ။

ထို့ကြောင့် ပြုလုပ်ရန် နည်းလမ်းနှစ်သွယ် ရှိသည်။ ပထမတစ်နည်းမှာ ခန္ဓာကိုယ်ထဲတွင် လုံလောက်သော စွမ်းအင်များ စုဆောင်းထားရန် ဖြစ်သည်။ သို့သော်လည်း အခြား လက်ခံကောင်ကို ပြုပြင်မွမ်းမံမှု အချို့ ပြုလုပ်ရန်

လိုအပ်သည်။ ထိုကဲ့သို့ ပြုလုပ်ရမည့်ဆိုပါက စွမ်းအင်စုဆောင်းရန် နှစ်ပေါင်းများစွာ အချိန်ယူရလိမ့်မည်။

အစောပိုင်းတွင် ငရဲဝိညာဉ်က လင်းဟွမ်၏ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်သည်ဟု ပြောခဲ့ဖူးသည်။ အမှန်တကယ်ဆို ဤနည်းလမ်းနှင့် လင်းဟွမ် ခန္ဓာကိုယ်ကို သိမ်းပိုက်ကာ နတ်ဘုရား မျိုးစေ့ကို ဖြန့်ဝေရန်ပင် ။

ဒါသည် ခန္ဓာကိုယ်၏ အလိုဆန္ဒကို အခြားခန္ဓာကိုယ်ထဲ ဆင့်ခေါ်ခြင်းပင် ။ ဤကဲ့သို့ အလိုဆန္ဒနှင့် ဆိုပါက နတ်ဘုရား သွေးမျိုးစေ့သည် ထိခိုက်ခြင်း မဖြစ်စေဘဲ

ကနဦး လက်ခံကောင် ခန္ဓာကိုယ်ကို စွန့်ခွာကာ အခြားလက်ခံကောင်ထဲ ကူးစက်သွားနိုင်သည်။

သို့သော်လည်း နတ်ဘုရား သွေးမျိုးစေ့၏ အသိစိတ်သည် ကနဦး လက်ခံကောင်၏ အသိစိတ်နှင့် မှတ်ဉာဏ်အားလုံးကို ဆုံးရှုံးသွားမည် ဖြစ်ပြီး (hard disk) တစ်ခုကဲ့သို့ အစမှ ပြန်လည် ထည့်သွင်းရလိမ့်မည်။ ပုံစံချပြီးနောက် အတိတ မေ့သွားမည်။

ဤကဲ့သို့ဆိုပါက နတ်ဘုရား သွေးမျိုးဆက်က အတူတူပဲလား၊ မတူဘူးလား ဆိုသည့် ဒဿနိဗေဒဆိုင်ရာ မေးခွန်းတစ်ခု ဖြစ်လာလိမ့်မည်။

သူ၏ ကနဦးခန္ဓာကိုယ်က အသက်ဓါတ်နှင့် တက်ကြွမှုများ လျင်မြန်စွာ ဆုံးရှုံးနေပြီး ခန္ဓာကိုယ် ပျက်စီးတော့မည်ကို မြင်လိုက်လျှင် ငရဲဝိညာဉ်သည် ကယ်တင်နိုင်မည့် နည်းလမ်း မရှိတော့ကြောင်း သိလိုက်သည်။ ထို့ကြောင့် ခေါင်းမော့ပြီး ခပ်လှမ်းလှမ်းမှ လင်းဟွမ်ကို လှမ်းကြည့်လိုက်သည်။

လွင့်မျောနေသော အရိပ်ထဲတွင် ဒေါသရိပ်များ တရိပ်ရိပ် တောက်လောင်လာသည်။

“မင်းက ငါ့ကို ဒီလိုလုပ်ဖို့ ဖိအားပေးတာပဲ..”

အခန်း(၇၆၅) - ငရဲဝိညာဉ် သေစမ်း...

အကယ်၍ တစ်စုံတစ်ယောက်က အသိစိတ် ဗလာ ဟင်းလင်း ဖြစ်သွားပါက ယခင်တစ်ယောက်နှင့် တူပါဦးမည်လော....

ဤအကြောင်းအရာနှင့် ပတ်သတ်၍ လူအများက ဆွေးနွေးကြသော်လည်း မည်သူကမှ တိကျသော အဖြေကို မပေးနိုင်ချေ။

အသိစိတ် ပျောက်ကွယ်သွားသည်နှင့် မှတ်ဉာဏ် ပျောက်ဆုံးမှုက တပြိုင်နက်တည်း ဖြစ်ပေါ်သည်ဟု

လူအများက ပြောဆိုကြသည်။ မှတ်ဉာဏ်အပြင် သူတို့၏ ပင်ကိုယ်စရိုက်နှင့် ကိုယ်ရေကိုယ်သွေးလည်း ဆုံးရှုံးသွားလိမ့်မည်။ သဘာဝအားဖြင့် ပင်ကိုယ်စရိုက် တစ်ခုပြုစုပျိုးထောင်ခြင်းက ရှုပ်ထွေးလှသည်။ သူတို့၏ ပင်ကိုယ်စရိုက်ကို ဖျောက်ဖျက်လိုက်သည်နှင့် သူတို့ ကိုယ်တိုင်၏ တစ်စိတ်တစ်ပိုင်းကို ဆုံးရှုံးသွားခြင်းသာ....။

ဒါသည် ဘဝအတွေ့အကြုံများ၊ ဖြတ်သန်းမှုများ၊ လိုအင်ဆန္ဒများ၊ စိတ်ခံစားမှုများ ဘဝပေါ်ကြည့်သည့် ရှုထောင့်များနှင့် ပုံဖော်ထားခြင်း ဖြစ်သောကြောင့် ကိုယ်ရေကိုယ်သွေး ဆုံးရှုံးသွားမည် ဖြစ်ကြောင်း ဖော်ပြနေသည်။

အသိစိတ် ပျောက်ဆုံးသွားခြင်းသည် အသိစိတ်အသစ် အစားထိုးလိုက်ခြင်းဟု အမှန်တကယ် ဆိုလိုသည်။

သတိလစ်ခြင်းကို ဟက်ဒစ် ပြန်လည်ပြုပြင်ခြင်းနှင့် နှိုင်းယှဉ်သည့် လူများလည်း ရှိသည်။ ဟက်ဒစ်သည် ပြုပြင်မွန်းမံပြီးနောက် ယခင်အတိုင်း ရှိနေဆဲဖြစ်ပြီး အသိစိတ် ရှိရှိ၊ မရှိရှိ မင်းကမင်း ဖြစ်နေဆဲပင်။ မင်း၏ ကွဲပြားသော ပုံစံတစ်ခုသာ ဖြစ်ပေလိမ့်မည်။

ငရဲဝိညာဉ်သည် ဤအကြောင်းအရာနှင့် ပတ်သက်၍ မည်သည့်အချိန်ကမျှ မလေ့လာခဲ့ချေ။ သို့သော်လည်း သူ၏အသိစိတ် မပျောက်ပျက်ချင်သည်မှာ သေချာသည်။ ယခုမူ လင်းဟွမ်ကြောင့် အခြားရွေးချယ်စရာ

မရှိတော့ပေ။ ထို့ကြောင့် လင်းဟွမ်ကို သတ်ကို သတ်ပစ်ရမည်။ ထိုကဲသို့ မဟုတ်ပါက သူ၏အသိစိတ်ကို ဖယ်ရှား ပစ်ရလိမ့်မည်။ ရွေးချယ်မှု နှစ်ခုလုံးက ဆိုးရွားသော အကျိုးဆက်ခြင်း တူညီပေလိမ့်မည်။

သို့သော်လည်း ယနေ့ ကြုံတွေ့နေရသော အရာကို ပြန်စဉ်းစားပြီးနောက် မည်မျှ သနားစရာကောင်းလည်း ဆိုသည်ကို ခံစားမိပြီး နောက်ဆုံး၌ ငရဲဝိညာဉ်က ရွေးချယ်မှု လုပ်လိုက်သည်။

လင်းဟွမ်သည် ငရဲဝိညာဉ်၏အသံကို ကြားသည်နှင့် တစ်ခုခု လွဲမှားနေကြောင်း ခံစားလိုက်ရသည်။

“မင်းက ငါ့ကို ဒီလိုလုပ်အောင် အတင်းအကြပ် ဖိအားပေးနေတာပဲ...”

လင်းဟွမ် မတုံ့ပြန်နိုင်ခင် လွှင့်ဝဲနေသော ငရဲဝိညာဉ်၏ မျက်နှာပေါ်က မျက်ခုံးကြားတွင် အလင်းတစ်ခု ပေါ်လာသည်။ ရုတ်တရက် ဆိုသလို လေထဲတွင် အနက်ရောင် အလင်းတန်းများ လင်းလက်လာပြီး ခဏလေးအတွင်း၌ တိမ်များကြားထဲ ထိုးဖောက် ဝင်ရောက်သွားသည်။

လင်းဟွမ်သည် မည်သည့်နေရာ ရောက်သွားကြောင်း မဖော်ထုတ်နိုင်ပေ။ ငရဲဝိညာဉ် ဘာလုပ်နေလဲဆိုသည်ကို မသိသည့်အတွက် မလုံခြုံသလို ခံစားနေရသည်။

အစပိုင်းက ငရဲဝိညာဉ်၏ လက်တံများကို ထိန်းချုပ်ခဲ့သည့် ဓါးမြှောင် အများအပြားကို ချက်ချင်း ပြန်ခေါ်လိုက်သည်။ တတ်နိုင်သမျှ အမြန်ဆုံး သတ်ပစ်ချင်သောကြောင့် တိုက်ခိုက်မှု အရှိန်ကို မြှင့်တင်လိုက်သည်။ သို့သော်လည်း

"အသုံး မဝင်ဘူး.....။ မင်းက ငါ့ခန္ဓာကိုယ်ကို ထိခိုက်အောင် လုပ်နိုင်ရင်တောင် အသုံးမဝင်ဘူး..."

ငရဲဝိညာဉ်၏ မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သော အပြုံးတစ်ခု ပေါ်လာသည်။

"မင်းက ငါ့ကို ဒီလိုလုပ်ဖို့ ဖိအားပေးတာပဲ...."

"မင်း.... ဘာလုပ်တာလဲ"

လင်းဟွမ်သည် မျက်မှောင် ကြုတ်သွားပြီး မလုံခြုံသော ခံစားချက်က ပို၍ ပို၍ ဆိုးရွားလာသည်။

“ဘာမှ မဟုတ်ပါဘူး.....ငါ့ရဲ့ ခန္ဓာကိုယ်အစစ်ကို ဆင့်ခေါ်ရုံလေးပဲ”

ငရဲဝိညာဉ်က စကားပြောပြီးနောက် ကျယ်လောင်စွာ အော်ရယ်လိုက်သည်။ လုံးဝ ရူးသွပ်သွားကာ မရေမတွက်နိုင်သော ဓါးမြှောင်များ ဝင်လာသော်လည်း သူ့ကိုယ်သူ ကာကွယ်ခြင်းအား စွန့်လွှတ်လိုက်သည်။ ဓါးမြှောင်များက သူ့ခန္ဓာကိုယ်ကို ထိမှန်သွားပြီးနောက် လင်းဟွမ်ကို လှမ်းအော်လိုက်သည်။

“ဒီဘဝမှာ ငါ့ကို နောက်ဆုံးအနေနဲ့ သတ်ပြီး ပျော်နေလိုက်စမ်း……။ ခန္ဓာကိုယ် အသစ်နဲ့ ပြန်လာခဲ့မယ်….”

“ဒီကောင် ရူးသွားပြီလား…”

လင်းဟွမ်သည် ငရဲဝိညာဉ်၏ တုံ့ပြန်မှုကိုမြင်လျှင် မျက်မှောင်ကြုတ်သွားသည်။ သို့သော်လည်း ငရဲဝိညာဉ်ထံမှ အရေးကြီးသော အချက်အလက်အချို့ကို ရရှိခဲ့သည်။

ယင်းမှာ ၎င်း၏ ခန္ဓာကိုယ် အစစ်အမှန်ကို ဆင့်ခေါ်ခဲ့ခြင်းပင်…..။

လင်းဟွမ်သည် သူ့ စိတ်ခံစားချက်များက တွင်းနက်ကြီးထဲ ပြုကျသွားသလို ခံစားနေရသည်။ ဤအခိုက်အတန့်၌ နတ်ဘုရား သွေးမျိုးစေ့၏ အစစ်အမှန် ယူဆချက်ကို နားမလည် နိုင်တော့ပေ။ ငရဲဝိညာဉ်ထံမှ သူမြင်ခဲ့ရသော အရာကို အခြေခံ၍ ပြောရလျှင် ဒါသည် ကိုယ်ပွားစွမ်းရည် တစ်ခုသာဖြစ်ပြီး ထိုကိုယ်ပွားစွမ်းရည်ကိုပင် အနိုင်ယူရန်အတွက် သူ့ ဝှက်ဖဲအားလုံးကို အသုံးပြုခဲ့ရသည်။

ယခုမူ ပိုမို အားကောင်းသော ငရဲဝိညာဉ်၏ ခန္ဓာကိုယ်အစစ်အမှန်က ကမ္ဘာပေါ် ဆင်းသက်လာနေသည်။ ဒါသည် အစစ်အမှန် ခန္ဓာကိုယ်၏

အသိစိတ် ဖြစ်သော်ငှာလည်း ၎င်း၏ စွမ်းရည်မှာ နတ်ဘုရား သွေးမျိုးစေ့ထက် များစွာ သာလွန်နေလိမ့်မည်။

ထို့အပြင် ၎င်း၏ ခန္ဓာကိုယ် အစစ်အမှန်က အတုအယောင် နတ်ဘုရားလော.....၊ အစစ်အမှန် နတ်ဘုရားလော ဆိုသည်ကို လင်းဟွမ် မခွဲခြားနိုင်ပေ။ ထိုအယူအဆမှာ 'နတ်ဘုရားသွေး' ဟူသော စကားလုံးကြောင့် ထင်ကြေးပေးခြင်းပင်....

လင်းဟွမ်သည် ခေါင်းမော့ပြီး ကောင်းကင်ပေါ် မော့ကြည့်လိုက်လျှင် အနက်ရောင် အလင်းတန်းများ ထိုးဖောက် ဝင်ရောက်သွားသည့် တိမ်များကြားထဲ၌

အားကောင်းပြီး ပုံမှန်မဟုတ်သော စွမ်းအင်တစ်ခုက လျင်မြန်စွာ ပျံ့နှံ့လာနေသည်။ စွမ်းအင်များသည် ကြီးမားလာပြီး နေရာအနှံ့ တုန်ခါလာကာ မိနစ်ဝက်အတွင်း အစီအရင်တစ်ခု ဖွဲ့စည်းသွားသည်။

“အခုမှတော့ မင်း ထွက်ပြေးလည်း နောက်ကျသွားပြီ။ နတ်ဘုရား စွမ်းအားကြောင့် ကမ္ဘာလေးထဲက ထွက်သွားရင်တောင် ကမ္ဘာလေးကို ခွဲပြီး မင်းနောက် လိုက်နိုင်တယ်”

လင်းဟွမ် ဒုက္ခ များသွားသည်။ ထို့နောက် ငရဲဝိညာဉ်ရှိရာသို့ အလျင်အမြန် လှမ်းကြည့်လိုက်သည်။

ငရဲဝိညာဉ်သည် အနက်ရောင်သွေးများ ဖုံးလွှမ်းနေပြီး နေရာအနှံ့ သွေးများ ပြန့်ကျဲနေသည်။ မြင်ရသည်မှာ ကျောရိုးပင် အေးစက်စေသည်။ သူ့ခန္ဓာကိုယ်က မည်မျှ ပျက်ဆီးသွားလည်း ဂရုမစိုက်တော့ချေ။ လင်းဟွမ်၏ တိုက်ခိုက်မှုများကို ကာကွယ်ရန်အတွက်ပင် ၎င်း၏ လက်တံများက လက်လျော့ထားခဲ့သည်။ သို့သော်လည်း ၎င်းခန္ဓာကိုယ်၏ ပြန်လဲ ရှင်သန်နိုင်စွမ်းကြောင့် ယခု လောလောဆယ်၌ အသက်ရှင်နေသေးသည်။

“အရင်ဆုံး သတ်ရမယ်”

လင်းဟွမ်သည် အချိန် မဖြုန်းချင်သည့်အတွက် ငရဲဝိညာဉ်ကို ထပ်မရှိချင်တော့ပေ။ ထို့နောက်

နတ်ဘုရားသတ် အမြောက်ကို ထုတ်ယူလိုက်သည်။ နတ်ဘုရားသတ် အမြောက်ကို စိတ်စွမ်းအားနှင့် ထိန်းချုပ်ပြီး ငရဲဝိညာဉ်ကို ချိန်ရွယ်လိုက်သည်။

လင်းဟွမ် ပိုင်ဆိုင်သော တတိယမျိုးဆက် နတ်ဘုရားသတ် အမြောက် (၆) လက်တွင် (၂) လက်သာကျန်တော့သည်။ အသုံးပြုပြီးပါက လုံးဝ ပျက်ဆီးသွားမည် ဖြစ်သည်။ ထို့ကြောင့် လင်းဟွမ်က အသက်ကယ် လက်နက်အဖြစ် ယူဆပြီး အသုံးပြုရန် မလိုအပ်အောင် တစ်ချိန်လုံး အစွမ်းကုန် ကြိုးစားနေခဲ့သည်။

အရေးပေါ် အချိန်တွင် အသုံးပြုနိုင်ရန် မှောင်ခိုးဈေးကွက်ထဲမှ နတ်ဘုရားသတ် အမြောက်ကို ထပ်မံ ဝယ်ယူချင်ခဲ့သည်။ သို့သော် ဤပစ္စည်း ဝယ်ယူမှုကို ပြည်ထောင်စု အစိုးရက တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသည်။ ဒါသည် မှောင်ခိုဈေးကွက်မှာပင် အလွန်ရှားပါးသော ပစ္စည်းတစ်ခုပင် ။

ရောက်သွားသည့် မှောင်ခိုဈေးကွက်တိုင်းတွင် လက်နက်ရောင်းဝယ်သူများအား နတ်ဘုရားသတ် အမြောက် ရောင်းချရန် ရှိ၊ မရှိ အမြဲတမ်း မေးတတ်သည်။ သို့သော်လည်း အကြိမ်တိုင်းတွင် တူညီသောအဖြေသာ ရခဲ့သည်။

ပစ္စည်း ပြတ်နေသည်။

လင်းဟွမ်သည် နတ်ဘုရားသတ် အမြောက်ကို ပြန်လည် မဖြည့်တင်းနိုင်သောကြောင့် အသုံးပြုမှုကိုသာ လျော့ချ နိုင်တော့သည်။

ငရဲဝိညာဉ်သည် နတ်ဘုရားသတ် အမြောက်နှင့် ချိန်ရွယ်ခြင်း ခံရသောအခါ ခြိမ်းခြောက်ခြင်း ခံနေရကြောင်း ရှင်းရှင်းလင်းလင်း သိသည်။ ယခင်က ၎င်းသတ်ခဲ့သော အလောင်းများထံမှ အမွေဆက်ခံသည့် မှတ်ဉာဏ်များအရ နတ်ဘုရားသတ် အမြောက်နှင့် ပတ်သက်သော မှတ်ဉာဏ်အားလုံးသည် စိတ်ထဲတွင် ရှင်းရှင်းလင်းလင်း ပေါ်လာသည်။ ယခုအခါ လက်နက်က

သူ့ကို ပြာချနိုင်စွမ်း ရှိနေကြောင်း ကောင်းကောင်း သိနေသော်လည်း မျက်နှာပေါ်တွင် ကြောက်ရွံ့ခြင်း မရှိပေ။ အသုံးမဝင်ဘူးဟု ပြောထားပြီးသားပင်။

"ငါ့ရဲ့ နတ်ဘုရားမျိုးစေ့ မပျက်ဆီးသရွေ့ ဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်ကို အနှောက်အယှက် ဖြစ်မှာ မဟုတ်ဘူး။ ငါ့ရဲ့ခန္ဓာကိုယ် အစစ်အမှန် ရောက်လာတာကိုလည်း တားဆီးနိုင်မှာ မဟုတ်ဘူး။ မင်းမှာ ရှိနေတဲ့ နတ်ဘုရားသတ် အမြောက်တွေက နတ်ဘုရားသွေး မျိုးစေ့တွေရဲ့ ခုခံကာကွယ်မှု စည်းကိုတောင် မကျော်ဖြတ်နိုင်ဘူး"

“အသုံးဝင်လား..၊ မဝင်လားဆိုတာ ဆုံးဖြတ်ပေးရမယ့် လူက မင်း.... မဟုတ်ဘူး”

လင်းဟွမ်က ငရဲဝိညာဉ်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။ ခါးမြှောင်များက တိုက်ခိုက်နေခြင်းကို ရပ်တန့်ပြီး အရပ်မျက်နှာ အသီးသီး ဖြန့်ကျဲသွားသည်။ ငရဲဝိညာဉ်ကို ဗဟိုပြု၍ ထွက်မပြေးနိုင်အောင် တားဆီးထားကာ တစ်ချိန်တည်းမှာပင် နတ်ဘုရားသတ် အမြောက်ထိပ်ဝ၌ အနီရောင် အလင်းတန်းတစ်ခု ပေါ်လာသည်။ အလင်းရောင် ဖြာထွက်လာပြီး ချက်ချင်းဆိုသလို အထွတ်အထိပ် အခြေအနေကို ရောက်ရှိသွားသည်။ ထို့နောက် အမြောက်ထိပ်ဝမှ

ချော်ရည်ကဲ့သို့ အနီရောင် အလင်းတန်းကြီးကို ပစ်လွှတ်လိုက်သည်။

ငရဲဝိညာဉ်၏ မျက်လုံးထဲတွင် ကြောက်ရွံ့မှုများ ပေါ်လာသည်။ မတို့ပြန်နိုင်ခင် အနီရောင် အလင်းတန်းက ၎င်း၏ဦးခေါင်းထဲ ထိုးဖောက် ဝင်ရောက်သွားသည်။ အချင်း တစ်မီတာရှိသော အပေါက်ကြီးတစ်ခု ပေါ်လာသည်။ ဒဏ်ရာအတွင်းမှ ဦးနှောက်အရည်များ ပွက်ပွက်ဆူနေသည့် အသံကိုပင် ကြားနေရသည်။ လင်းဟွမ်သည် ထိုအပေါက်ထဲမှတဆင့် ငရဲဝိညာဉ် နောက်မှ မြင့်မားသော တောင်ကြီးကိုပင် မြင်နေရသည်။

ဦးခေါင်း၏ သုံးပုံတစ်ပုံက ထိမှန်ပြီး ပေါက်ကွဲ သွားခဲ့သည်။

ငရဲဝိညာဉ်၏ ခန္ဓာကိုယ်သည် အရုပ်ကျိုးပျက် ဖြစ်သွားပြီး မြေပေါ်သို့ ပြုတ်ကျသွားသည်။

လင်းဟွမ်က ငရဲဝိညာဉ်ကို စိုက်ကြည့်နေပြီး သတိမလျော့ချပေ။ ထိုစဉ် ရှောင်ဖိန် ထံမှ အကြောင်းကြားချက်ကို ကြားလိုက်ရသည်။

“အတုအယောင် ဒဏ္ဍာရီအဆင့် မွန်းစတားကတ် (အမည် မပေးရသေး) တစ်ခုကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

လင်းဟွမ်သည် ထိုအသံကိုကြားမှ စိတ်သက်သာရာ ရသွားသလို ခံစားလိုက်ရသည်။ ငရဲ ဝိညာဉ်ကို သတ်ဖြတ်နိုင်ရန် မရေမတွက်နိုင်အောင် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ယခုအခါ ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသဖြင့် သေဆုံးသွားပြီ ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

မကြာခင် ငရဲဝိညာဉ် ဆင့်ခေါ်ထားသော စွမ်းအားများက မှိန်ဖျော့သွားခြင်း မရှိသောကြောင့် မျက်နှာပျက်သွားသည်။ ၎င်းက ထိခိုက်ခြင်း၊ သက်ရောက်ခြင်း မရှိဘဲ ဆက်လက် ကြီးထွားနေသေးသည်။

လင်းဟွမ်သည် စက္ကန့်တိုင်း၊ မိနစ်တိုင်း၌ အော်ရာက ကြောက်စရာကောင်းလောက်အောင် ပိုမို ကြီးထွားလာကြောင်း ရှင်းရှင်းလင်းလင်း ခံစားနေရသည်။

“သူ ပြောတာ အမှန်ပဲ။ အခုလက်ရှိ သူ့ကို သတ်လိုက်ရင်တောင် ခန္ဓာကိုယ်အစစ် ရောက်ရှိလာမှာကို မတားဆီးနိုင်ဘူး”

အခန်း(၇၆၆) - မရဏာ နတ်သမီး.....

တိမ်တိုက်များကြားတွင် အနက်ရောင် မြူခိုးများ ဖုံးအုပ် လာသည်။ ကြောက်စရာကောင်းသော စွမ်းအင်လှိုင်း လုံးကြီးက ကြီးမားသော စွမ်းအား တစ်ခုနှင့်အတူ လျင်မြန်စွာ စုစည်းလာသည်။

စွမ်းအင်များ ဖိနှိပ်ထားသောကြောင့် ကမ္ဘာလေး တစ်ခုလုံး မှိန်ကျသွားသည်။ တိမ်လွှာများကြားတွင် လျှပ်စီးများ တဖြတ်ဖြတ် လျှပ်နေပြီး မြေပြင်ပင် အနည်းငယ် တုန်ခါနေသည်။

ၜင်း၏ ရောက်ရှိလာမှုကြောင့် ကမ္ဘာလေးအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေခဲ့ပြီး ကမ္ဘာလေးက ပြိုကျ ပျက်ဆီးနေ သလိုပင်။

လင်းဟွမ်သည် မျက်လုံး စွမ်းရည်ကို အသက်သွင်းလိုက်သည့် အခါမှသာ မြူခိုးအမဲရောင် အလွှာသည် လျင်မြန်စွာ ပျံ့နှံ့နေပြီး အမာရွတ်ကဲ့သို့ အက်ကွဲကြောင်း ဖြစ်လာကြောင်း မြင်လိုက်ရသည်။

လင်းဟွမ်က ဘာလုပ်သင့်လဲ ဆိုသည်ကို တွေးတောရင်း ခေါင်းရှုပ်ကာ မျက်မှောင် ကြုတ်သွားသည်။

လင်းဟွမ် အက်ျီလက်စထဲမှ သွေးရဲရဲလေးသည် ဖြစ်ပျက်နေသော အဖြစ်အပျက်ကို အာရုံစိုက်နေသည်။ လင်းဟွမ် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်ကို မြင်လျှင်

"ငါတို့ရဲ့ လက်ရှိစွမ်းရည်နဲ့ အစစ်အမှန် နတ်ဘုရား ဒါမှမဟုတ် အတုအယောင် နတ်ဘုရားဆိုရင်တောင် ထိပ်တိုက် ရင်ဆိုင်ဖို့ မဖြစ်နိုင်ဘူး။ အန္တရာယ်ကို ဖြတ်ကျော်နိုင်ဖို့ တစ်နည်းပဲ ရှိတယ်။ ဆင့်ခေါ်တဲ့ ငရဲဝိညာဉ်ကို တားဆီးဖို့ပဲ"

"ငရဲဝိညာဉ်ကို ငါ သတ်ပြီးပြီ။ ဒါပေမယ့် ဆင့်ခေါ်မှုကို မတားနိုင်ဘူး"

လင်းဟွမ်က စိတ်ပျက်စွာ ရေရွတ်လိုက်သည်။ ထိုစဉ် ငရဲဝိညာဉ် ပြောခဲ့သည့်စကားကို ရုတ်တရက် ပြန်သတိရသွားသည်။

“အို ငရဲဝိညာဉ်က ပြောဖူးတယ်လေ၊ ဆင့်ခေါ်မှုကို ရပ်ဖို့အတွက် နတ်ဘုရား သွေးမျိုးစေ့ကို ဖျက်ဆီးရမယ်လို့”

ထို့နောက် လင်းဟွမ်သည် ငရဲဝိညာဉ်၏ အလောင်းဘေးတွင် ရုတ်တရက် ပေါ်လာပြီး ၎င်း၏ ခေါင်းကို ဖိလိုက်သည်။ ကံကြမ္မာစွမ်းအား ထည့်သွင်းပြီးနောက် နတ်ဘုရားသွေးမျိုးစေ့ဟု ခေါ်သော အရာကို လျင်မြန်စွာ ရှာဖွေလိုက်သည်။ ခဏအကြာ

လက်တံတစ်ခု၏ အရင်းတွင် ပုံမှန်မဟုတ်သော မိုန်ဖျော့ဖျော့ အလွန် အားနည်းသည့် စွမ်းအားတစ်ခု အတက်အကျကို တွေ့လိုက်သည်။ စွမ်းအား အတက်အကျမှာ အင်မတန် အားနည်းပြီး မထင်မရှား ဖြစ်နေသည်။

သွေးရဲရဲလေး၏ မျှော့မျိုးစေ့နှင့် နှိုင်းယှဉ်ပါက ရှာဖွေတွေ့ရှိရန် ပိုမို ခက်ခဲသည်။ သူသည် မျှော့မျိုးစေ့များကို ထိန်းချုပ်နိုင်စွမ်း ရှိနေသောကြောင့် စွမ်းအင် အတက်အကျ အလွန်အားနည်း သော်လည်း ရင်းနှီးကျွမ်းဝင်နေခဲ့သည်။ ယခင်ကဆိုလျှင် အလောင်းထဲကို ကံကြမ္မာစွမ်းအား ထည့်သွင်းသော်လည်း

ထိုစွမ်းအင် အတက်အကျကို လျစ်လျူ ရှုလိုက်မိလိမ့်မည်။

“ငါ တွေ့ပြီ...”

လင်းဟွမ်သည် ပုံမှန် မဟုတ်သော စွမ်းအင် အတက်အကျ၏ မူလအရင်းအမြစ်ကို တွေ့ပြီးနောက် ပစ်မှတ်ထားပြီး အချိန်မီ အားပြန်မဖြည့်ရသေးသော နတ်ဘုရားသတ် အမြောက်ကိုသိမ်းပြီး လက်ကျန် အမြောက် (၅) လက်ကို ထုတ်ယူလိုက်သည်။ ထို့နောက် မီတာ (၁၀၀) ဆုတ်ခွာလိုက်သည်။

မကြာခင် နတ်ဘုရားသတ် အမြောက် (၅) လက်သည် ငရဲဝိညာဉ် အလောင်းနှင့် (၁၀) မီတာပင်

မဝေးသောနေရာ၌ ပေါ်လာသည်။ ငရဲဝိညာဉ် အလောင်းထဲမှာ ပုံမှန်မဟုတ်သော စွမ်းအင် အတက်အကျ ပေါ်နေသည့်နေရာသို့ တိကျစွာ ချိန်ရွယ်လိုက်သည်။

ထို့နောက် နတ်ဘုရားသတ် အမြောက်များ၏ ထိပ်ဝတွင် အနီရောင်မီးတောက်များ ပေါ်လာသည်။ အနီရောင် မီးတောက်များ စုစည်းသွားပြီး မိုးကြိုး ပစ်ခတ်သည့်အလား လျင်မြန်စွာ ပစ်လွှတ်လိုက်သည်။

ဒိုင်း.....

နတ်ဘုရားသတ် အမြောက် (၅) လက်ကို တပြိုင်နက်တည်း ပစ်လွှတ်လိုက်သည်။ တိုက်ခိုက်မှုမှာ နတ်ဘုရားသတ် အမြောက် (၁) လက်တည်း

ပစ်ခတ်ခြင်းထက် ပိုမို ပြင်းထန်သည်။ နတ်ဘုရားသတ် အမြောက် (၅) လက် တပြိုင်နက်တည်း ပစ်လွှတ်လိုက်သော စွမ်းအင်၏ နောက်ဆက်တွဲ အကျိုးဆက် အနေဖြင့် ပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ နောက်ဆက်တွဲ တုန်ခြိန်မှုများ ဖြစ်ပေါ်လာသည်။ ၎င်း၏စွမ်းအားမှာ လင်းဟွမ်၏ မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။

မီးလျှံများဖြင့် ပြုလုပ်ထားသော အနီရောင်စက်လုံးကြီးသည် မီးပုံးပျံ တစ်ခုကဲ့သို့ ပြန့်ကားလာပြီး (၁၀) ကီလိုမီတာ အချင်းဝက်ကို ခရာလေးအတွင်း ဖုံးလွှမ်း သွားသည်။

သွေးရောင်အလင်းများ ဖြတ်သန်းသွားသည်နှင့် တပြိုင်နက် မြေပြင်မှာ မီးတောက်လောင်သွားသည်။ ကောင်းကင်ပေါ်တွင် မှိုကဲ့သို့ မီးတိမ်တိုက်ကြီး တစ်ခု လင်းလက်လာပြီး ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

လင်းဟွမ်သည် မြေအောက် မီတာထောင်ပေါင်း များစွာတွင် ဝှပ်လျှိုးနေပြီး သူ့ကို ဖုံးအုပ်ထားသော အမှောင်ထု ကြေးမုံပင် တုန်ခါနေသည်။

တစ်ခုခု ဖြစ်လာတော့မည်ကို သိလိုက်သည်နှင့် ယာယီအသွင်ပြောင်းကတ်ကို အချိန်မီ အသုံးပြုပြီး သူ့ကိုယ်သူ တစ္ဆေအဖြစ် ပြောင်းလဲကာ မြေအောက်ထဲ

ဌပ်လျှိုး သွားခဲ့ခြင်းပင် ။ ထိုကဲ့သို့ မဟုတ်ပါက ပေါက်ကွဲမှု ထိမှန်ပေလိမ့်မည်။

“ဒါက နတ်ဘုရားသတ် အမြောက်တွေရဲ့ ပေါင်းစည်း သက်ရောက်မှုလား”

လင်းဟွမ်သည် မြေပြင် တုန်ခါနေမှု ရပ်တန့် သွားသည်ကို သိလိုက်သည်နှင့် မြေပြင်ပေါ် ပြန်တက်လာသည်။ သူ မြင်လိုက်ရသည်မှာ မြေပြင်ပေါ်တွင် မီးလောင်ဒဏ်ရာများ ပြည့်နှက်နေပြီး မီတာ (၁၀၀) ကျော်နက်သော တွင်းဝိုင်းကြီးတစ်ခု ဖြစ်ပေါ်နေသည်။

ငရဲဝိညာဉ် အလောင်းမှာ နတ်ဘုရားသတ် အမြောက် (၅) လက်ကြောင့် ပြာပုံအတိ ပြောင်းလဲသွားသည်ကို မြင်လျှင် လင်းဟွမ်ရင်ထဲ ကြေကွဲသွားသည်။

နတ်ဘုရားသတ်ဖြတ်သူ အမြောက် (၅) လက် အနက် (၂) ခုမှာ တစ်ကြိမ်စီ တိုက်ခိုက်နိုင်သေးသည်။

မကြာခင် လင်းဟွမ်သည် တွင်းအောက်ခြေ ညာဘက်ခြမ်းခ္ခ် လက်မအရွယ် အနက်ရောင် သလင်းကျောက် တစ်ခုကို သတိထားလိုက်မိသည်။ လင်းဟွမ်တွင် အလွန်ကောင်းမွန်သော အမြင်အာရုံ ရှိနေသောကြောင့် မြင်ရခြင်းပင်....။

ထိုကဲ့သို့ မဟုတ်ပါက မီးလောင်ကျွမ်းနေသော အနက်ရောင် မြေနှင့်အတူ အနီရောင် သန်းနေသည့် သလင်းကျောက်ကို မည်သူမျှ သတိထားမိမည် မဟုတ်ချေ။

“ဒါက နတ်ဘုရား သွေးမျိုးစေ့ ဖြစ်နေမလား”

လင်းဟွမ်သည် အနက်ရောင် ကျောက်စိမ်းနှင့် တူနေသော သလင်းကျောက်ကို အနီးကပ် ကြည့်ရှုရန် တွင်းအောက်ခြေတွင် ပေါ်လာသည်။ သလင်းကျောက်ကို စိုက်ကြည့်လိုက်သောအခါ အမျိုးသမီး တစ်ယောက်၏ လက်မ အရွယ်အစားခန့် ရှိသည်။ ရေစက် တစ်ခုထက် အနည်းငယ် ပိုကြီးသည်။ သို့သော်လည်း အဝိုင်းပုံစံ

မဟုတ်ပေ။ ထိုအစား မရေအတွက်နိုင်သော ဒေါင့်များ ဖြစ်နေသည့် စိန်တစ်လုံးနှင့် ပိုတူသည်။

အနက်ရောင် မြူခိုးများက သလင်းကျောက် မျက်နှာပြင်ပေါ်တွင် အလွှာတစ်ခုကဲ့သို့ ပျံ့နှံ့နေပြီး မကြာခင် မီးလောင်နေသော မြေပြင်မှ မီးခိုးများ ဖုံးလွှမ်းလာသည်။ လင်းဟွမ်သည် ဒါကို အနီးကပ် မြင်လိုက်ရပြီးနောက် (၁၀) မီတာ အဝေးအထိ ချဉ်းကပ်သွားသည်။

သလင်းကျောက် မျက်နှာပြင်ပေါ်က ဝန်းရံနေသော အနက်ရောင် မြူခိုးများ၏ ခြိမ်းခြောက် နိုင်စွမ်းကို နားမလည်နိုင် ဖြစ်နေသည်။

“ကြည့်ရတာ လုံးဝ မပျက်ဆီးသေးဘူး ထင်တယ်”

လင်းဟွမ်သည် သလင်းကျောက်ကို သေသေချာချာ လေ့လာပြီးနောက် မျက်နှာ ပျက်သွားသည်။ သို့သော်လည်း ဤအနက်ရောင် သလင်းကျောက်က နတ်ဘုရား သွေးမျိုးစေ့ ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

နတ်ဘုရားသတ် အမြောက် (၅) လက် အသုံးပြုခဲ့ခြင်းမှာ လင်းဟွမ်၏ အစွမ်းထက်ဆုံး တိုက်ခိုက်မှု တစ်ခုပင်။ ထိုတိုက်ခိုက်မှုကြောင့် နတ်ဘုရားသွေးမျိုးစေ့ လုံးဝ ပျက်ဆီးသွားခြင်း မရှိပေ။ ယခုလက်ရှိ၌ လင်းဟွမ်သည် ဘာဆက်လုပ်ရမှန်း

မသိတော့ချေ။ ထို့အပြင် လေထဲ၌ အမာရွတ်ကဲ့သို့ အက်ကွဲကြောင်းကြီးက ဆက်လက် ကြီးထွားနေသည်ကို မြင်နေရသည်။

စေးကပ်နေသော အနက်ရောင် အရည်များက ထိုအက်ကွဲကြောင်းထဲမှ ကတ္တရာစေးကဲ့သို့ ဖြည်းဖြည်းချင်း ယိုကျလာသည်။

ကမ္ဘာငယ်လေး၏ ကောင်းကင်သည် ခဏလေးအတွင်းမှာပင် နေ့ခင်းဘက်မှ ညဘက် ပြောင်းလဲသွားသကဲ့သို့ ကောင်းကင်တစ်ခုလုံး လုံးဝ မှောင်မိုက်သွားသည်။ ကောင်းကင်ပေါ်တွင် အနက်ရောင် တိမ်တိုက်များနှင့် ရွှေရောင် အလင်းတန်းကြီးများက

အဆက်မပြတ် တဖြတ်ဖြတ် လျှပ်နေပြီး မြေပြင်ကလည်း ငလျှင်လှုပ်သကဲ့သို့ ပြင်းပြင်းထန်ထန် တုန်ခါနေသည်။ လေတိုးသံများက မာရ်နတ်၏ အော်ဟစ်သံကဲ့သို့ နေရာတစ်ခုလုံး ပဲ့တင်သံ ထပ်နေသည်။

ဒါသည် ကမ္ဘာပျက်ခြင်း မတိုင်ခင် ဖြစ်စဉ်တစ်ခုကဲ့သို့ပင်။

“ဒါကို တားဆီးဖို့ နည်းလမ်း မရှိတော့ဘူးလား”

လေထဲ၌ စေးကပ်နေသော အနက်ရောင် အရည်များက ကမ္ဘာထဲ စိမ့်ဝင်နေသည်ကို မြင်တွေ့နေရပြီး ထိုအရာက လူသားပုံစံ ဖြည်းဖြည်းချင်း ဖွဲ့စည်းလာသည်။

လင်းဟွမ်က ကောင်းကင်ကို တစ်ချိန်လုံး ငေးကြည့်နေသဖြင့် နတ်ဘုရား သွေးမျိုးစေ့၏ မျက်နှာပြင်က မှုန်ဝါးဝါးအလင်း ထုတ်လွှင့်နေကြောင်း မသိပေ။ အစစ်အမှန် ခန္ဓာကိုယ်၏ အသိစိတ်နှင့် ပဲ့တင်ထပ်နေပုံ ရသည်။

ထိုစဉ် ရှောင်ဖိန်ထံမှ အကြောင်းကြားချက်ကို လင်းဟွမ် ကြားလိုက်ရသည်။

“နတ်ဘုရားမျိုးစေ့ တွေ့ထားတယ်။ အသိစိတ် ပြိုကျနေပြီ ကတ်တစ်ခုအဖြစ် ပြောင်းလဲချင်လား....”

“မင်းက ကတ်တစ်ခု ဖြစ်အောင် လုပ်ချင်လား...”

“ဘာ.....”

လင်းဟွမ် ကြောင်သွားသည်။ ထို့နောက် နတ်ဘုရားသွေးမျိုးစေ့ကို လှည့်ကြည့်ရာ အပြောင်းအလဲကို သတိထားလိုက်မိသည်။ ရှောင်ဖိန်၏ စကားအရ သူ့ရှေ့တွင်ရှိသော နတ်ဘုရား သွေးမျိုးစေ့မှာ နတ်ဘုရားမျိုးစေ့ ဖြစ်ရမည် ဖြစ်ကြောင်း မကြာခင် နားလည်သွားသဖြင့် ချက်ချင်း ခေါင်းငြိမ့်လိုက်ပြီး

“လုပ်မယ်....”

စကားဆုံး သွားသည်နှင့် နတ်ဘုရားသွေးမျိုးစေ့ကို မည်သည့်နေရာက ထွက်ပေါ်လာမှန်း မသိ ထွက်ပေါ်လာသော တောက်ပသည့် ရွှေရောင် အလင်များက ချက်ချင်း ဖုံးလွှမ်းသွားသည်။

အလင်းရောင်များ ဖုံးအုပ်သွားသောအခါ နတ်ဘုရားသွေးမျိုးစေ့က ပြင်းထန်စွာ တုန်ခါလာသည်။ ရွှေရောင်အလင်းများကို ဖယ်ရှားရန် ရုန်းကန်နေသည်။ မကြာခင် ရုန်းကန်ရင်း အားနည်းလာသည်။ အပြည့်အဝ ဖိနှိပ်ခြင်းခံလိုက်ရသည်။ မလှုပ်ရှားနိုင်တော့ချေ။

ထို့နောက် ရွှေရောင် တောက်ပလာပြီး ကတ်ပုံစံပြောင်းလဲသွားကာ ရွှေရောင် အလင်းများအဖြစ် ပြိုကွဲသွားပြီး လင်းဟွမ် မျက်ခုံးကြားထဲ စီးဝင်သွားသည်။

“နတ်ဘုရားမျိုးစေ့ (အစစ်အမှန် နတ်ဘုရားအဆင့်) ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

လင်းဟွမ်သည် အကြောင်းကြားချက်ကို ကြားသော်လည်း မတုံ့ပြန်နိုင်ပေ။ သူ့ခန္ဓာကိုယ်က တောင့်တင်းလာသည်။ သူ့ခေါင်းထဲ၌ ပြင်းထန်သော အော်ရာတစ်ခုက ဖိနှိပ်နေကြောင်း ခံစားမိသည်။ ကြီးမားသော တောင်ကြီးတစ်ခုက တက်ဖိထားသကဲ့သို့ပင်....။

လေထဲတွင် ရှိနေသော အနက်ရောင် ကတ္တရာစေးနှင့် တူသည့် စေးကပ်သော အရည်များက အက်ကွဲကြောင်းထဲ ပြန်လည် စီးဝင်သွားကာ ပျောက်ကွယ်သွားပြီး မကြာခင် အက်ကွဲကြောင်းလည်း အလုံပိတ်သွားသည်။

သို့သော်လည်း တိမ်လွှာများကြားတွင် ကြီးမားသော နတ်ဆိုး မျက်နှာကြီးတစ်ခု ဖြစ်ပေါ်လာပြီး ကမ္ဘာလေးကို ငုံ့ကြည့်နေသည်။ ထိုနတ်ဆိုး အမျိုးသမီး၏ မျက်နှာက မီတာ ထောင်ပေါင်းများစွာ ဖုံးလွှမ်းထားသည်။ အနက်ရောင် ကျောက်စိမ်းနှင့်တူသော မျက်လုံးတစ်စုံက လင်းဟွမ်ကို အသေစိုက် ကြည့်နေသည်။ ထို့နောက် လင်းဟွမ်ကို ကောင်းကင်ပေါ် ဆွဲခေါ်သွားပြီး

“သန့်ရှင်းမီးလျှံအဆင့် လူတစ်ယောက်က ငါ့ရဲ့ နတ်ဘုရား သွေးမျိုးစေ့ကို ဖျက်ဆီးနိုင်ခဲ့တယ်။ စိတ်ဝင်စားစရာပဲ၊ ကဲ လူသားလေး..... ငါ့နာမည် မှတ်ထား....၊ မရဏနတ်သမီး.... ငါ့ကိစ္စတွေ အဆုံးသတ်

ပြီးရင် မင်းဆီပြန်လာခဲ့မယ်။ နောက်တစ်ခါကျရင် လွယ်လွယ်နဲ့ ထွက်မပြေးနဲ့။ မင်းခန္ဓာကိုယ်က ကံကြမ္မာအရ ငါ့အပိုင်ပဲ……”

ထိုစကား ပြောပြီးနောက် နတ်ဆိုးမျက်နှာ၏ ဘယ်ဘက်မျက်လုံးက ရုတ်တရက် အနက်ရောင် တောက်ပလာသည်။

လင်းဟွမ်က သူရင်ဘတ်ပေါ်တွင် ပူစပ်ပူလောင် ဖြစ်သွားသည်ကို ခံစား လိုက်ရသည်။ ခေါင်းငုံ့ ကြည့်လိုက်ရာ ရင်ဘတ်ပေါ်တွင် အနက်ရောင် တံဆိပ်တစ်ခု ဖွဲ့စည်းလာကြောင်း တွေ့လိုက်ရသည်။ ထိုအချိန်၌ လေထဲရှိ အက်ကွဲကြောင်းလည်း လုံးဝ

ပိတ်သွားသည်။ နတ်ဆိုးမျက်နှာကလည်း မည်သည့် အခါကမှ မပေါ်ခဲ့ဖူးသလို ပျောက်ကွယ်သွားသည်။

ကမ္ဘာလေးကို ဖုံးအုပ်ထားသော တိမ်မည်းများ ကင်းရှင်းသွားပြီး လေတိုးသံများလည်း ရပ်တန့်သွားသည်။ မြေပြင်လည်း တုန်ခါခြင်း မရှိတော့ချေ။

လင်းဟွမ်က သူ့ရင်ဘတ်ပေါ်တွင် ရိုက်နှိပ်ထားသော တံဆိပ်ကို စိုက်ကြည့်ရင်း တိတ်ဆိတ်နေသည်။

အခန်း(၇၆၇) - ရှောင်ဖိန်၏ အကြံပေးချက်။

လင်းဟွမ်၏ ဘယ်ဘက်ရင်အုံပေါ်ရှိ တံဆိပ်ရိုက်နှိပ်ထားသော အရာမှာ သူ့အရေပြားပေါ်တွင် ဆေးမှင်ကြောင် ထိုးထားသကဲ့သို့ စွဲမြဲနေသည်။ ဒါသည် အရွယ်ရောက်ပြီးသော လူတစ်ယောက်၏ လက်သီးဆုပ် အရွယ်အစားခန့်ရှိပြီး ပုံသဏ္ဌာန်မှာ ရှုပ်ထွေးသော စုန်းအတတ် မှော်အက္ခရာနှင့် ဆင်တူ၏။

သို့သော်လည်း ဒါသည် စုန်းအတတ် မှော်အက္ခရာ မဟုတ်ကြောင်း လင်းဟွမ် ရှင်းရှင်းလင်းလင်း ပြောနိုင်သည်။ စုန်းအတတ် မှော်အက္ခရာ၏ မည်သည့်

အခြေခံလိုင်းကိုမှ မတည်ဆောက်ထားသဖြင့် အခြားနည်းစနစ်တစ်ခုနှင့် တည်ဆောက်ထားခြင်း ဖြစ်နိုင်သည်။ ပုံစံက စုန်းအတတ် မှော်အကွန်ရာနှင့် မတူပေ။ မည်ကဲ့သို့ ရိုက်နှိပ်ထားလဲ ဆိုသည်ကို မသိသော်လည်း ကောင်းသည့်အရာ မဟုတ်သည်မှာ အသေအချာပင်။

လင်းဟွမ်က မတ်တပ်ထရပ်ပြီး ခေါင်းအစ၊ ခြေအဆုံး သေသေချာချာ စစ်ဆေးနေသည်။ သူ၏ ဝိညာဉ်၊ သူ့ခန္ဓာကိုယ်ပေါ်ရှိ ကံကြမ္မာစက်ဝိုင်းနှင့် သူ့ခန္ဓာကိုယ်ထဲကိုလည်း စစ်ဆေးခဲ့သည်။ သူ့ဆံခြည်မျှင် တစ်ချောင်းကိုပင် လျစ်လျူမရှုခဲ့ချေ။ သုံးကြိမ်တိုင်တိုင်

အပြန်ပြန် အလှန်လှန် စစ်ဆေးခဲ့သော်လည်း ထူးခြားမှု ရှာမတွေ့ပေ။

“အဖြေရှာမရလို့ ပြဿနာ မရှိတာတော့ မဟုတ်ဘူး...”

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

လက်ကို ဆန့်ထုတ်လိုက်ရာ မှင်အမွှေး ဓါးမြှောင်သည် သူ့လက်ပေါ် ဆင်းသက်လာသည်။ သူ့ဓါးမြှောင်ကို ကိုင်ပြီး တီရှပ်အင်္ကျီ၏ ကော်လံကို ဆုတ်ဖြဲ ပစ်လိုက်သည်။ ထို့နောက် နောက်တစ်ကြိမ် ခေါင်းပြန်ငုံ၍ ဘယ်ဘက် ရင်အုံပေါ်မှ အမှတ်အသားကို စစ်ဆေး လိုက်သည်။

“အရိုးရှင်းဆုံး နည်းနဲ့ ဖယ်ရှားနိုင်မလား ကြည့်ရအောင်...”

စကား ပြောပြီးသည်နှင့် ညာဘက်လက်မှ မှင်အမွှေးကို ကိုင်ပြီး ရင်ဘတ်ကို ထိုးဖောက်လိုက်သည်။ ခါးမြှောင်၏ ထိပ်ဖျားက ရင်ဘတ်အရိုးကို ထိသည်နှင့် ခါးမြှောင်အား ထိုးသွင်းနေခြင်းက တန့်ခနဲ ရပ်တန့်သွားသည်။ ထို့နောက် အမှတ်အသား တံဆိပ်နှင့် တစ်စင်တီမီတာ အကွာမှကပ်၍ အရေပြားကို လှီးထုတ်လိုက်သည်။

မကြာခင် ရင်ဘတ်ပေါ်တွင် စက်ဝိုင်းပုံစံ ဒဏ်ရာတစ်ခု ဖြစ်ပေါ်လာသည်။ လင်းဟွမ်သည် နာကျင်မှုကို

အံကြိတ်တောင့်ခံပြီး ဓါးမြှောင်ကို ရင်ဘတ်ထဲ ပိုနက်အောင် ထိုးစိုက်လိုက်သည်။ ညည်းတွားသံများ ပေါ်လာသည်။ မကြာခင် ခန္ဓာကိုယ်ပေါ်မှ ထူးဆန်းသော အမှတ်အသားကို စက်ဝိုင်းပုံစံ လှီးထုတ်လိုက်သည်။

လင်းဟွမ်သည် သူ့ကိုယ်သူ မည္ဘာတာဘဲ ရက်စက်ခဲ့သည်။ ခန္ဓာကိုယ်မှ အသားများကို လှီးထုတ်သောအခါ ရင်ဘတ် အရိုးကိုပင် ရှင်းရှင်းလင်းလင်း မြင်နေရ၏။ သို့သော်လည်း သူ၏ မြင့်မြတ်သော ပြန်လည် ကုသရေးစွမ်းရည်ကြောင့် သူ့အသားမှာ သာမန်မျက်စိနှင့် မြင်နိုင်သောနှုန်းဖြင့် ပြန်လည် ကြီးထွားလာခဲ့သည်။

နှစ်စဉ်ကန့်မပြည့်ခင် ဒဏ်ရာမှာ အနာကျက်သွားပြီး အမာရွတ်ပင် မကျန်ခဲ့ချေ။ မသိပါက အရင်ကတည်းက ဒဏ်ရာ တစ်ခါမှ မရဖူးသကဲ့သို့ပင်။ အမာရွတ်ပင် မရှိချေ။ သို့သော်လည်း ပြန်လည် ကြီးထွားလာသော အသားပေါ်တွင် အမှတ်အသားကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ ပုံနှိပ်ထားသော အနေအထားအတိုင်း အတိအကျ တူညီနေပြီး အရွယ်အစား၊ ရှုထောင့်၊ နေရာ မပြောင်းလဲပေ။

လင်းဟွမ်၏ အသားကို ယခင်က တစ်ခါမှ မလှီးထုတ်ခဲ့သလိုပင်။ အကယ်၍ သူ့လက်ထဲ ဆုပ်ကိုင်ထားသော ဓါးမြှောင်ပေါ်တွင် သွေးများမရှိပါက

ယခု အဖြစ်အပျက်အား ထင်ယောင်ထင်မှား ဖြစ်နေသည်ဟု လင်းဟွမ် ထင်မိလိမ့်မည်။ အထူးဆန်းဆုံး အချက်မှာ လှီးထုတ်ထားသော အသားပေါ်မှ အမှတ်အသား ပျောက်ကွယ်သွားခြင်းပင်။

“အလုပ် မဖြစ်ဘူး...”

ဒါသည် လင်းဟွမ် မျှော်လင့်ထားသော ရလဒ်ပင် ။ ဤကဲ့သို့ ကြမ်းတမ်း အရိုင်းဆန်သော နည်းလမ်းက အမှတ်အသားကို မဖယ်ထုတ်နိုင်ကြောင်း ရိုးရိုးရှင်းရှင်း အတည်ပြုခဲ့ခြင်းပင်....။

“အမှတ်အသားက မင်း ခန္ဓာကိုယ်ကို ပစ်မှတ်ထားတာ.။ မင်း ခန္ဓာကိုယ်ပေါ်မှာ အသက်ဓာတ်

ရှိနေသရွေ့ မပျောက်ကွယ်ဘူး.။ ဒါက နတ်ဆိုးမျက်နှာ ပြောခဲ့တဲ့အတိုင်းပဲ။ မင်းခန္ဓာကိုယ် အပေါ်မှာပဲ မူတည်နေတာ...”

လင်းဟွမ်၏ အက်ဗ်ျီလက်စထဲမှ သွေးရဲရဲလေးက လျှောထွက်လာပြီး ပြောလိုက်သည်။

“ပြောချင်တာက ငါမသေဘဲ ငါ့ခန္ဓာကိုယ် ရှိနေရင် ဒီအမှတ်အသားက မပျောက်ကွယ်ဘူးပေါ့...”

လင်းဟွမ် ကူကယ်ရာမဲ့သွားသည်။

မြင့်မြတ်သော ပြန်လည်ကုသရေး စွမ်းရည်ကြောင့် ကြီးကြီးမားမား ပျက်စီးခြင်းမရှိပါက ခန္ဓာကိုယ်၏ အသက်ဓာတ်မှာ ပျောက်ဆုံးလိမ့်မည် မဟုတ်ချေ။

သူ့ခန္ဓာကိုယ်၏ အသက်ဓာတ် ပျောက်ဆုံးသွားသည့်တိုင်အောင် ဆိုလျှင် နှစ်ပေါင်းသောင်းချီ၍ တည်ရှိနေလိမ့်မည်။

"ဟုတ်တယ်။ အဲ့ဒီ အမျိုးသမီးက အနည်းဆုံးတော့ အတုယောင်နတ်ဘုရား ဖြစ်လိမ့်မယ်...။ နောက်ပြီးတော့ မင်းခန္ဓာကိုယ်ပေါ်မှာ ကျန်ရစ်ခဲ့တဲ့ အကြွင်းအကျန်တွေထဲမှာလည်း နတ်စွမ်းအင်တွင် အများကြီး ပါနေတယ်။ ဒီအစွမ်းက နောက်တစ်ဆင့်မြင့်သွားပြီ။ နတ်ဘုရားတွေကပဲ ဖယ်ရှားနိုင်လိမ့်မယ်..."

သွေးရဲရဲလေးက ထပ်ပြောလိုက်သည်။

“နောက်ထပ် သတင်းဆိုးတစ်ခု ရှိသေးတယ်။ အနည်းဆုံးတော့ သူမက အစစ်အမှန် နတ်ဘုရားပဲ...”

လင်းဟွမ်က ကူကယ်ရာမဲ့စွာ ပြောလိုက်သည်။

လင်းဟွမ်သည် နတ်ဘုရားမျိုးစေ့ကို ကတ်ပုံစံ ပြုလုပ်ပြီးနောက် မသိမ်းခင် ရှောင်ဖိန်၏ အကြောင်းကြားချက်ကို ကြားလိုက်သောကြောင့် တစ်ကြိမ် ကြည့်ဖူးသည်။ နတ်ဘုရားမျိုးစေ့ ဘေးတွင် အစစ်မှန်နတ်ဘုရားဟု ဖော်ပြ ထားသည်။ မရဏနတ်သမီး၏ နာမည်မှာ မည်သူမှ မစော်ကားနိုင်သော မွန်းစတားတစ်ကောင်ဟု အသံ ထွက်နေသည်။

အစစ်အမှန်နတ်ဘုရား အဆင့်တွင် ရှိနေပြီး နတ်ဘုရား သွေးမျိုးစေ့ပေါင်း သုံးထောင်ကျော် ဖြန့်ကျက်ထားသည်။ ထို့ကြောင့် အနည်းဆုံး အစစ်မှန်နတ်ဘုရား သို့မဟုတ် ပို၍ပင် အားကောင်း နိုင်သည်။

လင်းဟွမ်သည် ကံကြမ္မာမီးစာ မွန်းစတားတစ်ကောင် ရှာဖွေရုံမျှသာ။ ကိစ္စက ဤမျှ ရှုပ်ထွေးလာလိမ့်မည်ဟု မည်သည့်အချိန်ကမျှ မမျှော်လင့်ခဲ့ပေ။ အကြိမ်နှစ်ဆယ် သတ်ခဲ့သည်မှလွဲ၍ ဆရာကြီး ရောက်လာအောင် မဆွဲဆောင်ခဲ့မိပါ……။ သူသည် အပြစ်ကင်းလှ၏…..။

“ထားပါတော့... ဘာမှ မစဉ်းစားတော့ဘူးကွာ။ ဒီနေရာက ထွက်ပြီးမှပဲ အဖြေတစ်ခုခု စဉ်းစားမယ်...”

လင်းဟွမ်သည် ခေါင်းခါပြီး အတွေးများ မောင်းထုတ်လိုက်သည်။ ဓါးမြှောင်အားလုံး ပြန်သိမ်းပြီးနောက် သူ့ဘယ်ဘက်လက်ပေါ်က အသားကို ချေမှုန်ပျောက်ကွယ်အောင် လုပ်လိုက်သည်။

“ငရဲဝိညာဉ်ရဲ့ ခန္ဓာကိုယ် ပျက်စီးသွားတာ ဆိုးတယ်။ သူ့ရဲ့မီးစာကို ထုတ်ယူဖို့ အချိန်မရလိုက်ဘူး... ဟူးးး.....နောက်ထပ် မီးစာမွန်းစတားတစ်ကောင် ရှာရဦးမယ်...”

လင်းဟွမ်သည် နတ်ဘုရားသတ် အမြောက်ကြောင့် ဖြစ်ပေါ်လာသော တွင်းကြီးကို ငုံ့ကြည့်ရင်း ပြောလိုက်သည်။

ငရဲဝိညာဉ်၏ အလောင်း မကျန်ရစ်ခဲ့ပေ။

နတ်ဘုရားသတ် အမြောက်ကြောင့် ဖြစ်ပေါ်လာသည့် မြင့်မားသော အပူရှိန်ကြောင့် ပျက်စီးသွားသည်မှာ အထင်အရှားပင်။

လင်းဟွမ် ထွက်ခွာရန် လုပ်လိုက်စဉ် ရှောင်ဖိန်အသံ ရုတ်တရက် ပေါ်လာသည်။

“မင်းအတွက် မီးစာ ကူပြီး ထုတ်ပေးထားတယ်”

“ဘယ်တုန်းက ထုတ်လိုက်တာလဲ။ ဘာဖြစ်လို့ ငါ မသိရတာလဲ...”

လင်းဟွမ် ထူးဆန်းသွားသည်။

မီးစာ ထုတ်ယူချင်ပါက အသတ်ခံရသည့် မွန်းစတားအလောင်းကို တစ်ကြိမ်ထိရန် လိုအပ်သည်။ လင်းဟွမ်သည် ငရဲဝိညာဉ်အလောင်းကို တစ်ကြိမ်မှ မထိခဲ့ရပေ။ သို့သော်လည်း ရှောင်ဖိန်က မီးစာထုတ်ယူခဲ့ကြောင်း ပြောလာခဲ့သည်။

“နတ်ဘုရားမျိုးစေ့ကို မီးစာအဖြစ် သုံးနိုင်တာလား။ ဒါက အစစ်မှန်နတ်ဘုရား အဆင့်မှာရှိတဲ့ နတ်ဘုရားမျိုးစေ့ မဟုတ်ဘူးလား။ ဒါကို

အသက်သွင်းဖို့အတွက် ငါ့ဆီမှာ လုံလောက်တဲ့ အခွင့်အာဏာ ရှိပါ့မလား...”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

“ဒါက တကယ်ပဲ အစစ်မှန် နတ်ဘုရားအဆင့်ပဲ။ ဒါပေမယ့် နတ်ဘုရားမျိုးစေ့ကို အတုပြုလုပ်ထားလို့ သန့်ရှင်းမီးလျှံအဆင့်နဲ့ အသုံးပြုလို့ရတယ်။ သူ့ရဲ့ အလောင်းကလည်း တိုက်ခိုက်ရေးအဆင့် နိမ့်တယ်။ အသက်သွင်းထားတဲ့ အခြေအနေကလည်း လက်သင် အဆင့်မှာပဲ ရှိသေးတယ်။ ဒါကြောင့် အသက်သွင်းဖို့အတွက် လိုအပ်တဲ့ အခွင့်အာဏာက နည်းပါးလို့ မင်း သုံးနိုင်တာ”

“ဒါကို မီးစာအဖြစ် အသုံးပြုနိုင်တာ သေချာလို့လား။ အနာဂတ် နောင်တစ်ချိန်မှာ ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့် မြှင့်တင်မှုကို မထိခိုက်နိုင်ဘူးလား...”

လင်းဟွမ်က စိုးရိမ်နေသေးသည်။

“ငါ သေသေချာချာ လေ့လာ သုံးသပ်ပြီးပြီ။ နတ်ဘုရားမျိုးစေ့က လူခန္ဓာကိုယ်မှာရှိတဲ့ မီးစာရဲ့ ပင်မဖွဲ့စည်းပုံနဲ့ (၇၀) ရာခိုင်နှုန်း တူတယ်.။ ဖန်တီးထားတဲ့လူက မီးစာရဲ့ဖွဲ့စည်းပုံကို အတုယူပြီး ဖန်တီးထားလို့ လူသားခန္ဓာကိုယ်နဲ့ သဟဇာတ ဖြစ်နိုင်တယ်..။. ပိုတောင် သန်မာသေးတယ်။ ဒါကို မီးစာအဖြစ် သုံးလို့ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်

မြင့်တင်မှူအပေါ် သက်ရောက်မှု ရှိမှာမဟုတ်ဘူး။ အဲ့ဒီအစား မင်းတောင် ပိုပြီး သန်မာလာဦးမယ်။ တကယ်လို့ နောင်တစ်ချိန်မှာ မင်းရဲ့ တိုက်ခိုက်ရေး အဆင့် မြင့်တင်မှူအပေါ် သက်ရောက်မှု ရှိခဲ့မယ်ဆိုရင် ငါက ကတ်ပုံစံ ပြန်ပြောင်းနိုင်တယ်...”

“အဲ့ဒီနောက်မှ အစားထိုးဖို့ မီးစာအသစ် ရှာလို့ ရပါတယ်”

လင်းဟွမ်က သူ့မေးစေ့ကိုပွတ်ရင်း စဉ်းစားပြီးနောက် ရှောင်ဖိန်၏ အဆိုပြုချက်ကို သဘောတူလိုက်သည်။

“ကောင်းပြီလေ... ဒါဆိုလည်း မီးစာအဖြစ် သုံးမယ်...”

ငရဲဝိညာဉ်ကဲ့သို့ မီးစာမွန်းစတား တစ်ကောင်ကို ရှာဖွေရန် မလွယ်ကူပေ။ အကယ်၍ သူသာ နတ်ဘုရားမျိုးစေ့ကို အသုံးမပြုပါက သင့်တော်သည့် မီးစာမွန်းစတားတစ်ကောင်ကို ရှာဖွေရန် လအနည်းငယ် အချိန်ယူရလိမ့်မည်။

မစ္စတာဖူး ဖြစ်ဖြစ်၊ အသူရာ ချောက်နက်ကြီး ဖြစ်ဖြစ် မည့်သည့်အရာကမှ သူ့ကို အချိန်ဖြုန်းခွင့် မပေးထားချေ။

လင်းဟွမ်သည် စိတ်ထဲ၌ တွေးတောဆုံးဖြတ်ပြီးနောက် နတ်ဘုရားမျိုးစေ့ကတ်ကို ထုတ်ယူလိုက်သည်။

လင်းဟွမ် လက်ဖဝါးထက်တွင် ရွှေရောင်ကတ် တစ်ခုက ဝဲပျံနေသည်။ ကတ်ပေါ်တွင် ကာတွန်းပုံစံ စိန်နှင့်တူသော အနက်ရောင် သလင်းကျောက်တစ်ခု ရှိသည်။ ၎င်းမျက်နှာပြင်ပေါ်တွင် အနက်ရောင် မြူခိုး အလွှာတစ်ခု ရှိနေပြီး ယခင်က လင်းဟွမ်မြင်ခဲ့ဖူးသော ပစ္စည်းနှင့် တစ်ထေရာတည်း တူနေ၏။

လင်းဟွမ်သည် ကတ်ကို ခေတ္တမျှ စိုက်ကြည့်ပြီးနောက် အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်သည်။ လက်ချောင်းနှစ်ချောင်းကို အားထည့်ပြီး ကတ်ပြားကို ချေမွှလိုက်သည်။

အခန်း(၇၆၈) - ရွှေရောင် မီးလျှံအဆင့် တက်လှမ်းခြင်း။

လင်းဟွမ်၏ လက်ချောင်းထဲတွင် ရွှေရောင်ကတ်ကကြေမွသွားသည်။ မကြာခင် အနက်ရောင် အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲပြီး လင်းဟွမ်၏ရင်ဘတ်ထဲထိုးဖောက် ဝင်ရောက်သွားသည်။

လင်းဟွမ်သည် အတွေးထဲမှ ရုန်းထွက်ပြီး သူ့ခန္ဓာကိုယ်အတွင်းမှ ဖြစ်ပေါ်နေသော အပြောင်းအလဲများကို ဂရုတစိုက် စောင့်ကြည့်လိုက်သည်။

အကယ်၍ နတ်ဘုရား သွေးမျိုးစေ့က မူလ အခြေအနေတွင် ရှိနေပါက သူ့ခန္ဓာကိုယ်ထဲ ထည့်သွင်းခဲ့မည် မဟုတ်ပေ။ ဒါသည် အစစ်အမှန် နတ်ဘုရားအဆင့် ဖြစ်သောကြောင့် ပြဿနာတစ်ခုခု ရှိနေပါက သူ့အသက်ပေါ် လောင်းကြေး ထပ်ရလိမ့်မည်။

သို့သော်လည်း ရှောင်ဖိန်က ဒါကို ကတ်အဖြစ် ပြောင်းလဲပြီးနောက် အသုံးပြုရန် စိတ်အေးသွားသည်။

နတ်ဘုရားမျိုးစေ့ကို ခန္ဓာကိုယ်ထဲ ထည့်သွင်းပြီးနောက် ၎င်းသည် လင်းဟွမ်၏ ပင်မ ကံကြမ္မာစက်ဝိုင်းထဲ ဝင်သွားပြီး အနက်ရောင်မီးစာ ဖြစ်လာသည်။ အနက်ရောင်မီးစာ ဖွဲ့စည်းပြီးသည်နှင့်

လင်းဟွမ် ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာ စွမ်းအားများကို စတင် ဝါးမျိုလာသည်။ သာမန် မျက်စိနှင့် မြင်နိုင်သောနှုန်းဖြင့် လျင်မြန်စွာ ကျယ်ပြန့်လာသည်။ သုံးမိနစ်မပြည့်ခင် ပင်မ ကံကြမ္မာစက်ဝိုင်းထဲရှိ တိုင် (၃၆၀) က ခရမ်းရောင် ကံကြမ္မာစွမ်းအားများ ကုန်ဆုံးသွားသည်။

လင်းဟွမ်က အခြားသော ကံကြမ္မာစက်ဝိုင်း (၉) ခုကို အသက်သွင်းပြီး လစ်ဟာသွားသော ကံကြမ္မာစက်ဝိုင်းထဲ ကံကြမ္မာစွမ်းအားများ ဖြည့်သွင်းရန် လုပ်လိုက်သည်။ ထိုအခါ အနက်ရောင်မီးစားက ကံကြမ္မာစွမ်းအားများကို ပိုမို ဝါးမျိုနိုင်လိမ့်မည်။

သူ လုပ်ခါနီးခ္ဍ အနက်ရောင် မီးစာလေးက (၁၀) မီတာအထိ မြင့်တက်လာပြီး အနက်ရောင် အခိုးအငွေ့ လွှတ်ထုတ်ကာ ၎င်းဘေးနားရှိ ကံကြမ္မာမီးလျှံ လေးခုလုံးကို ဖုံးလွှမ်းသွားသည်။

ထိုအဖြစ်အပျက်ကို မြင်လျှင် လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။ အပြောင်းအလဲက အကောင်းလား၊ အဆိုးလား ဆိုသည်ကို မပြောနိုင်ပေ။

မကြာခင် ခရမ်းရောင် ကံကြမ္မာမီးလျှံလေးခုသည် အနက်ရောင် အခိုးအငွေ့များ ဖုံးလွှမ်းထားသောကြောင့် အနက်ရောင်များ စွန်းထင်းလာသည်။ အရောင်ပြောင်းလဲ

သွားရုံသာမက ၎င်းတို့က အနက်ရောင်မီးလျှံနှင့် စတင်ပေါင်းစပ်လာသည်။

သဘာဝအားဖြင့် သူ၏မီးစာသည် ကံကြမ္မာမီးလျှံ ငါးခု ဖြစ်သင့်ကာ ငါးခုရှိရပေလိမ့်မည်။ သို့သော်လည်း အစကတည်းက တည်ရှိခဲ့သော ကံကြမ္မာမီးလျှံ လေးခုသည် အနက်ရောင် ကံကြမ္မာမီးလျှံနှင့် ပေါင်းစည်းပြီး ကံကြမ္မာမီးလျှံ တစ်ခုတည်းအဖြစ် ဖွဲ့စည်းသွားသည်။

“ရှောင်ဖိန်... ။ အခု အဖြစ်အပျက်က ပုံမှန်ဟုတ်တာ သေချာရဲ့လား...”

လင်းဟွမ်က ထူးဆန်းသောဖြစ်စဉ်ကို မရပ်ခဲ့ပေ။ အဆင့်တက်ခြင်း လုပ်ငန်းစဉ်က တစ်နည်းနည်းနှင့် ပုံမှန်အတိုင်း ဖြစ်နေကြောင်း ခံစားနေရသောကြောင့် ဖြစ်သည်။ အဆင့်တက်ခြင်း ကျရှုံးမည့် လက္ခဏာ မပြသေးပေ။

“နတ်ဘုရားမျိုးစေ့က အစွမ်းထက်လွန်းလို့ ဖြစ်နိုင်တယ်... မင်းမှာရှိနေတဲ့ ကံကြမ္မာမီးစာတွေကို အစားအနေနဲ့ ဝါးမျိုလိုက်တာ ဖြစ်နိုင်တယ်...”

“နတ်ဘုရားမျိုးစေ့ကို ခွဲထုတ်ဖို့ လုပ်ငန်းစဉ်ကို ရပ်တန့်လိုက်ရမလား....။ ပေါင်းစည်းမှု မပြီးခင် အချိန်မရွေး ခွဲထုတ်နိုင်တယ်။ ဒါပေမယ့် ပေါင်းစည်းမှု

ပြီးသွားရင်တော့ ခွဲထုတ်နိုင်ပါဦးမလား ဆိုတာ မသေချာတော့ဘူးနော်...”

လင်းဟွမ်သည် ရှောင်ဖိန်၏စကားကို ကြားလျှင် တွေဝေသွားသည်။ အဆင့်တက်ခြင်း လုပ်ငန်းစဉ်က မည်ကဲ့သို့ လုပ်ဆောင်ကြောင်း သေသေချာချာ မသိသော်လည်း ၊ နားမလည်ဘဲ ဆင်ကန်းတောတိုး လုပ်ခြင်းက မကောင်းနိုင်ဘူးဟု ယောင်ဝါးဝါး ခံစားမိသည်။

သို့သော်လည်း ကံကြမ္မာမီးလျှံများက နတ်ဘုရား မျိုးစေ့နှင့် ပေါင်းစည်းလာသည်ကို မြင်လျှင်

လင်းဟွမ်သည် သတ္တိရှိရှိ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

“မတားဘူး။ နောက်ပိုင်း ဘယ်လိုပုံစံ ဖြစ်လာမလဲ ဆိုတာ ကြည့်ချင်သေးတယ်...”

လင်းဟွမ်၏ ကံကြမ္မာစက်ဝိုင်းထဲက ကံကြမ္မာမီးလျှံ လေးခုသည် အနက်ရောင် ကံကြမ္မာမီးလျှံနှင့် ပေါင်းစပ်သွားသည်။ အနက်ရောင် ကံကြမ္မာမီးလျှံမှာ မီတာ (၃၀၀) အထိ မြင့်တက်လာပြီး အမြင့်ဆုံးဖြစ်သော ကံကြမ္မာမီးလျှံနှင့် အမြင့်ချင်း တူလာသည်။

သို့သော်လည်း လင်းဟွမ်သည် ယခုလက်ရှိ ကံကြမ္မာမီးလျှံ အသစ်က ယခင်လေးခုထက် ပိုမို အားကောင်းကြောင်း ခံစားမိသည်။

လင်းဟွမ် မတုံ့ပြန်နိုင်ခင် သူ့ ပင်မ ကံကြမ္မာစက်ဝိုင်းထဲရှိ အနက်ရောင် မီးလျှံသည် ကိုးလက်မအရွယ် မီးလျှံများအဖြစ် ရုတ်တရက် ကွဲထွက်သွားပြီး ကျန်သည့် ကံကြမ္မာစက်ဝိုင်း ကိုးခုထံ ပစ်လွှတ်လိုက်သည်။ မကြာခင် ကျန်သည့် ကံကြမ္မာစက်ဝိုင်း ကိုးခုထဲ၌ ပင်မ ကံကြမ္မာ စက်ဝိုင်းထဲနှင့် တူညီသော အဖြစ်အပျက်များ ဖြစ်ပေါ်လာသည်။

အနက်ရောင် ကံကြမ္မာမီးလျှံက မီးလျှံများနေရာတွင် အပြည့်အဝ အစားထိုးသွားသည်။ အနက်ရောင် ကံကြမ္မာမီးလျှံ (၁၀) ခု ဖွဲ့စည်းပြီးသည်နှင့် လင်းဟွမ်သည် အနက်ရောင် ကံကြမ္မာမီးလျှံထံမှ ထွက်ပေါ်လာသော ဆာလောင်မှု ခံစားချက်ကို မရေမရာ ခံစားလိုက်မိသည်။ တချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာစွမ်းအားများကို ကံကြမ္မာစက်ဝိုင်းထဲ လျင်မြန်စွာ ဆွဲခေါ်သွားပြီး အနက်ရောင် ကံကြမ္မာမီးလျှံက ဝါးမျိုသွားသည်။

လင်းဟွမ်က ကံကြမ္မာစွမ်းအား ပြန်လည် ဖြည့်သွင်းခြင်းကတ်ကို ချက်ချင်း ဆွဲထုတ်ပြီး ဆုတ်ချေ

လိုက်ပြီး ခန္ဓာကိုယ်ထဲသို့ ကံကြမ္မာစွမ်းအားများ ပြန်လည် ဖြည့်သွင်းလိုက်သည်။ သုံးမိနစ် မပြည့်ခင် ပထမဦးဆုံး ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်သွင်းခြင်း ကတ် ကုန်ဆုံးသွားသည်။ အချိန်တိုလေးအတွင်းမှာပင် ဒုတိယမြောက်နှင့် တတိယမြောက် ကံကြမ္မာစွမ်းအား ပြန်လည် ဖြည့်သွင်းခြင်းကတ်များလည်း ကုန်ဆုံး သွားခဲ့သည်။

အနက်ရောင် ကံကြမ္မာမီးလျှံသည် မီတာတစ်ထောင်အထိ မြင့်တက် လာခဲ့သော်လည်း နောက်ထပ် ဆာလောင်နေဆဲပင်.....

“ငါ့ရဲ့စွမ်းအား ထောက်ပံ့မှုက မလုံလောက်သေးဘူး...”

လင်းဟွမ် မျက်မှောင်ကြုတ်လိုက်သည်။

ထို့နောက် ချက်ချင်းဆိုသလို ကံကြမ္မာသလင်းကျောက် အများအပြား ထုတ်ယူပြီး ကံကြမ္မာမီးလျှံကို အစာကျွေးရန် စတင်စုပ်ယူလိုက်သည်။ သို့သော်လည်း သမုဒ္ဒရာထဲ ကျသွားသော ရေတစ်ပေါက်ကဲ့သို့ ပျောက်ကွယ်သွားသည်။

တစ်မိနစ် နည်းအချိန်တွင် ကံကြမ္မာစွမ်းအားကို ဖြည်းဖြည်းချင်း စုပ်ယူပြီးနောက် သူ့ခန္ဓာကိုယ်အတွင်းရှိ

အနက်ရောင် ကံကြမ္မာမီးလျှံက ကံကြမ္မာစွမ်းအား ဆာလောင်မွတ်သိပ်မှုကို ကျေနပ် ရောင့်ရဲနိုင်ခြင်း မရှိတော့ချေ။

ကံကြမ္မာစက်ဝိုင်းထဲရှိ အနက်ရောင် ကံကြမ္မာမီးလျှံက အနက်ရောင် အခိုးအငွေ့များကို စတင်ထုတ်လွှင့်လာပြီး လင်းဟွမ်က ကံကြမ္မာမီးလျှံ၏ အတွေးကို ခန့်မှန်းနိုင်ခဲ့သည်။ ကံကြမ္မာသလင်းကျောက်ကို သူ့ဘာသာသူ ဝါးမျိုနိုင်ရန် အနက်ရောင် အခိုးအငွေ့များ ထုတ်လွှတ်ချင်နေသည်။

“ကောင်းပြီလေ... မင်းကိုယ်တိုင် လုပ်ချင်လည်း လုပ်...”

လင်းဟွမ်ထံမှ ခွင့်ပြုချက်ရပြီးနောက် မကြာခင် ကံကြမ္မာစက်ဝိုင်းထဲမှ အနက်ရောင် အခိုးအငွေ့များ ပျောက်ကွယ်သွားသည်။ ထို့နောက် လင်းဟွမ်၏ ရင်ဘတ်မှတစ်ဆင့် လက်တွေ့ကမ္ဘာထဲသို့ စိမ့်ထွက်လာသည်။

အနက်ရောင် အခိုးအငွေ့များသည် ကိုယ်ပိုင် အသိစိတ်ရှိပုံ ရပြီး ဤနေရာရှိ ကံကြမ္မာသလင်းကျောက်များကို ဖုံးအုပ်သွားကာ ကံကြမ္မာစွမ်းအားများကို စုပ်ယူ တော့သည်။ ကံကြမ္မာသလင်းကျောက်များသည် နေရောင်အောက်မှ နှင်းများကဲ့သို့ လျင်မြန်စွာ ကျုံ့ဝင်သွားသည်။

တစ်မိနစ် မပြည့်ခင် လင်းဟွမ်ရှေ့ရှိ ကံကြမ္မာသလင်းကျောက် အားလုံးကို အနက်ရောင် အခိုးအငွေ့က စုပ်ယူသွားခဲ့ပြီ။

လင်းဟွမ်က ကံကြမ္မာသလင်းကျောက်များ ထပ်မံ ထုတ်ယူပြီး စုပုံလိုက်သည်။

ထို့နောက် အနက်ရောင် မြှုခိုးများက ထိုဧရိယာကို ဖုံးလွှမ်းသွားပြီး ကံကြမ္မာသလင်းကျောက်များကို စတင် ဝါးမျိုတော့သည်။ အနက်ရောင်မြှုခိုးက ကံကြမ္မာ သလင်းကျောက်များကို ဖုံးလွှမ်းပြီး ဝါးမျိုနေသောနှုန်းမှာ လင်းဟွမ် စုပ်ယူနိုင်သည့်နှုန်းထက် ကျော်လွန်သွားခဲ့ပြီ။

အနက်ရောင် မြူခိုးများက ကံကြမ္မာ သလင်းကျောက်ကို စုပ်ယူနေစဉ် အနက်ရောင် ကံကြမ္မာမီးလျှံက ဆက်လက် ကြီးထွားလာနေကြောင်း လင်းဟွမ် သတိထားလိုက်မိသည်။ ၎င်း၏ အမြင့်မှာ မီတာတစ်ထောင်မှ နှစ်ထောင်အထိ ကြီးထွားလာပြီး မီတာသုံးထောင် အထိ ရောက်ရှိလာသည်။

မီတာတစ်သောင်း ရောက်ရှိသွားသော အခါမှသာ ကြီးထွားမှု ရပ်တန့်သွားသည်။

သုံးနာရီ ကျော်သွားခဲ့ပြီ....

လင်းဟွမ်သည် သူ့ သိုလှောင်လက်စွပ်ထဲမှ ကံကြမ္မာသလင်းကျောက် တစ်ဘီလီယံခန့် အသုံးပြုခဲ့ကြောင်း တွေ့လိုက်ရသည်။

မီးစာက ဤနှုန်းဖြင့် စွမ်းအားများကို ဆက်လက်စုပ်ယူနေပါက ၎င်းကိုကျွေးရန် မည်ကဲ့သို့ ပြုလုပ်ရတော့မှန်း လင်းဟွမ် မသိတော့ချေ။

“ကဲ... ငါ့ရဲ့ သာယာနေတဲ့ ဘဝလေးတော့ သွားပါပြီကွာ....”

လင်းဟွမ်က ပါးစပ်ကွေးပြီး အားတင်းကာ ပြုံးလိုက်သည်။ မီးစာကြောင့် ဤမျှ ဆင်းရဲသွားလိမ့်မည်ဟု တစ်ခါမျှ မတွေးခဲ့မိပေ။

ကံကြမ္မာစက်ဝိုင်းထဲရှိ ကံကြမ္မာမီးလျှံက မီတာတစ်သောင်း အမြင့်သို့ ရောက်ပြီးနောက် နောက်ဆုံး၌ နတ်ဘုရားမျိုးစေ့က စိတ်ကျေနပ်မှု ရသွားကြောင်း ခံစားမိပြီး အနက်ရောင် အခိုးအငွေ့များကို ပြန်ရုတ်သိမ်းကာ လင်းဟွမ်၏ ခန္ဓာကိုယ်ထဲ ဖြည်းဖြည်းချင်း ပြန်စိမ့်ဝင်သွားသည်။

ကံကြမ္မာမီးလျှံ တုန်ခါလာပြီးနောက် လင်းဟွမ် ကံကြမ္မာစက်ဝိုင်း (၁၀) ခုထဲမှ ကုန်ဆုံးအောင် စုပ်ယူသွားခဲ့သော ကံကြမ္မာစွမ်းအားများသည် သုံးမိနစ်အတွင်း ပြန်လည် ပြည့်ဝလာသည်။

အနက်ရောင် ကံကြမ္မာစွမ်းအားများက လင်းဟွမ် ခန္ဓာကိုယ်ထဲ စတင် စီးဆင်းလာပြီး သူ၏ သွေးကြောများထဲရှိ ဆဲလ် တစ်ခုချင်းစီတိုင်းကို ပြန်လည်အားဖြည့်ကာ တည်ဆောက်ပေးနေသည်။

ကံကြမ္မာစွမ်းအား ပြန်လည် ဖြည့်သွင်းသည့်နှုန်းမှာ မိနစ် (၂၀) ပင် မကြာခဲ့သောကြောင့် ယခင်ကထက် ပို၍ မြန်နေသည်။

ရွှေရောင်မီးလျှံအဆင့် အဆင့် တက်လှမ်းမှုမှာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီ။

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲတွင် ကံကြမ္မာမီးလျှံတစ်ခုသာ ကျန်ရစ်ခဲ့သော်လည်း

ယခင်ကထက် (၁၀) ဆ ပိုမို သန်မာလာသည်ဟု ခံစားရသည်။

သူ့လက်ဖဝါးထဲတွင် ရွှေ့လျားနေသော ကံကြမ္မာစွမ်းအားကို ကြည့်လိုက်ရာ ကံကြမ္မာစွမ်းအား အရည်အသွေးမှာ သန့်ရှင်းမီးလျှံအဆင့် အစွမ်းထက် သာလွန်နေကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိသည်။ တိတိကျကျ ပြောရလျှင် သူ၏ကံကြမ္မာစွမ်းအားက အင်မော်တယ် အဆင့်နှင့်ပင် ယှဉ်နိုင်သည်။

“နောက်ဆုံးတော့ ရွှေရောင် မီးလျှံအဆင့် ရောက်ပြီကွ....ကံကြမ္မာမီးလျှံ ငါးခုကို အသုံးပြုတာက မှန်ကန်တဲ့ ကျင့်ကြံနည်းလို့ ထင်ခဲ့ဖူးပေမယ့် အမှန်က

ကံကြမ္မာမီးလျှံ ငါးခုကို တစ်ခုတည်းဖြစ်အောင် ပေါင်းစပ်လိုက်တာက ပိုတောင် ကောင်းသေးတာပဲ...”

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

မကြာခင် မျက်မှောင်ကြုတ်သွားသည်။

“ကံကြမ္မာမီးလျှံက စောက်ရမ်း အစွမ်းထက်နေတော့ ငါက ကံကြမ္မာမီးအိမ်ကို ဘယ်လို လုပ်ရမှာတုန်း...”

အခန်း(၇၆၉) - အစစ်မှန် နတ်ဘုရားအဆင့် ကံကြမ္မာမီးလျှံ

ကိုင်လီ၏ ကမ္ဘာလေးထဲမှ သိုင်းပညာမြို့သို့ ပြန်ရောက်သောအခါ မနက်ငါးနာရီ ကျော်နေခဲ့ပြီ။

မနက်ခင်း အစောပိုင်းတွင် တိုက်ပွဲအား လာရောက်ရှာဖွေခဲ့သောလူများသည် မည်သည့် အရာမျှ ရှာမတွေ့သဖြင့် ပြန်ထွက်သွားကြသည်။ မြို့ခံများပင် ထွက်ပြေးကုန်၏။

တိုက်ပွဲအပြီး၌ ကျန်ရစ်ခဲ့သော အရာမှာ အပျက်အစီးများနှင့် လူလွတ်နေသော အဆောက်အဦးများသာ.....။ အချို့အိမ်များ ဆိုလျှင် မီးပင်မပိတ်ခဲ့နိုင်ချေ.....။

လင်းဟွမ်သည် နေထွက်လာသည်ကို စောင့်ကြည့်ရင်း အခြား ကမ္ဘာတစ်ခုထဲ ရောက်နေသလို ခံစားလိုက်ရသည်။ ဒါသည် သူကြုံတွေ့ခဲ့ရသမျှ အပင်ပန်းဆုံး၊ အဆင်းရဲဆုံး၊ အခက်ခဲဆုံး တိုက်ပွဲတစ်ခု ဖြစ်သည်။ ဟိုတယ်သို့ ပြန်ရောက်သည်နှင့် ပထမဦးဆုံး လုပ်သည့် အရာမှာ အိပ်စက်ခြင်းပင်။

တစ်ညလုံး တိုက်ခိုက်ခဲ့ရသောကြောင့် အင်မတန်ပင်ပန်း နွမ်းနယ်နေခဲ့သည်။ အဆင့်တက်ပြီးနောက် သူ့ခန္ဓာကိုယ်ထဲတွင် အင်အားများ ပြည့်ဝနေသော်လည်း စိတ်ပိုင်းဆိုင်ရာ နွမ်းနယ်မှုကြောင့် မြန်မြန်ဆန်ဆန် အိပ်ပျော်သွားခဲ့သည်။

သွေးရဲရဲလေးက သူ့ဘေးတွင် ရှိနေပြီး အင်ပါယာနှလုံးသားလက်စွပ်မှ တစ်ဆင့် သတင်းမျိုးစုံ ဖတ်နေသည်။ ညနေ ခြောက်နာရီခန့်တွင် လင်းဟွမ် ပြန်နိုးလာကာ အားပြည့်နေခဲ့ပြီ။

“ရှားဟုန်လို့ခေါ်တဲ့ လူတစ်ယောက်က မနက် ရှစ်နာရီလောက်မှာ မင်းကို လာရှာသေးတယ်။ တံခါး

ခဏာ ခဏာ ခေါက်ပေမယ့် ငါက သူ့ကို လျစ်လျူရှုထားတော့ ပြန်ထွက်သွားတယ်။ မင်းနိုးလာမှာ စိုးလို့ သူ့ကို အသိမပေးခဲ့ဘူး...”

လင်းဟွမ် နိုးလာသောအခါ သွေးရဲရဲလေးက ပြောလိုက်သည်။

“ရှားဟုန် လား...”

သွေးရဲရဲလေး၏ စကားအရ သူနှင့်အတူ ရာဇဝတ်မှု စုံစမ်းနေသော စုံစမ်းသူ ဖြစ်ကြောင်း လင်းဟွမ် ပြန်သတိရသွားသည်။

“မနေ့ညက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို သူကြားပြီးပြီမို့ စုံစမ်းစစ်ဆေးဖို့ မင်းကို လာခေါ်တာပဲ ဖြစ်လိမ့်မယ်...”

“ငါက ငရဲဝိညာဉ်ကို သတ်လိုက်ပြီ။ သူတို့ရဲ့ စုံစမ်းမှုရလဒ် မထွက်တာ ကံတရားပဲ...။ တခြားလူတွေ လာတာ ရှိသေးလား...”

လင်းဟွမ်က မေးလိုက်သည်။

“မရှိဘူး...”

သွေးရဲရဲလေးက ခေါင်းခါပြီးနောက် ထပ်ပြော လိုက်သည်။

“ဒီမနက် မင်းရှာခိုင်းတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ငါ သုတေသန လုပ်ပြီးပြီ။ မင်းကိုယ်ပေါ်မှာ ရှိတဲ့တံဆိပ်ကို အစစ်မှန် နတ်ဘုရားတံဆိပ်လို့ ခေါ်တယ်။ ရှေးခေတ် အချိန်တုန်းက အစစ်မှန် နတ်ဘုရားတွေက သူတို့ရဲ့ ကျွန်တွေပေါ်မှာ ခတ်နှိပ်တဲ့ အမှတ်အသားတစ်ခုပဲ။ အဓိက အားဖြင့်တော့ ကျွန်တွေပေါ်မှာ အခွင့်အာဏာ ရှိကြောင်း အသုံးပြုတယ်၊ ရှာဖွေနိုင်တယ်။ ဒါပေမယ့် ကျွန်တွေပေါ်မှာတော့ အပြည့်အဝ ထိန်းချုပ်နိုင်စွမ်း မရှိဘူး။ အမှတ်အသား အဖြစ်ပဲ အသုံးပြုတာ။ ရိုက်နှိပ်ထားတဲ့ တံဆိပ်ကို ဖျက်ဆီးနိုင်တဲ့ နည်းလမ်း မရှိဘူး။ ရိုက်နှိပ်သူ ဒါမှမဟုတ် ရိုက်နှိပ်တဲ့လူနဲ့ အဆင့်တူတဲ့လူကပဲ ပြန်ဖယ်ပေးနိုင်တယ်”

“အမှတ်အသား အနေနဲ့ပဲ သုံးလို့ရတာလား”

လင်းဟွမ်သည် ထိုစကားကိုကြားမှ ရင်ထဲက အပူလုံးကြီး ကျသွားသည်။ မကြာခင် ရှောင်ဖိန်နှင့် ဆက်သွယ်လိုက်ပြီး...

“ကုသရေးကတ် အသုံးပြုပြီး ဖယ်ရှားနိုင်လား...”

“မင်းခန္ဓာကိုယ်ထဲမှာ ထူးဆန်းတဲ့အရာ တစ်ခုမှ မတွေ့လို့ ကုသရေးကတ် သုံးလို့မရဘူး...”

“ဒါဆိုလည်း ရတယ်... မဖျက်နိုင်လည်း ဒီအတိုင်းပဲ ထားလိုက်တော့မယ်...”

လင်းဟွမ်သည် အမှတ်အသားကို မဖယ်ရှားနိုင်သောကြောင့် လျစ်လျူရှုထားရန် ဆုံးဖြတ်ခဲ့သည်။

“အင်မော်တယ်အဆင့်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေရော...”

“အင်မော်တယ် အဆင့်ကိုတက်တဲ့ ကျင့်ကြံခြင်းနည်းစနစ်က အင်မော်တယ်အဆင့် မွန်းစတားကိုသတ်ပြီး မွန်းစတားရဲ့ဝိညာဉ်ကို ဖမ်းယူရမှာ... ၊ မွန်းစတားရဲ့ ဝိညာဉ်ကို ကံကြမ္မာမီးလျှံ ပိတ်လှောင်တဲ့ ခွက်အဖြစ် အသုံးပြုပြီးတော့ မွန်းစတားဝိညာဉ်ကို ကျင့်ကြံဖို့အတွက် ကံကြမ္မာမီးလျှံကို ကျင့်ကြံရမယ်၊ ပျိုးထောင်ပေးရမယ်။ “

“ ကနဦးမှာ မီးဖိုအနေနဲ့ အသုံးပြုရမယ်။ ကံကြမ္မာမီးလျှံက မီးပြင်းဖိုထဲက မီးအနေနဲ့ ပြောင်းလဲသွားပေမယ့် ကံကြမ္မာမီးပြင်းဖိုရဲ့ ပုံစံက ကံကြမ္မာမီးလျှံကို ဖုံးအုပ်ထားပြီး ထွင်းဖောက်မြင်ရတဲ့ မျက်နှာပြင် ရှိနေလို့ မီးအိမ်နဲ့ တော်တော်လေး တူတယ်။ အဲ့ဒါကြောင့် လူတွေက ကံကြမ္မာမီးအိမ်လို့ခေါ်ရင်း အရင်နာမည် မေ့သွားတာပဲ။ နောက်ပိုင်းမှာ ကံကြမ္မာမီးပြင်းဖို ဆိုတဲ့ နာမည်အစား ကံကြမ္မာမီးအိမ်ဆိုပြီး ဖြစ်လာခဲ့တယ်”

သွေးရဲရဲလေးက ဆက်ပြောသည်။

“ငါ အရင်က ဒီအကြောင်းကို တွေးခဲ့ဖူးတယ်။ တကယ်တော့ ကံကြမ္မာ မီးအိမ်ဆိုတာက

မွန်းစတားဝိညာဉ်ကို လောင်ကျွမ်းနေတဲ့ ကံကြမ္မာမီးလျှံကို ထည့်ထားတဲ့ စွမ်းအင်ထိန်း မီးပြင်းဖိုနဲ့ တူတယ်။ ဒါပေမယ့် အခုလက်ရှိ ငါ့ရဲ့ကံကြမ္မာမီးလျှံ စွမ်းအားက သန်မာလွန်းလို့ ဘယ်မွန်းစတားရဲ့ ဝိညာဉ်က ထိန်းနိုင်မှာလဲ...။ ငါ့ရဲ့ ကံကြမ္မာမီးလျှံက မွန်းစတားဝိညာဉ်ကို ပြာကျသွားအောင် လောင်ကျွမ်းပစ်လိုက်ဖို့ မျှားတယ်”

နတ်ဘုရားမျိုးစေ့မှာ ပြီးပြည့်စုံသော မီးစာပင် ။ သို့သော်လည်း နောက်ဆက်တွဲ အကျိုးဆက်မှာ လင်းဟွမ်အတွက် အကြီးမားဆုံး ပြဿနာ ဖြစ်လာသည်။ အကယ်၍ မည်သည့် မွန်းစတားဝိညာဉ်ကမှ

ကံကြမ္မာမီးလျှံကို တောင့်မခံနိုင်ခဲ့လျှင် ကံကြမ္မာမီးပြင်းဖို (ကံကြမ္မာမီးအိမ်) မဖွဲ့စည်းနိုင်တော့ကြောင်း ရည်ညွှန်းနေသည်။ ထိုသို့ဆိုလျှင် လင်းဟွမ်သည် အင်မော်တယ်အဆင့်သို့ တက်လှမ်းနိုင်တော့မည် မဟုတ်ချေ။

"မင်းခန္ဓာကိုယ်ထဲမှာရှိတဲ့ ကံကြမ္မာမီးလျှံက အစစ်မှန်နတ်ဘုရားအဆင့် ပစ္စည်းတစ်ခုပဲ... အင်မော်တယ်အဆင့် မွန်းစတားဝိညာဉ်တွေက မင်းအပေါ် သက်ရောက်မှု မရှိရုံမကဘူး... တကယ်ဆို အစစ်မှန်နတ်ဘုရား မွန်းစတားရဲ့ ဝိညာဉ်ကလွဲရင် ကျန်တဲ့ဝိညာဉ်အားလုံးကို ခွက်အနေနဲ့သုံးရင်

ပျက်ဆီးမှာပဲ... အတုယောင်နတ်ဘုရား မွန်းစတားရဲ့ ဝိညာဉ်တောင် နောက်ပိုင်းကျရင် ပျက်ဆီးလိမ့်မယ်...”

ထိုစကား ဆုံးသွားသောအခါ သွေးရဲရဲလေးက ဆက်ပြောလိုက်သည်။

“ဒါကြောင့် သမရိုးကျ နည်းလမ်းနဲ့ အင်မော်တယ်အဆင့် တက်ရင် မင်းအတွက် အလုပ်မဖြစ်ဘူးလို့ ငါထင်တယ်။ ငါ့မှာ အကြံနှစ်ခုတော့ ရှိတယ်...”

“ပထမတစ်နည်းက အခြားကျင့်ကြံခြင်း နည်းစနစ်ကို အဓိက ထားပေမယ့် လက်ရှိ ကျင့်ကြံရေး နည်းစနစ်နဲ့လည်း ကိုက်ညီရမယ်။ ဒုတိယတစ်ခုက

အခြားကျင့်ကြံခြင်း နည်းစနစ်ကို ကိုးကားပြီး ကိုယ်ပိုင်ကျင့်ကြံရေး နည်းစနစ် ဖန်တီးရမယ်...”

“မင်းရဲ့ အကြံပြုချက် နှစ်ခုလုံးက ဖြစ်နိုင်ချေ နည်းတယ်...”

လင်းဟွမ်က ခိုကိုးရာမဲ့စွာ ခေါင်းခါလိုက်သည်။

“ကျင့်ကြံရေး နည်းစနစ် အများစုက အမှီအခိုကင်းတယ်။ တစ်ခုနဲ့တစ်ခု သဟဇာတ ဖြစ်တာလည်း အနည်းစုပဲ ရှိတယ်... တစ်ခုနဲ့တစ်ခု အမှီအခိုကင်းနေလို့ သုံးဆယ် ရာခိုင်နှုန်းလောက် လိုက်ဖက်တဲ့အရာက တော်တော် ရှားတယ်။ မလိုက်ဖက်တဲ့ ကျင့်ကြံခြင်း

နည်းစနစ် ဖြစ်နေရင် ဘာဖြစ်လို့ လေ့လာဖို့ အချိန်ဖြုန်းနေတော့မှာလဲ”

“ဒုတိယ အကြံပြုချက်ကတော့ မတူညီတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကိုပဲ လေ့လာပြီး ကျင့်ကြံနည်း နည်းစနစ်ကို အကောင်အထည် ဖော်ဖို့ပဲ...”

သွေးရဲရဲလေးသည် ခဏကြာအောင် တိတ်ဆိတ်သွားပြီးနောက်

“နောက်တစ်နည်းတော့ ရှိသေးတယ်...”

“ပြောစမ်းပါဦး...”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

“ကံကြမ္မာမီးလျှံ သိုလှောင်ခွက်အနေနဲ့ အသုံးပြုနိုင်တဲ့ မွန်းစတားဝိညာဉ် နေရာမှာ အစားထိုးနိုင်မယ့် ပစ္စည်းတစ်ခုခု ရှာကြည့်ရမယ်”

သွေးရဲရဲလေးက ပြောလိုက်သည်။

“နတ်ဘုရားအဆင့်ရှိတဲ့ မီးလျှံကို ထည့်သိမ်းမယ့် မွန်းစတားဝိညာဉ်နေရာမှာ အစားထိုးဖို့ဆိုရင် အသုံးပြုနိုင်တဲ့ အရာအများစုက နတ်ဘုရားအဆင့် ဒါမှမဟုတ် နတ်ဘုရားအဆင့် ဓာတ်ကြွင်းတွေပဲ ဖြစ်လိမ့်မယ်။ နတ်ဘုရားအဆင့် ပစ္စည်း ဒါမှမဟုတ် နတ်ဘုရားအဆင့် ဓာတ်ကြွင်းက အစစ်မှန် နတ်ဘုရားအဆင့်မှာ ရှိနေရင် ပိုကောင်းမယ်...”

“ဒီအစီအစဉ်က အလုပ် ဖြစ်လောက်တယ်...”

ထို့နောက် လင်းဟွမ်မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာ ပေါ်လာသည်။

ကျောက်စရစ်ခဲ ကမ္ဘာတွင် နတ်ဘုရားပစ္စည်းနှင့် နတ်ဘုရား ဓာတ်ကြွင်းများ အင်မတန် ရှားပါးသည်။ လေလံပွဲတွင် တစ်ခုတလေ ရောင်းချပါက လူများ ရူးသွပ်သွားလိမ့်မည်။

လင်းဟွမ်သည် သူချမ်းသာလျှင်ပင် နတ်ဘုရားအဆင့် ပစ္စည်း မဆိုထားနှင့် နတ်ဘုရားတစ်ပိုင်း ပစ္စည်း ဝယ်ယူရန်ပင် မတတ်နိုင်ချေ။

“နောက်ပြီးတော့ မင်းက ကံကြမ္မာမီးအိမ်ကိုးခုလိုတယ်ဆိုတာ မမေ့နဲ့”

သွေးရဲရဲလေးက သတိပေးလိုက်သည်။

လင်းဟွမ်၏အတွေးမှာ ရေခဲရေနှင့် လောင်းချလိုက်သလို တောင့်တင်းသွားသည်။

သွေးရဲရဲလေးနှင့် စကားပြောပြီးနောက် သွားရမည့် လမ်းကြောင်းကို မြင်ခဲ့သော်လည်း လမ်းကြောင်းက ရှည်လျားလှ၏။

“ဒါဆိုရင် ငါက အစစ်မှန် နတ်ဘုရားအဆင့် ပစ္စည်းကိုးခု လိုတာပေါ့။ အဲ့ဒါတွေက အများကြီး

ရှိနေလို့ ငါက ပိုက်ဆံပုံအောပြီး ဝယ်မယ်ဆိုရင် အကြိမ်ပေါင်း ရာနဲ့ချီပြီး ဒေဝါလီခံရမယ် ထင်တယ်...”

လင်းဟွမ်တွင် ဖိအားတိုးလာခဲ့သည်။

“ကြည့်ရတာတော့ ဟင်းလင်းပြင် အပျက်အစီးနဲ့ ရှေးဟောင်းအမွေအနှစ် နေရာတွေကို ပိုပြီး ရှာရတော့မှာပဲ...”

လင်းဟွမ်သည် အတွေးထဲမှ ရုန်းထွက်ပြီးနောက် ငရဲဝိညာဉ်ကို သတ်ဖြတ်ခြင်းကြောင့် ရရှိလာသော ဆုလာဘ်များကို စတင် စစ်ဆေးလိုက်သည်။ သို့သော်လည်း မီးစာ အမဲလိုက်သည့် ခရီးစဉ်တွင် သူလိုချင်သော အဆင့်မြင့်ဉာဏ်ရည် မရခဲ့ပေ။

နတ်ဘုရားမျိုးစေ့ကို ကတ်ပုံစံ မလုပ်ရသေးခင် ၎င်း၏အတွင်းစိတ်က ပြိုကွဲသွားခဲ့သည်။ ၎င်း၏ အမွေဆက်ခံမှုနှင့် မှတ်ဉာဏ်ကို မထိန်းသိမ်းနိုင်ခဲ့ချေ။

ရှောင်ဖိန်က ကတ်ပုံစံရအောင် ကိုင်တွယ်ခဲ့ပြီး လုံးဝ မပျက်စီးသေးသော လက်ကျန် အသိစိတ် အစိတ်အပိုင်းများကို ထုတ်ယူခဲ့သည်။ သို့သော်လည်း ဒါသည် လျှို့ဝှက်စွမ်းရည် တစ်ခုမျှသာ ဖြစ်သော ရွှေပုစဉ်းရင်ကွဲ ပင်.....

ထိုလျှို့ဝှက်စွမ်းရည်မှာ ၎င်ရဲဝိညာဉ်က သူ့ကိုယ်သူ ပြန်လည် ရှင်သန်အောင် လုပ်ခဲ့သောအရာ ဖြစ်သည်။ သို့သော်လည်း သူရရှိခဲ့သော စွမ်းရည်မှာ ၎င်ရဲဝိညာဉ်ထက်

များစွာ အားနည်းသည်။ ရွှေပုစဉ်းရင်ကွဲ လျှို့ဝှက်ကျင့်စဉ်မှာ လင်းဟွမ်က သူကိုယ်တိုင် သတ်ခဲ့ဖူးသော လူများ (မွန်းစတားပုံစံ အသွင်ယူခွင့် မရှိ) ၏ အသွင်ကို အပြည့်အဝ ကူးယူနိုင်သည်။

တစ်ချိန်တည်းမှာပင် ထိုလူ၏ အမွေဆက်ခံမှု၊ မှတ်ဉာဏ်နှင့် စွမ်းရည်များကို အပြည့်အဝ ကူးယူနိုင်သည်။ ပြန်လည် မွေးဖွားသော အခွင့်အရေးကို တစ်ရက်လျှင် (၃) ကြိမ်ရသည်။ သူ့ခန္ဓာကိုယ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် ခန္ဓာကိုယ်က လုပ်ကြံသတ်ဖြတ်သူ အဖြစ် ရှိနေနိုင်သည်။

သို့သော်လည်း အလောင်းနှစ်ခုကို စွန့်ပစ်လိုက်သည်နှင့် တပြိုင်နက် သူ့ကိုယ်သူ ပြန်၍ ရုပ်ဖျက်လို့ မရချေ။

ထိုလျှို့ဝှက် ကျင့်စဉ်ထဲတွင် လှည့်စားခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်း ဟူသော စွမ်းရည်နှစ်မျိုး ရှိသည်။

ငရဲဝိညာဉ်၏ စွမ်းရည်ထက် အားနည်းသော်လည်း လင်းဟွမ် ကျေနပ်နေသေးသည်။ လျှို့ဝှက်စွမ်းရည်၏ ဖော်ပြချက်ကို လေ့လာပြီးနောက် နောက်တစ်ကတ် ထုတ်ယူလိုက်သည်။

“မွန်းစတားကတ်”

“ရှားပါးမှု အဆင့် - ဒဏ္ဍာရီအဆင့် (အတုယောင်)”

“မွန်းစတားနာမည် - မရှိ”

“မွန်းစတားအမျိုးအစား - နတ်ဘုရားသွေး (အစကနဦးကတော့ ငရဲဝိညာဉ်) (အတုယောင် သန့်စင်သွေး)”

“တိုက်ခိုက်ရေးအဆင့် - အင်မော်တယ် အဆင့် (၂) (လက်သင်)”

“ဆင့်ခေါ်မှု ကန့်သတ်ချက် - အင်မော်တယ် အဆင့်ရောက်မှ အသက် သွင်းနိုင်”

“ကတ်မှတ်ချက် - အမြင့်ဆုံး အားစိုက်ထုတ်ပြီး လေ့ကျင့်ပေးပါ”

“နတ်ဘုရားသွေးလား.....”

လင်းဟွမ်သည် ငရဲဝိညာဉ် ကတ်ပေါ်မှ အချက်အလက်ကိုမြင်လျှင် အံ့အားသင့် သွားသော်လည်း ဒါက နတ်ဘုရားသွေးဟု ပြောင်းလဲသွားသဖြင့် တုန်လှုပ်သွားသည်။ ကတ်ပေါ်ရှိ အချက်အလက်ကို သေသေချာချာ စစ်ဆေးပြီးနောက် မွန်းစတားတစ်ကောင် မည်ကဲ့သို့ ဖြစ်လာလဲ ဆိုသည်ကို အကျဉ်းချုံး ပြောပြနိုင်သည်။

တကယ်ပင် ငရဲဝိညာဉ် ဖြစ်သည်။ သို့သော်လည်း နတ်ဘုရား သွေးမျိုးဆက်ကို ကပ်ပါးကူးစက်ပြီးနောက် သန့်စင်သွေးနှင့် နတ်ဘုရားသွေးမျိုးဆက် ဖြစ်အောင် မြှင့်တင်ခဲ့သည်။

ဒါက လူသားပုံစံ ပြုလုပ်နိုင်သော သန့်စင်သွေး (အတုယောင် သန့်စင် သွေးမျိုးဆက်) ဖြစ်ကြောင်း ရှောင်ဖိန်က ပြောခဲ့ခြင်း ဖြစ်သည်။

ပိုင်သည် အဆင့်မြင့် နတ်ဘုရားသွေးမျိုးဆက် ဖြစ်သော်လည်း သန့်စင်သွေးအဆင့်နှင့် ဝေးကွာနေဆဲပင် ။

အဆင့်သတ်မှတ်ချက်အရ ငရဲဝိညာဉ်သည် ပိုင်နှင့် ချောကလက်လေး တို့ထက် များစွာ မြင့်မားသည်။

“အင်မော်တယ်အဆင့် ရောက်မှ ဆင့်ခေါ်လို့ရတာ ဆိုးတယ်ကွာ...”

ကတ်ရှေ့က ချိပ်ပိတ်ထားသော တံဆိပ်ကိုမြင်လျှင် လင်းဟွမ်သည် ဤကတ်ကို အသုံးပြုရန် လုပ်ပိုင်ခွင့်

အခွင့်အာဏာ မလုံလောက်သေးကြောင်း သိလိုက်သည်။ ခဏအကြာ ကတ်ကို သိမ်းလိုက်သည်။

"ကောင်းကင်ကြီး မှောင်စပြုလာပြီ..."

လင်းဟွမ်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး လေသာဆောင်တွင် ရပ်လိုက်ပြီး ကောင်းကင်ပေါ် မော့ကြည့်လိုက်ရာ နေကြာရောင် စွန်းထင်းနေသော တိမ်များကို တွေ့လိုက်ရသည်။

လင်းဟွမ်သည် နေဝင်ချိန်ကို အဝေးမှ လှမ်းကြည့်ပြီး...

"မနက်ဖြန် ခပ်စောစော ထွက်ရမယ်။ ရွှေရောင်မီးလျှံအဆင့် အတွက်

အဆင့်ကျော်သတ်ဖြတ်ခြင်း ဆုလာဘ်တွေ အရင်ဆုံး ရအောင် ယူရမယ်”

အခန်း(၇၇၀) - ကျိန်စာမြေ....

ကျိန်စာမြေသည် အဖွဲ့ခွဲ (၃) ရှိ တားမြစ် နယ်မြေ (၆)ခုထဲမှ တစ်ခုပင် ။ ဒါသည် ငြိမ်းချမ်းရေး သမုဒ္ဒရာ အရှေ့ဘက် ကမ်းရိုးတန်းတွင် တည်ရှိသော အထီးကျန်ကျွန်း တစ်ကျွန်း ဖြစ်သည်။

လူအများက ကျိန်စာမြေဟု အမည်ပေးထားရသော အကြောင်းအရင်းမှာ ထိုမြေကို အလည်သွားသည့်လူများ ကျိန်စာသင့်၍ မဟုတ်ပေ။ ထိုအစား ဝင်ရောက်လာသော မွန်းစတားအားလုံး ကျိန်စာသင့်ပြီး ပြန်မထွက်နိုင်သောကြောင့်ပင် ။ ကျွန်းမှ ပြန်ထွက်ခွာသော

မွန်းစတားတို့၏ သုခဘုံ (ဘာသာပြန်ဟာရီကိန်း)

မွန်းစတား အားလုံးသည် (၂၄) အတွင်း သေဆုံးကြသည်ဟု ဆိုကြသည်။ သူတို့၏ အလောင်းများက ဝိညာဉ်အဖြစ် ပြောင်းလဲပြီး ကျွန်းသို့ ပြန်သွားကြသည်။

ထိုနေရာတွင် သူတို့၏ အိမ်မွေးမွန်းစတားများနှင့် စမ်းသပ်ခဲ့သော ထိန်းချုပ်သူများသည် တစ်ယောက်ထက်မက ပိုများ၏။ ကျွန်းပေါ်တွင် အိမ်မွေးမွန်းစတားများကို ဆင့်ခေါ်ခဲ့ပါက ကျွန်းမှ ပြန်ထွက်သောအခါ ပြန်သိမ်းသော်လည်း (၂၄) နာရီအတွင်း ဝိညာဉ်အဖြစ် ပြောင်းလဲသွားကြသည်။

အိမ်မွေး မွန်းစတားနှင့် ထိန်းချုပ်သူကြားက စာချုပ်လည်း ပျက်ပြယ်သွားသည်။

သူတို့သည် ကျွန်းသို့ ပြန်သွားရန်အလို့ငှာ လမ်းတွင် ပိတ်စို့တားဆီးနေသော သက်ရှိအားလုံးကို တိုက်ခိုက်ကြသည်။

ထို့အပြင် ထိုကျွန်းပေါ်၌ လူသားများ အပါအဝင် သေဆုံးသွားသော သက်ရှိအားလုံးသည် ဝိညာဉ်အဖြစ် ပြောင်းလဲကာ ကျွန်းပေါ်က အကျဉ်းသားအသစ် ဖြစ်လာကြသည်။

လင်းဟွမ်သည် အဖွဲ့ခွဲ (၃) သို့ ရောက်ပြီး မကြာခင် တားမြစ်နယ်မြေများနှင့် ပတ်သက်သော ပုံပြင်ဇာတ်လမ်း

အမျိုးမျိုးကို ကြားခဲ့ရသည်။ အချက်အလက်များကို ကြိုးစား ရှာဖွေကြည့်ရန်ပင် မလိုချေ။

လင်းဟွမ်သည် ထိုကျွန်းပေါ်တွင် ဝှက်ထားသော ဝိညာဉ်ရေးရာ နတ်ဘုရားပစ္စည်း သို့မဟုတ် နတ်ဘုရားဓါတ်ကြွင်း ရှိလိမ့်မည်ဟု ယူဆထားသည်။ ထိုကဲ့သို့ သံသယ ရှိနေသောကြောင့် အဆင့်ကျော်သတ်ဖြတ် ဆုလာဒ်ကို ရရှိအောင် ထိုနေရာတွင် တိုက်ခိုက်ရန် ရွေးချယ်ခဲ့ခြင်းပင် ။

အမှန်တကယ်ဆို ဤအကြောင်းနှင့် ပက်သက်၍ ပထမဦးဆုံး တွေးခဲ့သည့်လူမှာ လင်းဟွမ် မဟုတ်ပေ။

ကျိန်စာမြေနှင့် ပက်သက်၍ လူတော်တော်များများက ထိုအတိုင်း တွေးပြီး ရှာဖွေခဲ့ကြသေးသည်။

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်ကာလက ကောလဟာလ များသည် အဖွဲ့ခွဲ (၃) တစ်ခုလုံး ပျံ့နှံ့သွားပြီး သာလွန်အဆင့် လူအားလုံးက ထိုအကြောင်းကို သိကြသည်။ ထိုအချိန်မှစ၍ စူးစမ်းလေ့လာသူ အဖွဲ့ တော်တော်များများသည် ကျိန်စာမြေထဲ ဝင်ရောက်သွားကြပြီး စူးစမ်း ရှာဖွေသူများသည် ကျွန်းပေါ်ရှိ ဝိညာဉ်အားလုံးကို သတ်ဖြတ်ခဲ့ကြသည်။

သို့သော်လည်း ကျွန်း၏ ထောင့်တိုင်း၊ နေရာတိုင်းကို ရှာဖွေခဲ့သော်လည်း မည်သည့် အရာတစ်ခုမျှ မတွေ့ခဲ့ကြပေ။ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်က ဝိညာဉ်ရေးရာ ပစ္စည်းကို မည်သူမှ ရှာမတွေ့ခဲ့ပေ။ မကြာခင် ထိုအချက်နှင့် ပက်သက်၍ ယုံကြည်သည့် လူဦးရေ လျော့နည်းလာပြီး ကျွန်းပေါ်ကို လာရောက်လည်ပတ်သည့် စွန့်စားသူ အရေအတွက်လည်း ကျဆင်းလာသည်။

လင်းဟွမ်၏ အတွေးမှာ အင်မတန် ရိုးရှင်းသည်။ သူက အင်မော်တယ်အဆင့် (၉) မွန်းစတား များစွာ ရှိသည့်နေရာတစ်ခုကို ရှာချင်ရုံသာ....။ ဤစံနှုန်းကို

ဖြည့်ဆည်းပေးနိုင်သော တစ်ခုတည်းသော နေရာများမှာ အဖွဲ့ခွဲ (၃) ရှိ တားမြစ်နေရာ (၆) ခုပင် ။

ကျိန်စာမြေမှာ တားမြစ်နယ်မြေတစ်ခု ဖြစ်ပြီး ဝိညာဉ်ရေးရာ ပစ္စည်းနှင့်ပတ်သက်သော ဒဏ္ဍာရီတစ်ခု ရှိနေသောကြောင့် လင်းဟွမ်က သွားရောက်လည်ပတ်ရန် ဆုံးဖြတ်ခဲ့သည်။ ဤခရီးစဉ်၌ မျှော်လင့်ချက် သိပ် မထားချေ။ သူ၏ အဓိက ရည်ကွယ်ချက်မှာ အဆင့်ကျော်သတ်ဖြတ်မှု ဆုလာဒ်များ ရရှိအောင် ရှာဖွေရန်ဖြစ်ကာ ကျိန်စာမြေကို လှည့်ပတ် ရှာဖွေကြည့်ပြီး ပြန်ထွက်ခွာမည်။

လင်းဟွမ်သည် သိုင်းပညာမြို့မှ ထွက်ခွာလာပြီး (၂) ရက်အကြာတွင် သူ၏ဦးတည်ရာဖြစ်သော ကျိန်စာမြေကို ရောက်ရှိလာသည်။

လင်းဟွမ် မျှော်လင့်ထားသလို ကျွန်းပေါ်တွင် လူသူကင်းမဲ့နေ၏။ ကျွန်းပေါ်တွင် ဝိညာဉ်များ နေထိုင်ကျက်စားသောကြောင့် မည်သည့်အပင်မျှ မရှိဘူးဟု ထင်ခဲ့သော်လည်း လက်တွေ့တွင် စိမ်းလန်းစိုပြေနေသော ကျွန်းတစ်ခု ဖြစ်နေသည်။

ကျွန်းပေါ်တွင် လာရောက်လည်ပတ်သူ ရှားပါးသောကြောင့် ရှေးဦး တောအုပ်ကဲ့သို့ ထူထပ်နေသည်။

လင်းဟွမ် အပါအဝင် အင်မော်တယ်အဆင့် စူးစမ်းရှာဖွေသူများသည် ဤတားမြစ်နယ်မြေတွင် ရှာဖွေရှာ၌ အထူး သတိထားကြသည်။

လင်းဟွမ်သည် အရင်ဆုံး တောထဲမဝင်ပေ။ ကျွန်းနှင့်မီတာရာနှင့်ချီ ဝေးသော လေထဲမှ တရွေ့ရွေ့ ပျံသန်းနေပြီးနောက် သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။ ကျွန်၏ ဧရိယာထဲ မဝင်ပါက ကျိန်စာက အလုပ် မလုပ်ပေ။ ထို့ကြောင့် အနီးအနားရှိ ငါးများက အစာရှာပြီး ဘေးကင်းစွာ ပြန်ထွက်ခွာနိုင်သော အကြောင်းအရင်းလည်း ဖြစ်သည်။

လင်းဟွမ်သည် ထိုအချက်ကို အတည်ပြုပြီးနောက် သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။ သို့သော် သွေးရဲရဲလေး၏ ဘေးကင်းလုံခြုံမှုကို စိတ်ချရနိုင်စေရန် မဆင့်ခေါ်ခင် မီတာ (၃၀၀) ကျော်အဝေးကို ထပ်မံ ဆုတ်ခွာခဲ့သည်။

“ဒါက ကျိန်စာမြေလား”

သွေးရဲရဲလေးက ကျွန်းအကြောင်း စိတ်ဝင်စားနေသည်။

“ထင်ထားတာထက် အများကြီး ပိုအသက်ဝင်တာပဲ”

“ငါလဲ အဲ့ဒီလိုပဲ တွေးမိနေတာ”

လင်းဟွမ်က ပြုံးပြီးပြောလိုက်သည်။

“ဒီနေရာမှာ မဟုတ်ရင် မင်းကို ခေါ်မှာမဟုတ်ဘူး။ ကျေးဇူးပြုပြီးတော့ အင်မော်တယ် အဆင့် (၉) မွန်းစတားရှိနေတဲ့ နေရာတွေကို စုံစမ်းပေးဦး။ နောက်ပြီးတော့ မင်းကို ကတ်ပုံစံ ပြန်သိမ်းဖို့လည်း သတိပေးဦး”

သွေးရဲရဲလေးက ခေါင်းငြိမ့်လိုက်သည်။ လင်းဟွမ်က သူ၏ ဘေးကင်းရေးအတွက် လုပ်ဆောင်နေကြောင်း သူသိသည်။ ထို့နောက် သွေးရဲရဲလေးသည် မျှော့မျိုးစေ့များကို ထိန်းချုပ်ပြီး ကျယ်ပြောလှသော ကုန်းမြေထံ ဖြန့်ဝေလိုက်သည်။

နာရီဝက်ခန့် ကြာသောအခါ သွေးရဲရဲလေးက လင်းဟွမ်ကို ခေါင်းငြိမ့်ပြကာ

“ငါ တွေ့ပြီ……။ ဒီကျွန်းပေါ်မှာ အင်မော်တယ် အဆင့်(၉) မွန်းစတားတွေ တော်တော် များတယ်။ ဒီထက်ပိုပြီး စူးစမ်း လေ့လာသင့်တယ် ထင်တယ်”

“တခြား အရာတွေရော တွေ့သေးလား”

လင်းဟွမ်က သွေးရဲရဲလေးအကြောင်း ကောင်းကောင်း သိသည်။ ကျွန်းပေါ်တွင် ဝှက်ထားသော ဝိညာဉ်ရေးရာ ပစ္စည်းများ ရှိနေကြောင်း သိနေသဖြင့် သေချာပေါက် ရှာဖွေ စစ်ဆေးလိမ့်မည်။

“ထူးခြားတာ ဘာမှ မတွေ့သေးဘူး။ ကျွန်း အနောက်ဘက်မှာ သခ္ခါင်းမြေတစ်ခု ရှိပေမယ့် မရေမတွက်နိုင်အောင် တူးထားတဲ့ပုံပဲ။ လူတွေပဲ ရှာဖွေထားတာ ဖြစ်မယ်။ ရေကန် နည်းနည်းလည်း ရှိတယ်။ မြေပုံပေါ်မှာ အမှတ်အသား လုပ်ပေးမယ်”

လင်းဟွမ်က မှောင်ခိုဈေးကွက်မှ ဝယ်ယူခဲ့သော မြေပုံကို ထုတ်ယူလိုက်သည်။

သွေးရဲရဲလေးက ထိုအပေါ်တွင် မတူညီသော အရောင်များဖြင့် အမှတ်အသား ပြုလုပ်ပေးလိုက်သည်။ အင်မော်တယ် အဆင့် (၉) မွန်းစတားများ၏ တည်နေရာကို အဝါရောင် အမှတ်အသား ပြုလုပ်

ပေးထားပြီး အင်ပါယာအဆင့် မွန်းစတားများ၏ တည်နေရာကို အနီရောင် အမှတ်အသား ပြပေးထားသည်။

ရေကန်ကိုမူ ရေစက် အမှတ်အသား ၊ သချိုင်းမြေကို အရိုးစု သင်္ကေတဖြင့် အမှတ်အသား ပြုလုပ်ပေးသည်။ အချို့နေရာများက သွေးရဲရဲလေးအတွက် ထူးဆန်းနေသဖြင့် ထိုနေရာများကို အဝါရောင် မေးခွန်း အမှတ်အသားများ ပြုလုပ်ပေးထားလိုက်သည်။

သွေးရဲရဲလေးက ထိုအရာအားလုံး ပြုလုပ်ပြီးနောက် လင်းဟွမ်ကို သချိုင်းမြေ မဟုတ်သော အခြားနေရာများ၏ အခြေအနေကို အကျဉ်းချုံး ရှင်းပြသည်။

ထို့နောက် လင်းဟွမ်သည် သွေးရဲရဲလေးကို ကတ်ပုံစံပြန်သိမ်းပြီး သူနှင့် အနီးဆုံးဖြစ်သော အဝါရောင် နေရာကို ဦးတည်သွားလိုက်သည်။ စူးစမ်းလေ့လာခြင်း မလုပ်ခင် အဆင့်ကျော် သတ်ဖြတ်မှုကို အရင်ဆုံး ပြီးအောင် လုပ်ရမည်။

မကြာခင် လင်းဟွမ်သည် ပထမဆုံး ဦးတည်ရာသို့ ရောက်ရှိခဲ့သည်။

သွေးရဲရဲလေး အမှတ်အသား ပြုလုပ်ပေးထားသော ပထမဆုံး မွန်းစတားမှာ ဝိညာဉ်ဌာပင် ။ ဦးခေါင်းနှစ်လုံး ပါရှိပြီး ဝိညာဉ်အဖြစ် မပြောင်းခင် တစ်လျှောက်လုံး တည်ရှိခဲ့ခြင်း ဖြစ်နိုင်သည်။ ဦးခေါင်းနှစ်ခု၏ ထိပ်တွင်

မျက်ဝန်းမရှိသော အဖြူရောင်မျက်လုံး လေးခုရှိသည်။ ဗိုက်နှင့် အတောင်ပံများတွင် ဒဏ်ရာများ ရှိနေကာ ဒဏ်ရာက သွေးထွက်ခြင်း ရပ်တန့်နေပြီး ဆွေးမြေ့စ ပြုနေသည်။ သို့သော် ဘာမှ မခံစားရသည့်ပုံပင်.....။

“အမှောင် နဂါးကွန်ဒါက သေသွားတာ ဘယ်လောက်ကြာလဲ မသိဘူး”

လင်းဟွမ်သည် တစ်ချက်ကြည့်ရုံနှင့် မည်သည့် မွန်စတား အမျိုးအစား ဖြစ်ကြောင်း ပြောနိုင်သည်။

လင်းဟွမ်သည် အချိန် အတော်ကြာအောင် စောင့်ကြည့်လေ့လာပြီးနောက် သူ့လက်ထဲမှ ဆုလာဒ်

နှစ်ဆကတ်ကို ချေမွကာ အင်မော်တယ်အဆင့် (၉) မွန်းစတားကို တစ်ချက်တည်း တိုက်ခိုက်လိုက်သည်။

ပုံမှန်အတိုင်းဆိုလျှင် ရွှေရောင် မီးလျှံအဆင့် တက်လှမ်းရုံနှင့် အင်မော်တယ်အဆင့် (၉) မွန်းစတားကို သတ်ပစ်ရန် ယုံကြည်ချက် မရှိပေ။ ယခုမူ အင်မော်တယ်အဆင့် (၉) မွန်းစတား အများစုကို သတ်ပစ်နိုင်မည်ဟု ယုံကြည်ချက် အားကောင်း နေသည်။

လင်းဟွမ်၏ အဆက်မပြတ် တိုက်ခိုက်မှုကြောင့် နှစ်မိနစ်အတွင်း၌ အမွှာဦးခေါင်း နဂါးကွန်ဒါ၏ ခေါင်းများ ပြတ်ကျသွားသည်။ ၎င်း၏အလောင်းကို

သိုလှောင်လက်စွပ်ထဲ မထည့်ခင် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

“အဆင့် (၉) ဆင့် အဆင့်ကျော် သတ်ဖြတ်မှု အောင်မြင်သွားတဲ့အတွက် ဆုလာဒ် ကံစမ်းမဲကတ် (၆၀)ရတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဆုလာဒ် နှစ်ဆကတ်၏ အကျိုးသက်ရောက်မှုမှာ တစ်နာရီသာ ဖြစ်သည်။

လင်းဟွမ်သည် အလောင်းကို သိမ်းပြီးနောက် ထိုနေရာတွင် ထပ်မနေတော့ချေ။ မြေပုံကို ဖွင့်ပြီး ဒုတိယမြောက် အဝါရောင် အစက်ထံ သွားလိုက်သည်။

အခန်း(၇၇၁) - အမှောင် သူရဲကောင်း

“အဆင့် (၉) ဆင့်ကျော် အဆင့်ကျော် သတ်ဖြတ်မှု အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလာဒ် ကံစမ်းမဲကတ် (၆၀)”

“မော်ကွန်းအဆင့် မွန်းစတားကတ် - အမှောင် သူရဲကောင်း (ဝိညာဉ်) နှစ်ကတ် ရတဲ့အတွက် ဂုဏ်ပြုပါတယ်”

မကြာခင် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာလျှင် လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

နောက်ဆုံး သတ်ဖြတ်ပြီးနောက် မွန်းစတားကတ် အပြည့်အစုံ နှစ်ကတ် ရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ဆုလာဒ် နှစ်ဆကတ်ကြောင့် မွန်းစတားကတ် နှစ်ကတ် ရနိုင်ခဲ့သည်။

လင်းဟွမ်သည် ဂန္ဓဝင်အဆင့် မွန်းစတားကတ် အများအပြားကို ပိုင်ဆိုင်ထားပြီးသား ဖြစ်သောကြောင့် သန္ဓေနှစ်ကြိမ်ပြောင်း မော်ကွန်းအဆင့် မွန်းစတားကတ်ကို စိတ်မဝင်စားပေ။ မွန်းစတားကတ်ကို တစ်စေ့တစ်စောင်းကြည့်ပြီးနောက် သိမ်းလိုက်သည်။

ကတ်ရှေ့တွင် ထူးခြားချက် မရှိပေ။ မွန်းစတား၏ ပုံပန်းသဏ္ဌာန်မှာ ခန္ဓာကိုယ် အစစ်အမှန်နှင့် တူ၏။

နှစ်ကောင်လုံးမှာ လက်ထဲတွင် ရှည်လျားသော အနက်ရောင် လုံတစ်ချောင်းစီ ကိုင်ထားသည်။ အနက်ရောင် ချပ်ဝတ်တန်ဆာပါရှိပြီး လူသားပုံစံ မွန်းစတားများ ကဲ့သို့ပင်။

လင်းဟွမ်သည် တစ်ချက် ကြည့်ပြီးနောက် ကတ်နောက်ဘက်လှန်၍ မွန်းစတား ပိုင်ဆိုင်သော စွမ်းရည်များကို ကြည့်ချင်သည်။

ပထမဦးဆုံး ဖော်ပြချက်ကို ဖတ်ပြီးသည်နှင့် လင်းဟွမ်က စွမ်းရည်တစ်ခုကို ရုတ်တရက် စိုက်ကြည့်လိုက်သည်။ ခဏအကြာ သူ့မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။

“ဒီလို အရည်အချင်းမျိုး ဘယ်လို ပိုင်ဆိုင်တာလဲ”

လင်းဟွမ်သည် တိုက်ပွဲထဲတွင် ကောင်းမွန်စွာ မစွမ်းဆောင်နိုင်ခဲ့သော အမှောင်သူရဲကောင်းက ဤကဲ့သို့ ဆွဲဆောင်မှုရှိသည့် စွမ်းရည်မျိုး ပိုင်ဆိုင်လိမ့်မည်ဟု မထင်ထားခဲ့ပေ။

“အမှောင်သူရဲကောင်းက လူသား မဟုတ်တဲ့ မွန်းစတားတွေကို စီးနှင်းနိုင်တယ်။ စီးနှင်းမှုမှာ အမှောင်သူရဲကောင်းက သူရဲ့စွမ်းရည် အစစ်အမှန်ကို ထုတ်လွှင့်နိုင်ပြီး စီးတော်ယာဉ် မွန်းစတားရဲ့ တိုက်ခိုက်ရေးအဆင့်က တစ်ဆင့်ကနေ သုံးဆင့်အထိ မြင့်တက်သွားနိုင်တယ်။ စီးတော်ယာဉ် မွန်းစတားရဲ့

အဆင့်အတန်းနဲ့ တိုက်ခိုက်ရေးအဆင့်ကို စီးတော်ယာဉ် မွန်းစတားပေါ်မှာ ရှိတဲ့ အမှောင်သူရဲကောင်းနဲ့ စွမ်းအားချင်း မျှဝေနိုင်တယ်”

“ဘယ်နေရာမှာမဆို စွမ်းအားကို အသုံးပြုနိုင်ပြီး သုံးဆကနေ ငါးဆအထိ အားကောင်းလာနိုင်တယ်”

“မှတ်ချက် - ပြီးပြည့်စုံတဲ့ မြင်းစီးသူရဲကောင်းဆိုတာ စီးတော်ယာဉ်မရှိတဲ့ သူရဲကောင်း မဟုတ်ဘူး....”

လင်းဟွမ်သည် ထိုစွမ်းရည်ကို ကြည့်ပြီးနောက် အမှောင်သူရဲကောင်း နှစ်ကောင်ကို ပျိုးထောင်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော်လည်း စိတ်အား ထက်သန်စွာ မလုပ်ဆောင်ခဲ့ပေ။ သူရဲကောင်းစွမ်းရည်မှာ

လင်းဟွမ် မြင်ဖူးသမျှ မော်ကွန်းအဆင့် မွန်းစတားကတ်ထဲတွင် အစွမ်းထက်ဆုံး စွမ်းရည် ဖြစ်ပုံ ရသည်။

စွမ်းရည် ဖော်ပြချက်နှစ်ခုကို ဖတ်ပြီးနောက် လင်းဟွမ်သည် အမှောင်သူရဲကောင်း နှစ်ကောင်အတွက် မည်သည့် စီးတော်ယာဉ် မွန်းစတားကို ရွေးချယ်ရမှန်း မသိ ဖြစ်သွားသည်။

လင်းဟွမ်သည် အစောပိုင်းက အဖွဲ့ခွဲ (၇) တွင် အနက်ရောင် မြွေနဂါးနှစ်ကောင်ကို သတ်ခဲ့သည်။ ထို့နောက် မြွေနဂါးနှစ်ကောင်လုံးသည် တတိယမြောက် သန္ဓေပြောင်းလဲမှု ဖြတ်ကျော်ပြီး ရှေးဦးသွေးမျိုးဆက်

အမှောင်ကောင်းကင်ဘုံ မြွေများအဖြစ် ပြောင်းလဲ လာခဲ့သည်။ အမှောင်ကောင်းကင်ဘုံ မြွေနှစ်ကောင် လုံးသည် အတော်လေး အားကောင်းသော်လည်း ပိုင်နှင့်လန်စန်လေ့တို့က ၎င်းတို့ထက် သာလွန်သည်။ ထို့ကြောင့် လင်းဟွမ်က သူတို့ကို ဆင့်ခေါ်ခဲသည်။

ယခုမူ အမှောင်သူရဲကောင်း နှစ်ဦး ရှိနေပြီ ဖြစ်သောကြောင့် အမှောင်ကောင်းကင်ဘုံ မြွေနှစ်ကောင်နှင့် သူတို့သည် ပြီးပြည့်စုံသော တွဲဖက်များ ဖြစ်လာလိမ့်မည်။

“ငါ ပြန်ရောက်မှ အမှောင်သူရဲကောင်း နှစ်ကောင်ကို သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားဖြစ်အောင် အဆင့်

မြင့်တင်ပေးမယ်။ ဒါမှ သူတို့က အမှောင်ကောင်းကင်ဘုံ မြွေတွေနဲ့တွဲပြီး စွမ်းရည်က ပိုင်နဲ့တန်းတူ ဖြစ်လာနိုင်မှာ”

လင်းဟွမ်သည် ထိုကဲ့သို့ တွေးပြီးနောက်

“ဒါပေမယ့် ငါက အမှောင်သူရဲကောင်း နှစ်ကောင်ကို ကတ်ပုံစံ ပြောင်းလိုက်တော့ ကျိန်စာကြောင့် ထိခိုက်မှု ဖြစ်လာမလားဆိုတာ မသေချာသေးဘူး”

သဘောတရားအရ အမှောင်သူရဲကောင်းကို သတ်ဖြတ်ပြီး ရရှိလာသော မွန်းစတားကတ်သည် မွန်းစတားနှင့် ဘာမှမဆိုင်ပေ။ သို့သော်လည်း

လင်းဟွမ်သည် ထိုအချက်နှင့် ပက်သက်၍ မသေချာ၊ မရေရာ ဖြစ်နေဆဲပင်.....။

အဆင့်ကျော် သတ်ဖြတ်မှု (၁၀) ခုကို အောင်မြင်ရန် စုစုပေါင်း (၃) နာရီကျော် ကြာမြင့်ခဲ့ပြီး ကံစမ်းမဲကတ် (၆၀၀) ရရှိခဲ့သည်။

လင်းဟွမ်၏ အဓိက တာဝန်ကြီး အောင်မြင်သွားခဲ့ပြီ။

အမှန်တကယ်ဆို တိုက်ပွဲ (၁၀) ခုသည် နာရီဝက်ခန့်သာ ကြာမြင့်ခဲ့သည်။ လမ်းခရီးအတွက် နှစ်နာရီခွဲခန့် အသုံးပြုခဲ့ရသည်။ သူသာ မိုးကြိုးကို ဆင့်ခေါ်ခဲ့ပါက နှစ်နာရီအတွင်း ပြီးမြောက်နိုင်ကာ ဆုလာဒ် နှစ်ဆကတ်ကို ချေတာနိုင်သည်။

သို့သော် လင်းဟွမ်သည် ဤရလဒ်ကို ကျေနပ်နေသည်။

ဆုလာဒ် နှစ်ဆကတ် (၃)ကတ်နှင့်အတူ အပိုထပ်စောင်း ကတ် (၃၀၀) ရရှိခဲ့သည်။ ဒါသည် တော်တော်လေး အမြတ်အစွန်း ကြီးမားး၏။

လင်းဟွမ်သည် အမှောင်သူရဲကောင်းကတ် နှစ်ကတ်လုံးကို ပြန်သိမ်းပြီးနောက် မြေပုံကိုဖွင့်ပြီး သွေးရဲရဲလေး ပြုလုပ်ပေးထားသော အမှတ်အသားများကို ကြည့်လိုက်သည်။

"သခ္ဗျိုင်းမြေက ကျွန်းအနောက်ဘက်မှာ ရှိတယ်။ ဒီနေရာကနေဆို ရေကန် (၃) ခုနဲ့ မေးခွန်း

အမှတ်အသားပါတဲ့ နေရာတစ်ခုကို ဖြတ်သွားရမှာ။ လမ်းရှောင် သွားစရာ မလိုဘူး”

မကြာခင် လင်းဟွမ်၏ စိတ်ထဲတွင် ဆုံးဖြတ်လိုက်ပြီး ကျွန်း၏ အကြီးဆုံးရေကန်ကို ပထမဦးဆုံး နေရာအဖြစ် ရွေးချယ်လိုက်သည်။

မိနစ် (၄၀) ကျော် ကြာပြီးနောက် လင်းဟွမ်သည် သူ့သွားရာလမ်းတွင် အင်ပါယာအဆင့် မွန်းစတား အသိုက်ကို ရှောင်ရှားခဲ့ပြီး ဦးတည်ရာသို့ ရောက်ရှိ လာခဲ့သည်။

ကျွန်းပေါ်ရှိ အကြီးဆုံး ရေကန်မှာ စတုရန်းမီတာ (၈၀)ခန့်သာ ကျယ်ဝန်းသည်။ ရေကန်သည်

ကွက်ကွက်ကွင်းကွင်း ရှိနေပြီး ရေရောင်ကြောင့် စိမ်းလန်းစိုပြေနေသော အလှတရားကို တိုးမြင့်စေခဲ့သည်။ အကယ်၍ ဤနေရာသာ ကမ္ဘာမြေပေါ်တွင် ရှိပါက ခရီးသွားများအတွက် ဆွဲဆောင်မှု အရှိဆုံး နေရာတစ်ခု ဖြစ်လာပေလိမ့်မည်။

လင်းဟွမ်သည် သူ့ရှေ့တွင် ရှိနေသော လှပသည့် ရှုခင်းများကို အမှန်တကယ် မခံစားနိုင်ပေ။ သွေးရဲရဲလေးဏ၏ မျှော့မျိုးစေ့များက ကျွန်းပေါ်သို့ စူးစမ်းလေ့လာသောအခါ အမှန်တကယ် ကပ်ပါး ကူးစက်နိုင်သော မွန်းစတား အရေအတွက်မှာ အနည်းငယ်သာ ရှိခဲ့သည်။ ထို့ကြောင့် မွန်းစတားထံမှ

အသုံးမဝင်သော အချက်အလက်အချို့သာ ရယူနိုင်ခဲ့သည်။

ဤကျွန်းပေါ်တွင် နတ်ဘုရားတစ်ပိုင်း အဆင့်ဒိုင်နိုဆွာရက် ၄က်တစ်ကောင် ရှိသည်။ ရေထဲတွင် နေထိုင်သော မွန်းစတားများအား အမဲလိုက်ရသည်ကို သဘောကျ၏။ အကယ်၍ ရေကန်ထဲတွင် အင်ပါယာအဆင့် မွန်းစတားများရှိပါက ဦးစားပေးစားသုံးသည်။ တစ်ခါတစ်ရံ ဗိုက်ဆာပါက အင်မော်တယ်အဆင့် မွန်းစတားများကိုပင် သတ်ဖြတ်တတ်သည်။

ထို့ကြောင့် ရေကန်ထဲမှ မွန်းစတား အားလုံး နီးပါးသည် လင်းဟွမ်ကို မတိုက်ခိုက်ရသော အကြောင်းအရင်းလည်း ဖြစ်သည်။

လင်းဟွမ်သည် သွေးရဲရဲလေးအား ပြန်မသိမ်းခင်က ဤ သတင်းအချက်အလက်ကို ကြားထားခဲ့သောကြောင့် စိတ်သက်သာရာ ရခဲ့ပြီး မကြာခင် ရေထဲခုန်ချကာ ရေချိုးလိုက်သည်။

ရေကန်က မကျယ်သော်လည်း နက်သည်။ လင်းဟွမ်သည် သူ့ကိုယ်သူ ကံကြမ္မာစွမ်းအားများ ဝန်းရံပြီး ရေအောက်မီတာ (၂၀၀) အနက်အထိ ငုပ်လျှိုးသွားသည်။ ရေက ကြည်လင်နေပြီး

လင်းဟွမ်တွင် အလွန်ကောင်းမွန်သော အမြင်အာရုံ ရှိသောကြောင့် မီတာ (၁၀၀) အကွာအဝေးအတွင်းမှ အရာအားလုံးကို ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။

စိတ်စွမ်းအားနှင့် (၄) ကီလိုမီတာ အချင်းဝက် ပတ်လည် အတွင်းကို စောင့်ကြည့်နေခဲ့သည်။ တစ်ချိန်တည်းမှာပင် နယ်မြေပိုင်နက် အသိနှင့် မွန်းစတားများ၏ လှုပ်ရှားမှုကို စောင့်ကြည့်နေခဲ့သည်။

ရေကန်ကို စူးစမ်းလေ့လာရန် နာရီဝက်ခန့် ကြာမြင့်ခဲ့သည်။

လင်းဟွမ်သည် စိတ်စွမ်းအားနှင့် ရေကန်ဘောင်ကို စကန် ဖတ်ခဲ့သော်လည်း မည်သည့်အရာမျှ မတွေ့ခဲ့ပေ။

ထို့ကြောင့် ရေကန်ထဲမှ ပြန်ထွက်လာပြီး နောက်တစ်ကြိမ် ပြန် မဝင်ခဲ့ပေ...။

မြေပုံကို ချက်ချင်းဖွင့်ပြီး ဒုတိယမြောက်ရေကန်ကို ဦးတည် ထွက်သွားလိုက်သည်။ လင်းဟွမ်သည် ဒုတိယမြောက် ရေကန်ကို စူးစမ်း လေ့လာပြီးနောက် မြေပုံပေါ်တွင် အဝါရောင် မေးခွန်း အမှတ်အသား ပြုလုပ်ပေးထားသော နေရာသို့ ရောက်ရှိလာခဲ့သည်။

ဒါသည် စိမ့်တော လျှို့ကြီးပင် ။

သွေးရဲရဲလေးသည် ၎င်း၏ မျှော့မျိုးစေ့များက လျှို့ထဲတွင် ၇က်ထားသော၊ ဖုံးကွယ်ထားသော အရာများ

ရှိ၊မရှိ မသိနိုင်သောကြောင့် မေးခွန်း အမှတ်အသား ပြုလုပ်ပေးထားခြင်း သာ....

စိမ့်၏ရေကန်သည် ပထမနေရာထက် မနည်းပေ။ မျှော့မျိုးစေ့ကပ်ပါး ကူးစက်ခဲ့သော မွန်းစတားများ၏ မှတ်ဉာဏ်များကို အခြေခံရပါက ဤနေရာနှင့် ပတ်သက်၍ ဘာထူးခြားချက်မှ မရှိပေ။ သို့သော် လျှို့ဝှက်ဆန်းကြယ် နေသောကြောင့် သွေးရဲရဲလေးက လင်းဟွမ်အတွက် မြေပုံပေါ်တွင် အမှတ်အသား ပြုလုပ်ပေးပြီး လျစ်လျူရှုခဲ့ခြင်း မရှိပေ။

လင်းဟွမ်သည် စိမ့်တောထဲ ဝင်ပြီးနောက် စိတ်စွမ်းအားကို ထပ်မံ အသက်သွင်းလိုက်သည်။

စိမ့်တောထဲတွင် နက်နက်ရှိုင်းရှိုင်း လမ်းလျှောက်ပြီး စတင်လေ့လာနေသည်။

ပထမဦးဆုံး ရေကန်များကို လေ့လာခဲ့သည့်အချိန်နှင့် နှိုင်းယှဉ်ပါက ရွံ့နွံတောထဲတွင် လေ့လာရန် အချိန်ပိုကြာမြင့်ခဲ့သည်။ ရွံ့နွံကို အပြီးသတ် လေ့လာရန် မိနစ်(၄၀) ခန့် ကြာမြင့်ခဲ့သည်။ စိတ်စွမ်းအားကြောင့် ရွံ့နွံ၏ အကြီးမားဆုံး လျှို့ဝှက်ချက်ကို ရှာတွေ့ခဲ့သည်။ ထိုအောက်တွင် မွန်းစတားအလောင်း အမြောက်အများ မြှုပ်နှံထားသည်။

လင်းဟွမ်သည် ရှုံ့နွံထဲမှ ထွက်သွားပြီးနောက် တတိယမြောက် ရေကန်ကို (၁၀) မိနစ်ခန့် ရှာဖွေခဲ့သော်လည်း ဘာမှမထူးပေ။

“ထားလိုက်တော့ ကျန်တဲ့ နေရာတွေလည်း အနည်းနဲ့အများ အတူတူပဲ ဖြစ်လိမ့်မယ်”

လင်းဟွမ်သည် လေးကြိမ်တိုင်တိုင် ကြိုးစားပြီးနောက် အသစ်များ ရှာမတွေ့သောကြောင့် စူးစမ်း ရှာဖွေချင်စိတ် ဖြည်းဖြည်းချင်း လျော့နည်း လာသည်။

“သချိုင်းနေရာကိုပဲ နောက်ဆုံးအနေနဲ့ လေ့လာ လိုက်မယ်။ ဘာမှမတွေ့ရင် သွားတော့မယ်”

အခန်း(၇၇၂) - သချိုင်း မြေ။

သချိုင်းမြေသည် ကျွန်း၏ အနောက်ဘက် အကျဆုံး အပိုင်းတွင် တည်ရှိပြီး တောင်များ ဝန်းရံထားသည်။

လင်းဟွမ်သည် ထိုချိုင့်ဝှမ်းထဲ ရောက်သွားသောအခါ ညနေ (၆) နာရီ ထိုးနေပြီဖြစ်သဖြင့် ကောင်းကင်ကြီးက မည်းမှောင်လာသည်။

ချိုင့်ဝှမ်းထဲတွင် နေရောင်က တချို့တစ်ဝက် ကျရောက်နေသဖြင့် ရှုခင်းက လှပလွန်း၏။ ပြီးပြည့်စုံသော ရှုထောင့်ကို ရွေးချယ်စရာ မလိုဘဲ

ခတ်ပုံရိုက်ပါက ကွန်ပြူတာနောက်ခံပုံ သို့မဟုတ် မိုဘိုင်းဖုန်း၏ နောက်ခံပုံအဖြစ် အသုံးပြုနိုင်သည်။

လင်းဟွမ်သည် ဗီဒီယိုအချို့ ရိုက်ကူးပြီးနောက် အကောင့်ထဲ ဝင်လိုက်သည်။

သူ့အကောင့်ထဲ မဝင်ဖြစ်ခဲ့သည်မှာ ကြာမြင့်နေပြီ။ သူသည် ဆိုရှယ်မီဒီယာ အသုံးပြုရာ၌ အားမသန်သည့် အပြင် သူငယ်ချင်းကလည်း (၁၀) ယောက်ထက် မပိုခဲ့ပေ။

ဗီဒီယိုတင်ပြီး စက္ကန့်ပိုင်းလေး အတွင်းမှာပင် သူ့သူငယ်ချင်းများက မှတ်ချက် ပေးလာကြသည်။

“အရမ်းလှတယ်... ဘယ်မှာလဲ...”

လင်းဟွမ် လှမ်းကြည့်လိုက်ရာ မှတ်ချက်ပေးသူမှာ ရီရီယွီပင် ။ သူမက အချိန်ပိုများကြောင်း သူသိသဖြင့် လင်းဟွမ်က ခပ်တိုတို ပြန်တုံ့ပြန်လိုက်သည်။

“ကျိန်စာမြေ...”

လင်းဟွမ်သည် ရီရီယွီနှင့် စကားပြောရန် အချိန်အများကြီး မရှိသောကြောင့် ဆိုရှယ်မီဒီယာ အကောင့်မှ ပြန်ထွက်လာခဲ့သည်။

လင်းဟွမ် မဆိုထားနှင့် အင်ပါယာ အဆင့်များပင် တားမြစ်နယ်မြေထဲ၌ သတိများ လျှော့ချရဲမည် မဟုတ်ချေ။ လင်းဟွမ်သည် ချိုင့်ဝှမ်းထဲ ဝင်လာပြီးနောက်

ပိုမိုနက်ရှိုင်းသော အပိုင်းအထိ ရောက်လာခဲ့ပြီး မကြာခင် အနက်ရှိုင်းဆုံး အောက်ပိုင်းကို ရောက်သွားသည်။

လင်းဟွမ်သည် ချိုင့်ဝှမ်း၏ အနက်ရှိုင်းဆုံးအပိုင်းမှ ရှုခင်းများကိုကြည့်ပြီး တိတ်ဆိတ်နေသည်။ ယခုအချိန်၌ သူ့ခံစားချက်များကို မည်ကဲ့သို့ ဖော်ပြရမလဲ မသိတော့ပေ။

မြေပြင်တွင် အဖြူရောင်အရိုးများ လုံးဝ ဖုံးလွှမ်းနေသည်။

ချိုင့်ဝှမ်းထဲတွင် တွင်းကြီးပေါင်းများစွာ ရှိသည်။ ထင်ရှားသည်မှာ လူသားများ တူးခဲ့သော တွင်းများ ဖြစ်နေသည်။

အနက်ရှိုင်းဆုံးတွင်းမှာ မီတာရာနှင့်ချီ နက်သည်။ သို့သော်လည်း လင်းဟွမ် လေ့လာကြည့်သောအခါ မွန်းစတား အရိုး အကြွင်းအကျန်များသာ ရှိနေသေးသည်။ ထိုမှတစ်ပါး မြက်ပင်တစ်ပင် ပင် မတွေ့ချေ။

အွန်လိုင်းပေါ်တွင် ရှာတွေ့သော သတင်းများအရ သမ္ဘီုင်းမြေ၏ ဇစ်မြစ်မှာ ကွဲလွဲမှုများစွာ ရှိနေသည်။ သို့သော်လည်း ကြောက်စရာ ကောင်းသည့် အကြောင်းများသာ.....။ မြေပြင် ဖွဲ့စည်းပုံ နောက်ကွယ်မှ အကြောင်းအရင်းကို မည်သူမျှ မသိကြပေ။

ကျွန်းပေါ်မှ သင်္ချိုင်းမြေကို ရှာတွေ့ခဲ့သည်မှာ နှစ်အနည်းငယ် ကြာနေပြီ။

သို့သော်လည်း ဒါသည် အကျယ်ပြန့်ဆုံးနှင့် ရေပန်းအစားဆုံး ပုံစံဖြစ်ပြီး လူအများစု သဘောတူ လက်ခံထားသော ပုံစံလည်း ဖြစ်သည်။ ထိုအရာမှာ ဖုံးကွယ်ထားသော နတ်ဘုရားအဆင့် ပစ္စည်းသည် ကျိန်စာမြေ၏ သင်္ချိုင်းမြေထဲတွင် ရှိရမည်။

ထိုပစ္စည်းက ကျွန်းပေါ်ရှိ မွန်းစတားဝိညာဉ် အားလုံးအပေါ် လွှမ်းမိုးထားသည်။ မွန်းစတားအားလုံး သေဆုံးပြီးနောက် သူတို့၏ဝိညာဉ်များကို ဤနေရာသို့

ပြန်လာစေရန် ထိန်းချုပ်ထားသည်။ ဒါသည် ငြိမ်းချမ်းနိုင်သော တစ်ခုတည်းသော နည်းလမ်းပင် ။

လူတော်တော်များများက ဤအချက်ကို ယုံကြည်ပြီး သချိုင်းမြေတွင် လာရောက် တူးဖော်ကြသဖြင့် ဤကဲ့သို့ တွင်းကြီးများ ဖြစ်ပေါ်လာခြင်းသာ...

“ကမ္ဘာမှာ လူတွေ ပြောပြောနေတဲ့ ဆင်သချိုင်းနဲ့တောင် တူသေး...”

လင်းဟွမ်သည် ကမ္ဘာပေါ်မှာ ကြားခဲ့ဖူးသော ဒဏ္ဍာရီတစ်ခုကို ပြန်မြင်ယောင်သွားသည်။

ဆင်များသည် သေခါနီးအချိန် ရောက်သောအခါ သူတို့၏ နောက်ဆုံးနေ့ရက် အနည်းငယ်အတွင်းတွင်

တောဇ၏ နက်ရှိုင်းသောနေရာသို့ သွားကြသည်။ ထိုလမ်းကြောင်းအတိုင်း လိုက်သွားပါက ဆင်သချိုင်းကို ရောက်လိမ့်မည်။

သို့သော်လည်း လင်းဟွမ်သည် ဆင်သချိုင်း အမှန်တကယ် တည်ရှိခြင်း ရှိ၊ မရှိကို အတည် မပြုနိုင်ပေ။

“ကြည့်ရတာ လူလုပ်သချိုင်း ဖြစ်ဖို့တော့ နည်းတယ်။ ကျွန်းရဲ့နောက်ကွယ်က ထူးဆန်းတဲ့ ဇာတ်လမ်းတစ်ခုခုနဲ့ ဆက်သွယ်နေလိမ့်မယ်။ ငါထင်တာ မမှားရင် သချိုင်းမြေနဲ့ ကျိန်စာမြေက အတူတူပဲ ဖြစ်လိမ့်မယ်။ ဒါပေမယ့် ဘာလဲဆိုတာတော့ ဘယ်သူမှ မသိကြဘူး။

ပစ္စည်း တစ်ခုခုလား... သက်ရှိတစ်ခုခုလား ဆိုတာလည်း ဘယ်သူမှ အတည်မပြုနိုင်ဘူး..."

လင်းဟွမ်က မရေမရာ ဖြစ်နေသည်။

ဓာတ်ပုံအနည်းငယ် ရိုက်ပြီးနောက် စိတ်စွမ်းအားကို အသက်သွင်းလိုက်ပြီးနောက် နေရာတိုင်းကို စတင်စူးစမ်းလေ့လာလိုက်သည်။

သခ္ဓိုင်းမြေ၏ အကျယ်အဝန်းမှာ စတုရန်းမီတာ (၃၀)ခန့်သာ ရှိသော်လည်း နက်ရှိုင်းသည့် နေရာအထိ သေသေချာချာ စစ်ဆေးကြည့်ရန် လိုအပ်သည်။ ပထမအကြိမ် စုံစမ်းစစ်ဆေးမှု မပြီးခင် ကောင်းကင်ကြီး လုံးဝ မည်းမှောင်သွားသည်။

ဟိုးအဝေး ကောင်းကင်မှ အနီရောင်နှင့် ခရမ်းရောင် လမျှားသည် လမ်းကြောင်းအသီးသီးမှ အလင်းရောင် ဖြာကျနေသည်။ လရောင်သည် အတားအဆီး မရှိ မြေပေါ်ဖြာကျနေသောကြောင့် တိမ်ကင်းစင်ပြီး လှပသော ညတစ်ညပင်.....။ သချိုင်းမြေတွင် မြုပ်နှံထားသော အရိုးဖြူများက ပိုရှင်ပင် ဖြူဖွေးလာသလိုပင်။

“သရဲကားရိုက်ဖို့ တကယ် ကောင်းတဲ့နေရာပဲ”

လင်းဟွမ်က တိုးတိုးလေး ညည်းလိုက်သည်။

သချိုင်းမြေပေါ် လရောင် ဖြာကျလာသောအခါ ပိုရှင်ပင် ကြောက်စရာ ကောင်းလာသည်။

ကောင်းကင်ကြီး မည်းမှောင်နေသော်လည်း လင်းဟွမ်၏ စုံစမ်းစစ်ဆေးမှုအပေါ် သက်ရောက်ခြင်း မရှိပေ။ သူ၏ စိတ်စွမ်းအားနှင့် နယ်မြေပိုင်နက် အသိတို့ကြောင့် အလင်းရောင် အားနည်းသော်လည်း သက်ရောက်မှု သိသိသာသာ မရှိချေ။

ညအချိန်၌ ဝိညာဉ်ဆိုင်ရာ မွန်းစတားများ အသက်ဝင်လှုပ်ရှားလာသည်။ သို့သော်လည်း သချိုင်းမြေက ခြွင်းချက် ဖြစ်နေသည်။ ဤနေရာတွင် သက်ရှိများ၊ မွန်းစတားများ မရှိပေ။ အင်ပါယာအဆင့် သို့မဟုတ် နတ်ဘုရားတစ်ပိုင်း အဆင့်များပင် ဤနေရာကို ရည်ရွယ်ချက်ရှိရှိ ရှောင်ရှား ကြသည်။

သချိုင်းမြေအောက်တွင် မြုပ်နှံထားသော အကြွင်းအကျန်များက အသက်ပြန်ဝင်ပြီး မတိုက်ခိုက်နိုင်သောကြောင့် ကျန်သည့် နေရာများနှင့် ကွဲပြားသည်။ သူတို့သည် ထာဝစဉ် အိပ်မောကျနေပုံ ရသည်။

“မနက် (၁၀) နာရီမတိုင်ခင် နှစ်ကြိမ် စစ်ဆေးမယ်။ ပြီးရင် ဟိုတယ်ပြန်ပြီး ညစာစား... ရေချိုးပြီး အိပ်မယ်...”

လင်းဟွမ်က ကြိတ်ပြီး တွေးလိုက်သည်။

ည (၈) နာရီခန့်တွင် လင်းဟွမ်သည် သချိုင်းမြေကို ပထမဦးဆုံး အကြိမ် စစ်ဆေး၍ ပြီးသွားခဲ့သည်။

သူ၏ စိတ်စွမ်းအားများက အကြွင်းအကျန်၏ အဟများကို ဖြတ်ကျော်၍ မီတာ (၄,၀၀၀) အနက်အထိ ရောက်ရှိသွားသည်။ သို့သော်လည်း သချိုင်းမြေ၏ အနက်ရှိုင်းဆုံး နေရာသို့ မရောက်နိုင်သေးပေ။

မီတာ (၄,၀၀၀) ဆိုသည်မှာ လင်းဟွမ်၏ စိတ်စွမ်းအားက အချက်အလက်များကို အသေးစိတ် ရယူနိုင်သော အကွာအဝေးပင် ။ သူ့စိတ်စွမ်းအား သက်ရောက်မှုနယ်မြေကို ထပ်မံ၍ မတိုးချဲ့နိုင်သောကြောင့် မဟုတ်ပေ။ စိတ်စွမ်းအား ထိန်းချုပ်နိုင်မှု သိသိသာသာ ကျဆင်းပြီး တိကျသော

စုံစမ်းစစ်ဆေးမှုအပေါ် မတိကျသည့် အန္တရာယ် ဖြစ်နိုင်သောကြောင့်ပင် ။

လင်းဟွမ်သည် စိတ်စွမ်းအားနှင့် စုံစမ်းစစ်ဆေးမှု ပထမအကျော့မှာ တိတိကျကျ စုံစမ်းနိုင်လိမ့်မည်ဟု မမျှော်လင့်ထားပေ။ အကယ်၍ စိတ်စွမ်းအား ရောက်နိုင်သည့် နေရာတွင် ဘာမှမရှိပါက စူးစမ်းလေ့လာမှု အတိမ်အနက်ကို တိုးမြှင့်ရမည်။

စုံစမ်းစစ်ဆေးမှုက မတိကျလျှင်ပင် အဆင်ပြေသည်။ အကယ်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ခုကို တွေ့ပါက အသွင်ပြောင်းကတ် အသုံးပြု၍ သူ့ကိုယ်သူ တစ္ဆေတစ်ကောင်အဖြစ် အသွင်ပြောင်းကာ ပို၍

အသေးစိတ်ကျသော စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်ရန် မြေအောက်ထဲ ဝင်ပ်လျှိုး သွားနိုင်သည်။

လင်းဟွမ်သည် ပထမဦးဆုံး တစ်ခေါက် စုံစမ်းစစ်ဆေးမှု ပြီးဆုံးတော့မည် ဖြစ်သောကြောင့် စိတ်ပျက်သွားသည်။

မြေအောက်မီတာ (၄,၀၀၀) ခန့်ရှိ အကြွင်းအကျန် အားလုံးကို စကင်နာဖတ်ခဲ့ပြီး မျက်လုံးစွမ်းရည်၏ စွမ်းဆောင်ရည်ကိုလည်း အထွတ်အထိပ် အခြေအနေထိ မြှင့်တင်ထားခဲ့သည်။ မျက်လုံးနှင့် မြင်နိုင်သော အရိုးစုအားလုံးကို ကြည့်သော်လည်း မည်သည့် ထူးခြားချက်မှ မရှိပေ။

ခဏအကြာ လင်းဟွမ်၏ စိတ်စွမ်းအားသည် သချိုင်းမြေ၏ နောက်ဆုံးနေရာကို စကင်နဲ့ ဖတ်လိုက်သည်။

မြေအောက်ကမ္ဘာ တစ်ဝှမ်းလုံးတွင် ပြန့်ကျဲနေသော အရိုးစုများနှင့် ပင့်ကူအိမ်ကဲ့သို့ ဖြစ်နေသည့် အရိုးများ၏ အဟာနေရာများမှတစ်ဆင့် ထိုးဖောက်ဝင်ရောက်သွားသည်။ လင်းဟွမ်၏ စိတ်စွမ်းအားက ပိုမိုနက်ရှိုင်းသော မီတာထောင်ပေါင်းများစွာ ထိတိုးဝင်သွားခဲ့သည်။

မီတာ (၄,၀၀၀) နက်သော မြေအောက်ကမ္ဘာထဲသို့ စိတ်စွမ်းအားက ပျံ့နှံ့လာသည်။ သဲမှုန် ဖြစ်နေလျှင်ပင်

လင်းဟွမ်က ရှင်းရှင်းလင်းလင်း အာရုံခံနိုင်ပြီး သလင်းကျောက်အား မည်ကဲ့သို့ ဖွဲ့စည်းထားလဲ ဆိုသည်ကိုပင် ရှင်းရှင်းလင်းလင်း သိနိုင်သည်။

လင်းဟွမ်သည် ထိုအရာများကို တိကျစွာ ဖော်ထုတ်နိုင်ခဲ့သော်လည်း မည်သည့်အရာကိုမှ ရှာမတွေ့ခဲ့ပေ။ ပထမဦးဆုံး တစ်ခေါက် စုံစမ်းစစ်ဆေးမှုပြီးဆုံးသွားသောအခါ လင်းဟွမ်သည် စိတ်ပျက်နေမှုကို မဖုံးကွယ်နိုင်ပေ။ သူ့မျှော်လင့်ချက်အတွင်း ရှိသော်လည်း အမှန်တရားကို လက်မခံနိုင် ဖြစ်နေသည်။

“ဘာမှမဖြစ်ဘူး။ မူလ အစီအစဉ်အတိုင်းပဲ နောက်တစ်ကြိမ် စစ်ဆေးမယ်။ ဘာမှမတွေ့ရင် ဟိုတယ်ပြန်မယ်...”

လင်းဟွမ်သည် နောက်ပြန်လှည့်ပြီး ဒုတိယတစ်ကြိမ် စုံစမ်းစစ်ဆေးရန် ပြင်ဆင်နေသည်။ သို့သော်လည်း မဝေးသော နေရာတွင် ချောက်ကမ်းပါးတစ်ခုကို မြင်လိုက်ရသည်။ ထိုချောက်ကမ်းပါးမှာ ဆေဘာနှင့် လှီးဖြတ် ထားသကဲ့သို့ ချောမွတ်နေ၏။

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်ပြီးနောက် စိတ်စွမ်းအားနှင့် စကင်နာ ဖတ်လိုက်သည်။ ထိုသို့ ပြုလုပ်လိုက်ရာ စိတ်စွမ်းအားမှာ မည်သည့်အခါကမှ

မတည်ရှိခဲ့သလို ပျောက်ကွယ်သွားပြီး ပြန်မပေါ်လာတော့ချေ။

“ဘာဖြစ်တာလဲ... နတ်ဘုရားအဆင့် ပစ္စည်းက ဒီတောင်ထဲမှာများ ရှိနေမလား...”

လင်းဟွမ် စိုက်ကြည့်နေရင်း မျက်လုံးက အရောင်တောက်ပလာသည်။ ချောက်ကမ်းပါးကို အပျော်ရှာကြည့်ရုံမျှသာဖြစ်ပြီး တစ်ခုခု ရှာတွေ့လိမ့်မည်ဟု မထင်ထားခဲ့ချေ။

အခန်း(၇၇၃) - တောင်ထဲက နတ်ဘုရားပစ္စည်း။

လင်းဟွမ်၏ စိတ်စွမ်းအားက ထူးဆန်းသော အရာတစ်ခုကို တွေ့ပြီးနောက် ချောက်ကမ်းပါးထဲတွင် ရတနာတစ်ခု ရှိနေကြောင်း အတည်ပြုနိုင်ခဲ့သည်။

“ကျိန်စာမြေက ထူးဆန်းတဲ့ ဖြစ်ရပ်များကို ဖြစ်ပေါ်စေတဲ့ နတ်ဘုရားပစ္စည်း ဖြစ်နိုင်တယ်။ ငါ့ရဲ့ စိတ်စွမ်းအားကို စုပ်ယူနိုင်တော့ ဝိညာဉ်ရေးရာ နတ်ဘုရားပစ္စည်း ဖြစ်နေဖို့ များတယ်”

“နောက်ပြီးတော့ ဒါရဲ့ ဝိသေသ လက္ခဏာကလည်း ဒဏ္ဍာရီလာ နတ်ဘုရားပစ္စည်းနဲ့ ခပ်ဆင်ဆင်ပဲ...”

လင်းဟွမ်သည် ချောက်ကမ်းပါးကို စိတ်လှုပ်ရှားစွာ ကြည့်နေပြီး စိတ်စွမ်းအား ဆိုသည်မှာ ဝိညာဉ်ရေးရာ စွမ်းအားတစ်မျိုး ဖြစ်သောကြောင့် စိတ်စွမ်းအားကို လွှမ်းမိုးနိုင်သောအရာမှာ ဝိညာဉ်ရေးရာ ပစ္စည်းသာ ဖြစ်ရမည်။

လင်းဟွမ်သည် ချောက်ကမ်းပါး အောက်ခြေတွင် ဖျတ်ခနဲ ပေါ်လာသည်။ ထို့နောက် ကြမ်းတမ်းသော ကျောက်မျက်နှာပြင်နှင့် သာမန်ကျောက်တောင် တစ်ခုနှင့်တူနေသော ကျောက်နံရံကို ဖိကြည့်လိုက်သည်။

မျက်လုံးစွမ်းရည်ကို နောက်တစ်ကြိမ် အသက်သွင်းပြီး ချောက်ကမ်းပါးကို ဂရုတစိုက် လေ့လာကြည့်သော်လည်း ထူးဆန်းသည့် အရာကို ရှာမတွေ့ပေ။ စိတ်စွမ်းအားဖြင့် ရှာဖွေရန် ကြိုးစားလိုက်သော်လည်း စိတ်စွမ်းအားသည် ကျောက်နံရံထဲ ရောက်သွားသည်နှင့် တပြိုင်နက် ပျောက်ကွယ်သွားသည်။

မျက်လုံးစွမ်းရည်ကို အသက် သွင်းထားသောကြောင့် ဖြစ်ပေါ်လာသည့် စွမ်းအင်လှိုင်းများကို ဖမ်းယူ နိုင်ခဲ့သည်။ ဒါသည် အပြည့်အဝ ထွင်းဖောက်မြင်နေရပြီး စွမ်းအားနယ်ပယ် ထုတ်ဖော်ခြင်း မရှိပေ။

လင်းဟွမ်သည် မျက်လုံးစွမ်းရည်နှင့် အကန့်အသတ်မဲ့ အမြင်အာရုံ တို့ကြောင့် သာမန်မျက်စိနှင့် မြင်နိုင်သော အရာဝတ္ထုထက် ကျော်လွန်သည့်အရာများကို ကြည့်နိုင်၊ မြင်နိုင်သည်။ ဤကဲ့သို့ မဟုတ်ပါက သတိထားမိလိမ့်မည် မဟုတ်ချေ။

လင်းဟွမ်သည် မျက်လုံးစွမ်းရည်နှင့် ချောက်ကမ်းပါးအား လေ့လာနေရင်း စိတ်စွမ်းအားကို အသက် သွင်းလိုက်သည်။ စိတ်စွမ်းအားက ချောက်ကမ်းပါးနံရံနှင့် ထိတွေ့လိုက်လျှင် ချောက်ကမ်းပါးနံရံပေါ်မှ အရောင်အဆင်း ကင်းမဲ့သောလှိုင်းများက ပိုမို ကျယ်ပြန့်လာသည်။

လှိုင်းဂယက်များသည် မမြင်နိုင်သော သီးခြားအလွှာတစ်ခုကဲ့သို့ ချောက်ကမ်းပါးနံရံကို တင်းတင်းကျပ်ကျပ် ကာကွယ်ထားသည်။ လင်းဟွမ်က သူ့လက်များကို နောက်တစ်ကြိမ် ဆန့်ထုတ်လိုက်သည်။ သူ ထိလိုက်သောနေရာမှာ လှိုင်းဂယက်များ ဖြစ်ပေါ်လာသည့် အလယ်ဗဟိုပင် ။ သို့သော် သာမန်ကျောက်တုံး တစ်တုံးကို ထိရသလိုသာ ခံစားရသည်။

သီးခြားအလွှာ လုံးဝ မရှိသလို မိုးရေကြောင့် ဖြစ်ပေါ်လာသော ကျောက်မျက်နှာပြင်၏ ကြမ်းတမ်းသော အထိအတွေ့ကိုသာ ခံစားမိသည်။

လင်းဟွမ် မျက်မှောင်ကြုတ်လိုက်သည်။ လေးလေးနက်နက် တွေးတောဆင်ခြင်ရင်း မူလနေရာတွင် ရပ်နေခဲ့သည်။

ခဏအကြာ လက်ကို ရုတ်တရက် မြှောက်လိုက်သည်။ သူ၏လက်ဖဝါးကို အနက်ရောင် ကံကြမ္မာစွမ်းအားများ ဖုံးအုပ်ပြီး လှိုင်းဂယက်များ ထွက်ပေါ်လာသော အလယ်ဗဟိုကို ထိုးလိုက်သည်။

ဘုန်း....

ကြည့်ပါက သာမန် တိုက်ခိုက်မှုတစ်ခုဟု ထင်ရသော်လည်း လင်းဟွမ်၏ စွမ်းအားကို

မည်သည့်အချိန်ကမျှ လျှော့ မတွက်သင့်ပေ။ အချင်းနှစ်မီတာ ရှိသော တွင်းတစ်ခု ပေါ်လာသည်။

“ခုခံ ကာကွယ်နိုင်စွမ်း မရှိဘူး။ ကြည့်ရတာ ငါ့ခန့်မှန်းချက် မှန်တဲ့ပုံပဲ။ ဒါက စိတ်ဝိညာဉ် သီးခြားအလွှာ တစ်ခုပဲ။ ချောက်ကမ်းပါး မျက်နှာပြင်ပေါ်က ရုပ်ပိုင်းဆိုင်ရာ အနှောင့်အယှက်တွေကို မကာကွယ်နိုင်ဘူး.....။ ဒါကြောင့်လည်း ငါ့လက်ဖဝါး ရိုက်ချက်ကို မကာကွယ်နိုင်တာပေါ့... ဒီသီးခြားအလွှာက ချောက်ကမ်းပါး မျက်နှာပြင်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုအားလုံးကို လျစ်လျူ ရှုထားတာပဲ...”

ထို့နောက် လင်းဟွမ်သည် တောင်ထဲ၌ ဝှက်ထားသော အရာတစ်ခုခု ရှိရမည်ဟု ပို၍ ယုံကြည်လာသည်။ ဒဏ္ဍာရီအရ ဒါသည် ဝိညာဉ်ရေးရာ နတ်ဘုရားပစ္စည်း ဖြစ်နိုင်ကြောင်း အတည်ပြုပြီးနောက် စိတ်တည်ငြိမ် သွားသည်။

ဤပစ္စည်းကို မည်ကဲ့သို့ ရယူရင် ကောင်းမလဲဟု စဉ်းစား တွေးခေါ်နေသည်။

ဒါကို နတ်ဘုရားပစ္စည်းဟု အမည်ပေးခဲ့ခြင်းမှာ ၎င်း၏အဆင့်ကြောင့် မဟုတ်ပေ။ ၎င်း၏ ဗီဇ (အသိစိတ်) ကြောင့်ပင် ။ ၎င်း၏ဗီဇမှာ အပျက်သဘောဆောင်သော

စိတ်ခံစားချက်များ လွှမ်းမိုးနေသည့် မကောင်းဆိုးဝါး သက်ရှိအချို့နှင့် လုံးဝ ကွဲပြားသည်။

နတ်ဘုရား ပစ္စည်းတစ်ခုသည် လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်ပြီး သင်ယူနိုင်စွမ်း ရှိသည်။ ၎င်း၏ ဉာဏ်ရည်မှာ လူသားနှင့်ပင် ယှဉ်နိုင်သည်။ ဉာဏ်ရည် ထက်မြတ်သော နတ်ဘုရားပစ္စည်း မဆိုထားနှင့် ကလေးများပင် သူစိမ်းတစ်ယောက်နှင့်တွေ့ပါက သတိ ထားတတ်ကြသည်။

နတ်ဘုရားပစ္စည်းကို ယူနိုင်သည့် အဓိက နည်းလမ်းနှစ်ခု ရှိသည်။ ပထမ နည်းလမ်းမှာ အင်အားသုံးပြီး အတင်းအကျပ် ဖမ်းယူခြင်းပင်။

ဤနည်းလမ်းကို အသုံးပြုပါက လိုအပ်ချက် အလွန်မြင့်မားသောကြောင့် နတ်ဘုရားပစ္စည်းကို ခက်ခက်ခဲခဲ တိုက်ခိုက်ရလိမ့်မည်။

ဖမ်းယူသူသည် အနည်းဆုံး အတုယောင်နတ်ဘုရားသို့မဟုတ် ထိုအဆင့်ထက်ပင် ပိုအားကောင်း နေရမည်။

ဒုတိယနည်းလမ်းမှာ လွှမ်းမိုးသော နည်းလမ်းပင် ။

လူတစ်ဦးအား ဖြားယောင်း စည်းရုံးသက့ဲသို့ ချော့မော့၍ စာချုပ်ချုပ်နိုင်ရန် သိမ်းသွင်းရမည်။ ထို့အတွက်ကြောင့် နတ်ဘုရားပစ္စည်း၏ အကြိုက်ကို ကြိုတင် လေ့လာထားရမည်။

လင်းဟွမ်သည် ဤကျွန်းပေါ်တွင် နတ်ဘုရားပစ္စည်း အမှန်တကယ် ရှိ၊ မရှိ အတည် မပြုနိုင်သေးသောကြောင့် ထွက်လာသည့် အချိန်တွင် ကြိုတင်ပြင်ဆင်မှု မလုပ်ထားခဲ့ပေ။ သူ၏ အဓိက ရည်ရွယ်ချက်မှာ အဆင့်ကျော် သတ်ဖြတ်ခြင်းဆုများ ရရှိရန်ဖြစ်ပြီး ဤနေရာတွင် သူ ရှာဖွေနိုင်သောအရာများ ရှိ၊ မရှိ စုံစမ်းစစ်ဆေးရန်သာ ။ ယခုမူ မမျှော်လင့်ဘဲ ကံကောင်းထောက်မစွာနှင့် ဒဏ္ဍာရီလာ နတ်ဘုရားပစ္စည်းကို ရှာတွေ့ခဲ့သည်။

“နတ်ဘုရားပစ္စည်းကို တောင်ရဲ့ တစ်နေရာမှာ ဝှက်ထားတာပဲ ဖြစ်ရမယ်။ တောင်ထဲကနေ ထွက်လာဖို့ မလွယ်လောက်ဘူး ထင်တယ်...”

လင်းဟွမ်သည် စိတ်ထဲက တွေးနေပြီး မကြာခင် အစီအစဉ်တစ်ခု ချမှတ်လိုက်သည်။

အသွင်းပြောင်းကတ်ကို ထုတ်ယူကာ ချေမွှပြီးနောက် တစ္ဆေပုံစံ ပြောင်းလိုက်ပြီးနောက် လက်ကို တောင်ပေါ် တင်လိုက်သည်။ သို့သော်လည်း လင်းဟွမ်၏ လက်က တောင်ကို မထိုးဖောက်နိုင်ပေ။ ထိုအစား ထွင်းဖောက် မြင်ရသော သီးခြားအလွှာက ပိတ်ဆို့ထားသည်။ သီးခြားအလွှာအား ထိတွေ့လိုက်သောအခါ

ဖန်သားပြင်ကဲ့သို့ ချောမွေ့နေပြီး အေးမြသော အထိအတွေ့ကို ခံစားရသည်။

"သီးခြားအလွှာက နာမ်ဝိညာဉ်တွေ အပေါ်မှာပဲ သက်ရောက်မှု ရှိတာအမှန်ပဲ။ တစ္ဆေကလည်း ဝိညာဉ်ပုံစံ ဖြစ်နေတော့ ပိတ်ဆို့ခံရတာပေါ့."

ပုံမှန်အားဖြင့် တောင်များကိုပင် ထွင်းဖောက် ဖြတ်သန်းသွားနိုင်သော တစ္ဆေက ယခုအချိန်၌ ပိတ်ဆို့ခြင်းခံနေရ၍ ပိုကောင်းသော အဖြေကို မစဉ်းစားနိုင်ချေ။

"အလုပ် မဖြစ်ရင်တော့ တောင်ကြီးတစ်ခုလုံး ဖြိုရတော့မယ့်ပုံပဲ..."

ထိုအတွေးက လင်းဟွမ်စိတ်ထဲ ပေါ်လာသည်။

ထိုစဉ် သီးခြားအလွှာနှင့် ထိတွေ့နေသော သူ့လက်ဖဝါးပေါ်သို့ ကြီးမားသော စွမ်းအားတစ်ခု သက်ရောက်လာပြီး ဆွဲခေါ်သွားသည်။ နောက်ပြန်ဆုတ်ချင်သော်လည်း ထိုကဲ့သို့ လုပ်ဆောင်ရန် အလွန်နောက်ကျသွားခဲ့ပြီ။

သူ့ခန္ဓာကိုယ်သည် တောင်ထဲ ဆွဲသွင်းခြင်း ခံလိုက်ရပြီး ခဏလေးအတွင်းမှာပင် သီးခြားအလွှာထဲ ထိုးဖောက် ဝင်ရောက်သွားသည်။

လင်းဟွမ်၏ ခန္ဓာကိုယ်သည် အားကောင်းသော စွမ်းအားနှင့် တောင်ပေါ်သို့ ဖြည်းဖြည်းချင်း ဆွဲငင်ခြင်း

ခံနေရသည်။ မည်မျှပင် ကြမ်းကြမ်းတမ်းတမ်း ရုန်းကန်နေပါစေမူ သူ၏ ကြိုးစားအားထုတ်မှု အားလုံးက အချည်းအနှီးပင် ။

ခွန်အားသည် တုန့်ဆိုင်း မရနိုင်အောင် ဖြစ်နေပြီး သူ့ထက်များစွာ အားကောင်းနေသည်။

လင်းဟွမ်သည် တစ္ဆေပုံစံမှ မူလပုံစံ ပြန်ပြောင်း လိုက်သော်လည်း ကြီးမားသော စွမ်းအား၏လက်ထဲမှ လွတ်မြောက်အောင် မရုန်းနိုင်ပေ။ ထူးဆန်းသည်မှာ တောင်ထဲတွင် ရှိနေသော်လည်း သူ၏လှုပ်ရှားမှုကို မကန့်သတ်ထားချေ။ တစ္ဆေပုံစံနဲ့ယှဉ်လျှင် ကွာခြားမှု အနည်းငယ်သာ ရှိခဲ့သည်။ ကျောက်တုံးနှင့်

မြေဆီလွှာများသည် အစစ်အမှန် မဟုတ်သလို ပုံရိပ်ယောင်များ အလား ဖြစ်နေသည်။

သို့သော်လည်း သူ၏ မျက်လုံးစွမ်းရည်သည် ဒါက ထင်ယောင်ထင်မှား ပုံရိပ်ယောင် မဟုတ်ကြောင်း လျင်မြန်စွာ အတည်ပြုနိုင်ခဲ့သည်။ သူ့ခန္ဓာကိုယ်အား အရာဝတ္ထုနှင့် မထိအောင် သီးခြားခွဲထုတ်ထားသော စွမ်းအားကြောင့် အစစ်အမှန် မဟုတ်ဘူးဟု ထင်နေခဲ့ခြင်းပင် ။

လင်းဟွမ်သည် သူ့ရုန်းကန်မှုက အချည်းအနှီးသာ ဖြစ်ကြောင်း သိပြီးနောက် လုံးဝ လက်လျှော့လိုက်သည်။

ကြီးမားသော စွမ်းအားက နောက်ဆုံး ပန်းတိုင်အထိ ဆွဲခေါ်သွားမည့်အချိန်ကို စောင့်နေလိုက်သည်။

ခဏအကြာ လင်းဟွမ်သည် သူ့ကိုဆွဲခေါ်နေသော အားက အားပျော့သွားကြောင်း သိသိသာသာ ခံစားမိပြီး လိုရာခရီး ရောက်ရှိသွားပြီဖြစ်ကြောင်း သိလိုက်သည်။ ကြီးမားသော စွမ်းအား ပျောက်ကွယ်သွားသည်နှင့် လင်းဟွမ်သည် လွတ်မြောက်သွားသလို ခံစားလိုက်ရသည်။ ခန္ဓာကိုယ်ကို ဟန်ချက်ထိန်းပြီး ပတ်ဝန်းကျင်ကို ချက်ချင်း လှည့်ကြည့်လိုက်သည်။ ထို့နောက် အံ့အားသင့်သွားသည်။

“ဘာဖြစ်တာလဲ...”

မျက်လုံးပြူးနေသည်။

သူ့ကို ကြယ်ရောင်စုံ ကောင်းကင်ကြီး ရှိနေသည့် ဒိုင်မေးရှင်း ဟင်းလင်းပြင်တစ်ခုထဲ ခေါ်ခဲ့ပြီး မြေဆွဲအားမှာ သုံညဖြစ်နေကာ လေထဲ လွင့်မျောနေသည်။ သူ၏ အမြင်အာရုံထဲတွင် ဂြိုဟ်များက အလွန် ကြီးမားနေသောကြောင့် သူ့တည်ရှိမှုက အရေးမပါသလို ခံစားနေရသည်။

မကြာခင် ကြီးမားသော အရာဝတ္ထုတစ်ခုက မယုံနိုင်လောက်အောင် မြန်ဆန်သော အရှိန်နှင့် သူ့ထံ ချဉ်းကပ်လာနေကြောင်း တွေ့လိုက်ရသည်။ ဂြိုဟ်တစ်ခု မဟုတ်ကြောင်း သိသာသည်။ သို့သော်လည်း

အရွယ်အစားမှာမူ လင်းဟွမ် မြင်ဖူးသမျှ ဂြိုဟ်များထက် ကျော်လွန်နေသည်။

“ကျောက်ပြား တစ်ပြားလား...”

လင်းဟွမ်သည် ထိုအရာဝတ္ထုကို ထိတ်လန့်တုန်လှုပ်စွာကြည့်ပြီး အော်ဟစ်လိုက်ပြီးနောက် လျင်မြန်စွာ စဉ်းစားလိုက်မိသည်။ ဒါသည် တောင်ထဲတွင် မြှုပ်နှံထားသော နတ်ဘုရားပစ္စည်းပင် ဖြစ်ရမည်။

အခန်း(၇၇၄) - ကျောက်ပြား တစ်ခု။

တိတ်ဆိတ်သော ကောင်းကင်ပေါ်တွင် ရှိနေသည့် အနက်ရောင် ကျောက်ပြားမှာ လင်းဟွမ် မြင်ဖူးသမျှ အရာအားလုံးထက် အဆမတန် ကြီးမား လွန်းသည်။ ၎င်းသည် လေထဲ လွင့်ဝဲ နေပြီး ရှေးဟောင်း အင္ဂေ့အသက်များ ထုတ်လွှင့် နေသည်။ ဤဒိုင်မေးရှင်းထက်ပင် ပို၍ ရှေးကျစွာ တည်ရှိခဲ့သည်မှာ သိသာ ထင်ရှားသည်။

ကျောက်ပြားထံမှ ထွက်ပေါ်လာသော အင္ဂေ့အသက်ကို ခံစားမိပြီးနောက် သူ မေ့နေခဲ့သော မှတ်ဉာဏ်များကို ပြန်သတိရသွားသည်။

ဒါသည် သူခရီးထွက်မလာခင် ကမ္ဘာမြေမှ အမှတ်တရများပင်။ အမှတ်တရ တစ်ခုစီတိုင်းကို အသေးစိတ် ပြန်မြင်နေရပြီး ဗွီဒီယိုတစ်ခု ဖွင့်ပြနေသလို မြင်နေရသည်။ တစ်ချိန်တုန်းက မရေမရာ၊ မှုန်ဝါးဝါး ဖြစ်နေသော အမှတ်တရ အချို့ပင် ယခုအချိန်တွင် ရုပ်ထွက် ကောင်းအောင် ရိုက်ကူးထားသော ဗွီဒီယိုများကဲ့သို့ ရှင်းရှင်းလင်းလင်း ပေါ်လာသည်။

သူ့အိမ်ဟောင်းမှ တံခါးကို ညင်သာစွာ တွန်းဖွင့်လိုက်သောအခါ ထွက်ပေါ်လာသော တက္ကျိုကျို အက်ကွဲသံကိုပင် ရှင်းရှင်းလင်းလင်း ကြားနေရသည်။ သူ့အမေ၏ အနက်ရောင် ဆံလိပ်ပေါ်က ဆံချည်မျှင်တစ်မျှင်ထက် ပိုပါးလွှာသော ချည်မျှင်ကိုပင် ထင်ထင်ရှားရှား မြင်တွေ့ရသည်။

သူငယ်စဉ်အချိန်က အပျော်ကြူး၍ ပုရွက်ဆိတ်အသိုက်ထဲ ရေများလောင်းချရာ ပုရွက်ဆိတ်ဘယ်နှစ်ကောင် လွတ်မြောက်သွားသည်ကိုပင် တိတိကျကျ တွက်ချက်နိုင်သည်။ နို့စို့အရွယ်ကလေးဘဝက မှတ်ဉာဏ်ကို ဘာတစ်မှ

မမှတ်မိသော်လည်း ယခုအချိန်၌ အရာအားလုံးကို ရှင်းရှင်းလင်းလင်း မှတ်မိနေသည်။

“ဒီကျောက်ပြားက ဘာလဲ..... အင္ဂေ့အသက်တစ်ခုတည်းကတောင် ငါ့မှတ်ဉာဏ်တွေကို သက်ရောက်မှုရှိနေတာလား..”

ကျောက်ပြားက သူ့ထံ ချဉ်းကပ်လာစဉ် မရေမတွက်နိုင်သော ဥက္ကာခဲများက ကျောက်ပြားမျက်နှာပြင်နှင့် ထိဆက်နေသည်ကို တွေ့ရသည်။ ဥက္ကာခဲများကြောင့် ဖြစ်ပေါ်လာသော တွင်းနက်ကြီးများသည် ကျောက်ပြား မျက်နှာပြင်၏ လေးပုံသုံးပုံခန့်ကို သိမ်းပိုက်ထားပြီး နေရာအနှံ့

ပြန့်ကျဲနေသည်။ တွင်းတစ်ဝိုက်တွင် အက်ကွဲကြောင်းများက ထင်ထင်ရှားရှား ဖြစ်ပေါ်နေသည်။ အချို့ အက်ကွဲကြောင်းများက အင်မတန် ထင်ရှားသည်။

လင်းဟွမ်သည် အက်ကွဲ ကြောင်းများကို ကြည့်လိုက်ရာ အဆုံးမရှိ တွင်းနက်ကြီး တစ်ခုဖြစ်ကြောင်း တွေ့လိုက်ရသည်။ ကျောက်ပြား တစ်ခုလုံးက ပြင်းပြင်းထန်ထန် ပျက်ဆီးနေပုံပင် ။ တွင်း အရေအတွက်နှင့် အက်ကွဲကြောင်း အတိမ်အနက်ကို အခြေခံ၍ ပြောရမည်ဆိုလျှင် ပြိုကျ မပျက်ဆီးစေရန် ထိန်းသိမ်းဖို့ မလွယ်ကူလှပေ။

“ဥက္ကာခဲတွေကြောင့် ဖြစ်တယ်လို့တော့ မထင်ဘူး။ နတ်ဘုရားပစ္စည်းတွေမှာ အသိစိတ်ရှိနေလို့ ဥက္ကာပုံ ပြုတ်ကျလာတာနဲ့ ကြုံရင်တောင် ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ အတားအဆီး သုံးမှာပဲ။ ကျောက်ပြားပေါ်မှာ ဒဏ်ရာတွေ ချန်ခဲ့မှာ မဟုတ်ဘူး။ နတ်ဘုရားပစ္စည်းရဲ့ အစွမ်းအပြင် ကာကွယ်ရေး အကာအကွယ်ကို အပြည့်အဝ အသက် သွင်းလိုက်တာနဲ့ ကျောက်ပြားကို အတိုင်းအတာတစ်ခုအထိ ပျက်ဆီးစေနိုင်မှာ မဟုတ်ဘူး။ “

“ဒါကို ပျက်ဆီးအောင် လုပ်တဲ့သူတွေထဲမှာ သက်ရှိ လူသားတွေ ၊ မွန်းစတားတွေ ပါလိမ့်မယ်။ နောက်ပြီးတော့ နတ်ဘုရားအဆင့်လောက် ဖြစ်လိမ့်မယ်။

အစစ်အမှန် နတ်ဘုရား အဆင့်ပဲ။ ဒီလိုမှမဟုတ်ရင် လုပ်နိုင်မှာ မဟုတ်ဘူး”

ဒါက သာမန် နတ်ဘုရားပစ္စည်းတစ်ခု မဟုတ်နိုင်ဘူး။ ဒီလောက် အတိုင်းအတာထိ အပျက်အစီးတွေ၊ ဒဏ်ရာတွေ၊ ထိခိုက်ပျက်ဆီးမှုတွေ ဖြစ်နေပေမယ့် သူရဲ့စွမ်းအားက စတုရန်းမီတာ တစ်သန်းကျော်ရှိတဲ့ ကျွန်းတစ်ခုလုံးကို လွှမ်းခြုံထားနိုင်ပြီး ကျိန်စာ တိုက်နိုင်ဆဲပဲ..”

လင်းဟွမ်သည် ပို၍ အသေးစိတ်ကျကျ သုံးသပ်လေလေ ဤပစ္စည်းက သာမန် မဟုတ်ကြောင်း ပို၍ ခံစားရလေလေပင် ။ ကျောက်ပြားက သူ့ထံ

ဦးတည်ပြီး ရွှေ့လျားလာနေသည်ကို မြင်လျှင် မလုံခြုံသလို ခံစားရသည်။

"ငါ့နောက် မလိုက်လာဖို့ မျှော်လင့်တယ်.."

လင်းဟွမ်သည် စိတ်ထဲ ထိုအတွေး ပေါ်လာသည်နှင့် တပြိုင်နက် ကျောက်ပြားကြီးလက်မှ လွတ်မြောက်အောင် ထွက်ပြေးရန် ကြိုးစားသည်။ မကြာခင် ကျောက်ပြားက လမ်းကြောင်း ပြောင်းပြီး သူ့နောက်လိုက် နေသေးသည်ကို တွေ့လိုက်သည်။

"ဟာ.... တကယ်ပဲ ငါ့နောက် လိုက်လာတာလား.."

လင်းဟွမ် မျက်နှာပျက်သွားပြီး ပျံသန်းသော လမ်းကြောင်းကို ဦးတည်ရာ ပြောင်းလိုက်သည်။

နောက်လှည့် ကြည့်လိုက်ရာ ကျောက်ပြားက ဦးတည်ရာပြောင်းပြီး လိုက်လာဆဲပင်...။

လင်းဟွမ်သည် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း ကျောက်ပြားက အကြိမ်ကြိမ် လမ်းကြောင်းပြောင်းပြီး လိုက်နေသေးသည်။

လင်းဟွမ် ကြောက်လန့်တကြား ပြေးနေစဉ် ကျောက်ပြားကြီးက သူ့ထံဦးတည်ပြီး လာနေဆဲ ဖြစ်သည်။ လင်းဟွမ်က နှစ်ဆတိုးအရှိန်ကို အသက်သွင်းပြီး သွေးရူးသွေးတန်း ပျံသန်းသော်လည်း ကျောက်ပြားကို သူနှင့် ဝေးသွားအောင် မလုပ်နိုင်သေးချေ။

"မလွတ်နိုင်ဘူး.."

လင်းဟွမ်သည် အသည်းအသန် ကြိုးစား၍ ထွက်ပြေးနေသော်လည်း မလွတ်မြောက်နိုင်ကြောင်း သိလိုက်ပြီး သူ၏ ကြိုးစားအားထုတ်မှု အားလုံးက အချည်းနှီးသာ ဖြစ်နေကြောင့် ကံကြမ္မာကိုသာ ပုံချလိုက်သည်။ ထို့နောက် ဆက်၍ ထွက်မပြေးရန် ဆုံးဖြတ်လိုက်သည်။

အသွင်ပြောင်းကတ်ကို ချေမှုပြီး သူ၏ တိုက်ခိုက်ရေးအဆင့်ကို ရှေ့ရောင်မီးလျှံ အဆင့်မှ အင်မော်တယ်အဆင့် (၄) ကို ချက်ချင်း မြှင့်တင်လိုက်သည်။ ဘယ်ဘက်လက်ထဲ၌ ယာယီ

တိုက်ခိုက်ရေး အဆင့် မြှင့်တင်ခြင်းကတ် (၃) ကတ်ကိုပင် ကိုင်ထားသေးသည်။ ထို့နောက် ညာဘက်လက်တွင် လေတိုးသံ (ခါး)ကို ကိုင်ထားသည်။

လင်းဟွမ်သည် လေထဲ လွင့်မျောနေပြီး ကျောက်ပြားနှင့် မျက်နှာချင်းဆိုင် မတ်တပ်ရပ်နေသည်။ မျက်နှာအမူအရာက အေးစက်နေပြီး တိုက်ပွဲဝင်ရန် မောင်းတင်ထားသည်။

ရောမ အနက်ရောင် ကျောက်ပြားကြီးက ရှေ့ကို အဆက်မပြတ် ရွှေ့လျားနေပြီး မကြာခင် လမ်းဟွမ်အနား ရောက်လာသည်။ မီတာ (၁၀၀) ခန့်သာ ဝေးတော့သည်ကို မြင်လျှင် လင်းဟွမ်သည်

သိုင်းကျင့်စဉ်ကို ထုတ်သုံးရန် စွမ်းအားများကို စတင်စုဆောင်းလိုက်သည်။

ထိုစဉ် ကျောက်ပြားကြီးက ရုတ်တရက် ရပ်တန့်သွားပြီး လင်းဟွမ်အရှေ့ မီတာ (၁၀၀) အကွာတွင် ဖြည်းဖြည်းချင်း ဝဲပျံနေသည်။ လင်းဟွမ်သည် တစ်ခုခု လွဲချော်နေပြီဟု သိလိုက်သည့်အချိန်၌ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာသည်။

“လူသား..... မင်းရဲ့ဝိညာဉ်မှာ ထူးခြားမှု တစ်ခုခု ရှိနေတယ်..”

လင်းဟွမ် တောင့်တင်းသွားသည်။ ပတ်ဝန်းကျင်ကို စိတ်စွမ်းအားများနှင့် ကြည့်လိုက်သော်လည်း ဘာမှ မတွေ့ချေ....။

အသိစိတ်များကို လျင်မြန်စွာ စုဆည်းပြီး သူနှင့်မီတာ (၁၀၀) အဝေးတွင် ရှိနေသော ကျောက်ပြားကြီးကို တုန်လှုပ်ချောက်ချား နေသောစိတ်နှင့် သတိထားကာ စိုက်ကြည့်လိုက်သည်။ ထိုနေရာတွင် ဘာမှ မရှိသော်လည်း ကျောက်ပြားကြီးထံမှ အသံ ထွက်လာသည်မှာ ထင်ရှားသည်။

“မကြောက်နဲ့ ငါက လူသားတွေအပေါ်မှာ ဆိုးရွားတဲ့ ရည်ရွယ်ချက် မရှိဘူး..”

ထိုအသံကြီးကို နောက်တစ်ကြိမ် ကြားရပြန်သည်။

“မင်းက ကျောက်ပြား ..... ဒါမှမဟုတ် ကျောက်ပြားထဲမှာ ပုန်းနေတဲ့ သက်ရှိတစ်ကောင်လား..”

လင်းဟွမ်က မေးလိုက်သည်။

“မင်းမှာ မကောင်းတဲ့ ရည်ရွယ်ချက်မရှိရင် မင်းရဲ့ခန္ဓာကိုယ် အစစ်အမှန်ကို မပြဘဲ ဘာဖြစ်လို့ ငါနဲ့မျက်နှာချင်းဆိုင် စကား မပြောတာလဲ..”

လင်းဟွမ်သည် ဤကမ္ဘာပေါ် ခရီးထွက်လာပြီးနောက် စကားပြောတတ်သော မွန်းစတားများစွာကို တွေ့ကြုံ ခဲ့ဖူးသည်။ သို့သော်လည်း ရွှေလက်ချောင်း ရှောင်ဖိန်

မှလွဲ၍ စကားပြောနိုင်သည့် အခြားအရာဝတ္ထုများကို မမြင်ခဲ့ဖူးချေ။

ဒါသည် စကားပြောတတ်သော ကျောက်ပြား တစ်ပြားနှင့် ပထမဦးဆုံးအကြိမ် ကြုံဖူးခြင်းပင်.....။ သို့သော်လည်း မည်သည့်အရာကိုမှ ရှာ မတွေ့သောကြောင့် ကျောက်ပြားထံမှ အသံ ထွက်လာခြင်း ဖြစ်မည်ဟု အတည်ပြုခဲ့ခြင်းသာ....။ သို့သော်လည်း ကျောက်ပြားကိုယ်တိုင် ဟုတ် မဟုတ်၊ ကျောက်ပြားထဲတွင် ပုန်းအောင်းနေသော သက်ရှိ ဟုတ်၊ မဟုတ်ကိုမူ အတည်မပြုနိုင်သေးချေ။

လင်းဟွမ်သည် ၎င်းထံမှ အဖြေမရခဲ့ပေ။

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် ကျောက်ပြား၏ အရွယ်အစားမှာ သိသိသာသာ ကျုံ့ဝင်လာသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။ (၁၀) စက္ကန့်မပြည့်ခင်မှာပင် ကြယ်များ ထက်ကြီးသော ကျောက်ပြားကြီးက သုံးမီတာ အမြင့်ထိ ကျုံ့သွားသည်။ တစ်ချိန်ထဲမှာပင် တူညီသောအသံကို နောက်တစ်ကြိမ် ထပ်ကြားလိုက်ရသည်။

“အခု ငါ ဘယ်သူလဲဆိုတာ မင်း သိပြီလား..”

အဖြေက ရှင်း၏။

လင်းဟွမ်သည် သူ့အနားတွင် ရှိနေသော ကျောက်ပြားကို စိုက်ကြည့်ပြီး ကြောင်နေသည်။

ကြီးမားလှသော ပစ္စည်းကြီးက ဤမျှ အရွယ်အစားအထိ လျှော့ချနိုင်လိမ့်မည်ဟု မည်သည့်အခါကမှ စိတ်မကူးမိခဲ့ပေ။ ခဏအကြာ လင်းဟွမ်သည် အတွေးထဲမှ ပြန်လွတ်မြောက်ပြီး အသိစိတ် ပြန်ကပ်ကာ သတိကြီးကြီး ထားနေဆဲပင်။

"မင်းက လူသားတွေအပေါ်မှာ ဆိုးရွားတဲ့ ရည်ရွယ်ချက် မရှိဘူးလို့လည်း ပြောသေးတယ် ဘာဖြစ်လို့ ငါ့ကို ဒီခေါ်လာတာလဲ.."

"မင်းရဲ့ဝိညာဉ်က ငါနဲ့ရင်းနှီးပြီး စွဲမက်စေတဲ့ အင်္ဂေ့အသက် ထုတ်လွှတ်နေလို့ပဲ.."

ကျောက်ပြားကြီးက စကားကို ခေတ္တ ရပ်ဆိုင်းလိုက်ပြီး ..

“ငါထင်တာ မမှားရင် မင်းက ခရီးသွားတစ်ယောက်ပဲ ဖြစ်ရမယ်။ ဟုတ်တယ် မဟုတ်လား..”

ထိုစကားကိုကြားလျှင် လင်းဟွမ်၏ နှလုံးခုန်သံများ မြန်ဆန်သွားသည်။ ပထမဦးဆုံး အကြိမ်တစ်ယောက်ယောက်က သူ့အထောက်အထား အစစ်အမှန်ကို ဖော်ထုတ်နိုင်ခြင်းပင်။ သို့သော်လည်း ဟန်မပျက် ထိန်းသိမ်း ထားခဲ့ပြီး အဖြေ ပြန်မဖြေပေ။

“ဆောရီး. ငါ့အသံက ကြမ်းသွားလို့။ ငါက လူသားတွေနဲ့ စကားမပြောဖြစ်တာ တော်တော်လေး

ကြာပြီ.. အဲ့ဒါကြောင့် ငါ့ရဲ့ စကားပြောစွမ်းရည်က သံချေးတက်နေတာ..”

ကျောက်ပြားက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

“ကဲ..... ကိုယ်ရေးကိုယ်တာကိစ္စ မမေးခင် ငါ့ကိုယ်ငါ အရင်ဆုံး မိတ်ဆက်ပေးမယ်။ ငါ့ရဲ့ အရင်သခင်က မင်းနဲ့တူတယ်။ ခရီးသွား တစ်ယောက်ပဲ။ မင်းတို့ နှစ်ယောက်ရဲ့ အငွေ့အသက်က နည်းနည်းလေး ဆင်တယ်။ ရွှေလက်ချောင်းတစ်ခု ဖြစ်ခဲ့ဖူးတဲ့အတွက် မင်း... ခန္ဓာကိုယ်ထဲမှာ ရွှေလက်ချောင်း အော်ရာ ရှိနေတာကို ရှင်းရှင်းလင်းလင်း ခံစားရတယ်..”

“မင်းက ရွှေလက်ချောင်း တစ်ခုလား..”

လင်းဟွမ် စိုးရိမ်လာသည်။

ရွှေလက်ချောင်းများက အချင်းချင်း ဖိနှိပ်၍ ဝါးမျိုတတ်သည့်အကြောင်းကို ရှောင်ဖိန် ပြောခဲ့ဖူးပြီး ထိုအကြောင်းကို ရှင်းရှင်းလင်းလင်း မှတ်မိနေသေးသည်။ ဤဒိုင်မေးရှင်းထဲ ဝင်လာပြီးနောက် ရှောင်ဖိန် တိတ်ဆိတ်သွားသည်ကို သူ ခံစားမိသည်။ အသွင်ပြောင်းကတ်ကို အသုံးပြုသည့် အခါမှာလည်း ရှောင်ဖိန်၏အသံ ထွက် မပေါ်လာပေ။ အကြောင်းကြားချက်လည်း မကြားခဲ့ရချေ။ စိုးရိမ်သောကြောင့် လျစ်လျူရှုခဲ့မိသည်။

ထိုအဖြစ်အပျက်ကို ပြန်သတိ ရပြီးနောက် ရှောင်ဖိန်က သူ၏ ဖြစ်တည်မှုကို ဖုန်းကွယ်ရန် အတင်းအကျပ် ဖိအားပေး ခံနေရသည်ဟု ယုံကြည်မိသည်။

ကျောက်ပြားက ပြင်းပြင်းထန်ထန် ထိခိုက်ပျက်ဆီးနေသောကြောင့် ရှောင်ဖိန်ကို ဝါးမျိုလိုက်ပါက ၎င်း၏ ပျက်ဆီးနေသော အစိတ်အပိုင်းအချို့က ပြန်လည်ကောင်းမွန်လာလိမ့်မည်။

စိတ်ထဲ ထိုအတွေး ဖျတ်ခနဲပေါ်လာလျှင် လင်းဟွမ် မျက်နှာပျက်သွားသည်။

လင်းဟွမ် မျက်နှာပျက်သွားသည်ကို မြင်လျှင် ကျောက်ပြားကြီးက လင်းဟွမ် ဘာတွေးနေမှန်း သိပုံရကာ

“စိတ်မပူနဲ့.. မင်းနဲ့ မင်းရဲ့ရွှေလက်ချောင်းကို ဘာမှမလုပ်ဘူး။ ကြယ်နှစ်ပွင့် လုပ်ကိုင်ခွင့် ရွှေလက်ချောင်းက ငါ ပြန်ကောင်းလာဖို့က သိသိသာသာ အထောက်အကူ မပြုဘူး။ နောက်ပြီးတော့ ဒါက ပြီးပြည့်စုံတဲ့ပုံစံဖြစ်လို့ မျိုချလိုက်ရင် ငါ့ကိုယ်ငါ ကုစားနိုင်တာထက် ပိုပြီး စွန့်စားရလိမ့်မယ်”

“ကြယ်နှစ်ပွင့် လုပ်ကိုင်ခွင့် ရွှေလက်ချောင်းလား..”

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ရှောင်ဖိန်က အကြိမ်ပေါင်းများစွာ အဆင့်တက်ခဲ့ကြောင်း ပြန်သတိရသွားသဖြင့် ၈၀၈၀၀ ဖြစ်သွားသည်။

“မင်းက လုပ်ကိုင်ခွင့်နဲ့ ပတ်သက်ရင် ဘာမှ မသိဘူးလား..”

ကျောက်ပြားက မေးခွန်း ထုတ်လိုက်သည်။

“ကြည့်ရတာ မင်းရဲ့ ရွှေလက်ချောင်းက အကျင့်မကောင်းဘူး ထင်တယ်..”

“ငါ လက်ခံနိုင်သေးတယ်..”

လင်းဟွမ်သည် ရှောင်ဖိန်အား ရရှိခဲ့သည့်အချိန်ကို ချက်ချင်း ပြန်သတိရသွားသည်။ သူ၏ အကဲဖြတ်ကတ်ကို ရသည့်အချိန်က အချိန် အတော်ကြာသည့်အထိ မှတ်ချက်တွေက ဆိုးရွားနေခဲ့သည်။

“ဒါဆိုရင် မင်း ငါ့ကို ပိုပြီး ပြောပြနိုင်မလား..”

“ဟာ တော်တော်လေး ရိုးရှင်းပါတယ်။ အသုံးပြုသူရဲ့ ကံကြမ္မာအဆင့်နဲ့ ဆိုင်တယ်။ ဒါပေမယ့် သာမန် လူတစ်ယောက်က ပုံမှန်အားဖြင့် ကြယ်တစ်ပွင့် လုပ်ကိုင်ခွင့် ရှေ့လက်ချောင်း ရှိမယ်။ သာလွန်အဆင့်ရဲ့ ရှေ့လက်ချောင်းကတော့ ကြယ်နှစ်ပွင့် လုပ်ကိုင်ခွင့်အဖြစ်

အဆင့်မြင့်သွားမယ်။ နတ်ဘုရား ဖြစ်လာရင် ကြယ် (၃)ပွင့် ဖြစ်သွားမယ်.. အဲ့ဒီလို သွားတာပေါ့..”

“ဒါဆိုရင် လုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီး ငါ ကြားနေရတဲ့ အကြောင်းကြား ချက်တွေက အတိအကျပြောရရင် ရွှေလက်ချောင်းရဲ့ ကြယ်ပွင့် လုပ်ကိုင်ခွင့် မဟုတ်ဘူးပေါ့..”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

“မင်း ပြောတာက ချိပ်ပွင့်တာတွေ၊ မြှင့်တင်ခြင်း လုပ်ဆောင်ချက်တွေ ဖြစ်လိမ့်မယ်။ ဒါက သတ်မှတ်ထားတဲ့ လိုအပ်ချက်နဲ့ ကိုက်ညီရင် မြင့်တက်လာတဲ့ အဆင့်မြှင့်တင်မှုပဲ။ ပိုင်ရှင်ရဲ့

ကံကြမ္မာအဆင့်နဲ့ ဘာမှမဆိုင်ဘူး။ ဒီနေရာမှာ လုပ်ဆောင်ချက်နဲ့ ကြယ်အဆင့် လုပ်ကိုင်ခွင့်ဆိုပြီး နှစ်မျိုးခွဲထားတယ်..”

လင်းဟွမ်သည် ကျောက်ပြား၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် သဘောပေါက်သွားသည်။

“တခြား မေးခွန်း မေးလို့ရဦးမလား..”

လင်းဟွမ်သည် ကျောက်ပြား၏ ရှင်းလင်းချက်ကို ကြားပြီးနောက် မေးခွန်းမေးရန် သတ္တိရှိလာခဲ့သည်။

“ငါ အတတ်နိုင်ဆုံး ဖြေပေးမယ်..”

“မင်းရဲ့ ကြယ်အဆင့် လုပ်ကိုင်ခွင့်က ဘာလဲ..”

လင်းဟွမ်က ကံစမ်းကြည့်လိုက်သည်။

“ကြယ်လေးပွင့်..”

ကျောက်ပြားက လင်းဟွမ်ကို ဖုံးကွယ်ရန် မကြိုးစားပေ။

“ကြယ်လေးပွင့်လား..၊ ဒါဆို မင်းရဲ့အရင်သခင်က နတ်ဘုရား တစ်ပါးထက်တောင် ပိုသန်မာတယ်လို့ ဆိုလိုတာပေါ့..”

လင်းဟွမ် တုန်လှုပ်သွားသည်။

“ဟုတ်တယ် အမှန်ပဲ။ သူ့ရဲ့စွမ်းရည်က စွမ်းအားထက်တယ်ဆိုတဲ့ ယောကျ်ားတွေထက် ပိုသာတယ်..”

“သူ သေသွားပြီလား..”

သာမန် အခြေအနေဆိုလျှင် ရှေ့လက်ချောင်းက သခင်ကို မည်သည့်အချိန်မှ စွန့်ခွာမည်မဟုတ်ပေ။ ကျောက်ပြားက ဤနေရာတွင် ရှိနေပြီး ပြင်းပြင်းထန်ထန် ထိခိုက်ထားသောကြောင့် တစ်ခုခု ဖြစ်ခဲ့ရမည်ဟု လင်းဟွမ် ယူဆလိုက်သည်။

ကျောက်ပြားသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် လေးနက်စွာ ဖြေလိုက်သည်။

"ဟုတ်တယ်.."

"မင်းရဲ့အစွမ်းအစ၊ မင်းရဲ့ အကူအညီနဲ့ဆိုရင် ဘယ်လိုသေသွားရတာလဲ.."

လင်းဟွမ်သည် ဤကျောက်ပြား၏ သခင်က မည်ကဲ့သို့ သေဆုံးသွားလဲ ဆိုသည်ကို စိတ်ကူး မကြည့်နိုင်ပေ။

"အစွမ်းထက်တဲ့ ရန်သူကို ရန်စမိလို့.."

ကျောက်ပြားက မေးခွန်းကို ရှောင်ဖယ်ရန် ကြိုးစားနေသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ မပြောချင်သည်မှာ သိသာ ထင်ရှားသည်။

လင်းဟွမ်သည် ထိုအချက်ကို သဘောပေါက်သွားသောကြောင့် ဘာမှ ဆက်မမေးတော့ချေ။ ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် မကြာခင် စကားလမ်းကြောင်း ထပ်ပြောင်းလိုက်သည်။

“ဘာဖြစ်လို့ ငါ့ကို ဒီခေါ်တာလဲ။ ငါ့ဆီက ထုတ်လွှင့်တဲ့ အင္ဂေ့အသက်က မင်းသခင်နဲ့ တူနေရုံနဲ့တော့ မဖြစ်နိုင်ဘူး ထင်တယ်နော်..”

ကျောက်ပြားသည် နောက်တစ်ကြိမ် တိတ်ဆိတ်သွားပြီး ခဏအကြာ

“အမှန်အတိုင်း ပြောမယ်။ ဒီခေါ်ရတဲ့ အကြောင်းအရင်းက မင်းကို ငါ့ပိုင်ရှင် ဖြစ်စေချင်လို့ပဲ”

“ခဏာ..... ရွှေလက်ချောင်း တစ်ခုတည်းနဲ့ပဲ စာချုပ်ချုပ်နိုင်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား..”

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

ပုံမှန် အခြေအနေဆိုပါက ရွှေလက်ချောင်း တစ်ခု ထပ်ရ၍ စိတ်ထဲမထားချေ။ သို့သော်လည်း ရွှေလက်ချောင်းနှင့် ချုပ်ဆိုသည့်စာချုပ်မှာ ထူးခြားပြီး အခြား စာချုပ်တစ်ခု ထပ်ချုပ်ရန် မဖြစ်နိုင်ကြောင်း သူသိထားသည်။

“ဒါက ရှင်းပါတယ်။ အခုလက်ရှိ ရှိနေတဲ့ ရွှေလက်ချောင်းနဲ့ စာချုပ်ကို အဆုံးသတ် လိုက်..”

အခန်း(၇၇၅) - ကျောက်ပြားနှင့် စကား ပြောဆိုခြင်း။

"မင်းရဲ့ ရွှေလက်ချောင်း အကြောင်းနဲ့ပတ်သတ်ပြီး ဘာမှမသိတော့ အခုလက်ရှိ မင်းဆီမှာရှိနေတဲ့ ရွှေလက်ချောင်းက တော်တော်လေး သဘောဆိုးတယ်လို့ ငါ ထင်တယ်။ မင်းကို သဘောကျမှာ မဟုတ်ဘူး၊ အဲဒါက ကြယ် (၂) ပွင့်အဆင့် ရွှေလက်ချောင်းလို့ တွေးရင်တောင် နောက်ပိုင်း အဆင့်တက်နိုင်မလားဆိုတာ မသေချာသေးဘူး။ အဲဒါက အဆင့် (၃)၊ အဆင့် (၄) ဖြစ်လာမလား ဆိုတာလည်း မင်း မသိသေးဘူး”

"ဒါပေမယ့် ငါကတော့ မတူဘူး။ ကြယ်လေးပွင့် ရွှေလက်ချောင်းပဲ။ ကြယ်တစ်ပွင့် အဆင့်ကနေ ကြယ်လေးပွင့် အဆင့်အထိ လုပ်ဆောင်ချက်တွေလည်း အသက်ဝင်နေပြီ။ မင်းနဲ့ စာချုပ်ချုပ်ပြီးရင် ငါ့ရဲ့ လုပ်ပိုင်ခွင့်ကို ကြယ်နှစ်ပွင့် အဆင့်ပဲ ကန့်သတ်ထားတယ် ဆိုပေမဲ့ အခုလက်ရှိ မင်းရဲ့ ရွှေလက်ချောင်း ထက်စာရင်တော့ ကျိန်းသေပေါက် အားကောင်းလိမ့်မယ်။ မင်း လိုအပ်ရင် အကူအညီ ပေးနိုင်ဖို့ ငါ့ရဲ့ အထူးကျွမ်းကျင်မှု တချို့ကိုအသုံးပြုပြီး ကြယ်သုံးပွင့်အဆင့် လုပ်ပိုင်ခွင့်ကိုတောင် အသက်သွင်းပေးနိုင်သေးတယ်”

"အော် စကားမစပ်၊ ငါ့မှာ ဝိညာဉ်တွေကို လွှမ်းမိုးနိုင်တဲ့စွမ်းအား ရှိတယ်ဆိုတာ မင်းကို ပြောဖို့ မေ့သွားတယ်။ အတိအကျ ပြောရရင် ငါ့ရဲ့ လုပ်ငန်းဆောင်ချက်တွေမှာ ချိတ်ပိတ်တယ်၊ မြိုချတယ်၊ ထိန်းချုပ်တယ်၊ ဝိညာဉ်တွေကို ထိန်းချုပ်နိုင်တယ်။ ချဲ့ကားပြီး ပြောရမယ်ဆိုရင် ငါ့မှာဝိညာဉ်နဲ့ဆိုင်တဲ့ စွမ်းရည်တွေ အများကြီး ရှိသေးတယ်။ နောက်ပြီးတော့ ငါက (S) အဆင့်မှာ လက်သင်အဆင့်ပဲ။ အဲဒီအဆင့် ဆိုရင် အစွမ်းအထက်တဲ့ လုပ်ဆောင်ချက်တွေ ပါအုံးမှာပဲ”

"(S) အဆင့် ဟုတ်လား"

လင်းဟွမ်သည် ယခင်က ရှောင်ဖိန်ထံမှ ထိုယူဆချက်နှင့် ပက်သက်၍ တစ်ခါမှ မကြားဖူးသောကြောင့် အသစ်အဆန်း ဖြစ်သွားသည်။

"အဲဒါက ငါတို့ရဲ့ ကနဦး အဆင့်အတန်း အရည်အသွေးပဲ"

ကျောက်ပြားက ရှင်းပြသည်။

"အနိမ့်ဆုံး အဆင့်က (D) အဆင့်၊ အစီအစဉ် အတိုင်း လိုက်ပြီး ပြောရမယ်ဆိုရင် C၊ B၊ A နဲ့ S ပေါ့ကွာ"

"(D) အဆင့် ရွှေလက်ချောင်းက အခြေခံအားဖြင့်တော့ ချင်းချက်တွေ ရှိနေတဲ့ ဗီဇပဲ။ ဒါပေမဲ့ လက်ခံနိုင်တဲ့ လုပ်ဆောင်ချက်တွေတော့

ပါသေးတာပေါ့။ ကံဆိုးတဲ့ ခရီးသွားအချို့ကို တာဝန်ပေးအပ်တယ်”

“ခရီးသွား အများစုကတော့ © အဆင့် ဒါမှ မဟုတ် (B)အဆင့် ရွှေလက်ချောင်းတွေကို ကျပန်းသတ်မှတ်ပေးတယ်။ အဲဒီအထဲမှာ (၁) ရာခိုင်နှုန်းထက်နည်းတဲ့လူတွေကဘဲ (A) အဆင့် ရွှေလက်ချောင်းကို ရတယ်။ (S) အဆင့် ရွှေလက်ချောင်းကို ရရှိနိုင်ဖို့ဆိုရင် အပုံတစ်သောင်းပုံ တစ်ပုံပဲ ရှိတယ်”

“မင်းရဲ့ ရွှေလက်ချောင်းက မင်းဆီကနေ ဖုံးကွယ်ထားတယ် ဆိုတော့ (A) အဆင့် ဖြစ်နိုင်ခြေနည်းတာ သေချာတယ်။ (S) အဆင့် ရွှေလက်ချောင်းလို့

ပြောရင် သေချာပေါက် ကြွားလုံးထုတ်တာပဲ။ ဒီလိုမှ မဟုတ်ရင် ဒီအတိုင်း ငြိမ်နေမှာ မဟုတ်ဘူး"

လင်းဟွမ်သည် အရည်အသွေး အဆင့်သတ်မှတ်ခြင်း ဆိုင်ရာ အချက်အလက်ကို နားလည်သွားပြီးနောက် ငြိမ်ကျ သွားခဲ့သည်။ သို့သော် ကျောက်ပြား၏ အဆိုပြုချက်ကို သူ မစဉ်းစားပေ။ ထိုအစား ရှောင်ဖိန်၏ အဆင့်ကို တိတ်တဆိတ် ခန့်မှန်းနေသည်။

ခဏအကြာ ကျောက်ပြားက မေးလိုက်သည်

"ဘယ်လိုလဲ၊ မင်းစိတ်ထဲမှာ ဆုံးဖြတ်ပြီး သွားပြီလား"

"တောင်းပန်ပါတယ်။ ရှောင်ဖိန်က အရမ်း ကောင်းတယ်လို့ ငါ ထင်တယ်။ ငါနဲ့လည်း

လက်တွဲလာတာ နှစ်ပေါက်နေပြီ။ အသားလည်း ကျနေပြီ ငါ မပြောင်းချင်တော့ဘူး။"

လင်းဟွမ်က ခေါင်းခါကာ ငြင်းလိုက်သည်။

"နောက်ကွယ်က သဘောတရားကို ငါ နားမလည်ဘူး။ လူသားတွေက ငါးစိမ်းမြင် ငါးကင်ပစ်တယ် လို့ပဲ ကြားဖူးတာ"

"ကောင်းပြီ၊ အဲဒီလိုဆိုရင် စကားတစ်ခွန်း ရှိတယ်။ မင်းရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ အကောင်းဆုံးဆိုတဲ့ အရာကို ရွေးဆိုတဲ့ စကားလည်း ရှိသေးတယ်။"

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"ရှေပုဆိန်နဲ့ ငွေပုဆိန်က ငါ့ရဲ့သံပုဆိန်လောက် မကောင်းဘူး။ မင်းက ရှောင်ဖိန်ထက် အများကြီး ပိုသန်မာပေမယ့် ရှောင်ဖိန်ရဲ့ လုပ်ဆောင်ချက်တွေကို တော်တော်လေး ကျေနပ်တယ်။ ငါ ပြောင်းမှာ မဟုတ်ဘူး။"

“မင်းက စွဲမက်ဖို့ကောင်းတဲ့ လူတစ်ယောက်ပဲ”

ကျောက်ပြားက မှတ်ချက်ပေးသည်။

“အရင်က ငါ့ သခင်လည်း ပြောဖူးတယ်။ သူမွေးလာတဲ့ကမ္ဘာမှာ လူတွေဟာ အကောင်းဆုံးကား၊ အကောင်းဆုံးအိမ်၊ အကောင်းဆုံး အဝတ်အစား၊ အလှဆုံးအမျိုးသမီး..... လူသားတွေက ဘယ်မှာပဲနေနေ

အဲဒီအရာတွေကို လိုချင်တပ်မက်တဲ့စိတ် အမြဲတမ်း ရှိတယ်တဲ့”

“လူသားတွရဲ့ လိုအင်လောဘက အဆုံးမရှိတဲ့ တွင်းကြီးတစ်ခုလိုပဲ။ ပိုလှပတဲ့ အဝတ်အစား၊ ပိုလှတဲ့ မိန်းမ၊ ပိုကောင်းတဲ့ကား ဒီကမ္ဘာမှာရှိတဲ့ ပိုကောင်းတဲ့ အရာတွေနောက်ကို အမြဲတမ်း အတောမသတ် အဆုံးမရှိ လိုက်နေကြတယ်။ တစ်ဘဝလုံး အချိန်ပေးရင်တောင် လိုချင်တဲ့အရာတွေ အဆုံးမရှိ ဖြစ်နေတုန်းပဲ”

“လောဘတစ်ခုက လိုချင်တဲ့အရာကို ခဏတဖြုတ်ဘဲ ဖြည့်ဆည်းပေးနိုင်တယ်။ ဒါပေမယ့် လူသားတွေက ကျေနပ် ရောင့်ရဲမှုရှိရင် ပိုကောင်းတယ်။

ပိုကျေနပ်ဖို့အတွက် များများလိုချင်ရင် များများပေးဆပ်ရမယ်။ နောက်ဆုံးတော့ မင်းပဲခံသွားရမယ်။ မင်းကို သူတို့က မကြိုက်တော့ရင် ဝါးမြိုလိုက်မှာပဲ။"

လင်းဟွမ်က မျှဝေလိုက်သည်။

"ဒါက သမရိုးကျ ကျင့်ကြံသူတွေရဲ့ အယူအဆနဲ့ တူတယ်။ သူတို့လိုအပ်တဲ့ အရာလား၊ မလိုအပ်တဲ့ အရာလား ခွဲခွဲခြားခြား မသိဘဲ အကုန်လုံးလိုချင်နေတဲ့ လူတွေကို ငါတွေ့ဖူးတယ်။ ဒါပေမဲ့ ကျေနပ်တင်းတိမ်ရောင့်ရဲနိုင်တဲ့ လူတွေကိုလည်း တွေ့ဖူးတယ်”

“သူတို့ဝတ်စားတဲ့ အဝတ်အစားမှာ အဖာတစ်ရာရှိတယ်။ နှစ်အနည်းငယ်မှာ တစ်ကြိမ် စားတယ်။

ကျန်တဲ့အချိန်တွေမျာ ရေသောက်ရုံနဲ့ အသက်ရှင်သန်နိုင်ကြတယ်။ သူတို့လေ့ကျင့်တဲ့ ပုံစံကလည်း ပြင်ပအရင်းအမြစ်တွေ မလိုအပ်ဘူး။ သူတို့အားကိုးတဲ့အရာက သူတို့ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ် စွမ်းအားပဲ။ ချိုးခြုံ ချွေးတာခြင်းပေါ့”

လင်းဟွမ် ပြောနေသည့် စကားများမှာ သူတွေ့ခဲ့ဖူးသော ရှေးဟောင်းကျင့်ကြံမှုဆိုင်ရာ အကြောင်းအရာများ ဖြစ်သည်။

"သာသနာပြု ဆရာတွေနဲ့ ငါကြားမှာတော့ ကြီးမားတဲ့ ခြားနားချက် ရှိတယ်။"

လင်းဟွမ်သည် ဒါ ကမ္ဘာပေါ်က ရှေးဟောင်း ဘုန်းကြီးများနှင့် အကျင့်ဆင်တူသည်ဟု အကြမ်းဖျင်း ခန့်မှန်းလိုက်သည်။

“ရှေးဟောင်း ကျင့်ကြံသူတွေနဲ့ငါ မတူတဲ့ အချက်က ငါက မလိုအပ်ရင် လိုချင်တဲ့လောဘ မရှိဘူး။ လောကစည်းစိမ် အားလုံးကို ခြိုးခြံချွေတာ ရောင့်ရဲပြီး စွန့်ပယ်တဲ့ ကျင့်ကြံသူတွေနဲ့လည်း မတူဘူး။ ငါနဲ့ မသက်ဆိုင်တဲ့ အရာတွေကို မယူဘူး။

" ဒါဆိုရင် ငါက မယူသင့်ဘူးလို့ မင်း ထင်တာလား"

လင်းဟွမ်စကားကို ကြားလျှင် ကျောက်ပြားက မေးသည်။

"မင်းကို ရဖို့အတွက် ရှောင်ဖိန်နဲ့ လဲလှယ်ရမယ်ဆိုရင် လုပ်သင့်တယ်လို့ ငါ မထင်ဘူး"

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။

"မင်းက ပြီးပြည့်စုံတဲ့ ကြယ် (၅) ပွင့် ဖြစ်နေရင်တောင် ငါမင်းကို မယူသင့်ဘူး"

"မင်းကို တုံးအတယ်ပဲ ပြောရမလား။ ခေါင်းမာတယ်ပဲ ပြောရမလား မသိတော့ဘူး"

ကျောက်ပြားသည် လင်းဟွမ်ကို မည်ကဲ့သို့ မှတ်ချက်ပေးရမလဲ မသိတော့ချေ။

"ငါက ရှောင်ဖိန်ကို ကြယ်ပိုများတဲ့ ရွှေလက်ချောင်းနဲ့ အစားထိုးမယ့်အစား ရှောင်ဖိန်ကိုပဲ ကြယ် (၄) ပွင့် ၊ကြယ်(၅) ပွင့် ဖြစ်လာအောင် လေ့ကျင့်ပေးချင်တာ။ ရှောင်ဖိန်က အဲဒီရွှေလက်ချောင်းတွေနဲ့ တန်းတူ ဖြစ်လာမယ်လို့ ငါ ယုံကြည်တယ်။"

လင်းဟွမ်သည် ဤစကားများကို ပြောရဲသည့်သတ္တိ မည်သည့်နေရာမှ ထွက်လာမှန်း မသိပေ။

"ရှောင်ဖိန်က မင်းနဲ့ တွေ့ခွင့်ရတာ ကံကောင်းတယ်"

ကျောက်ပြားသည် စကားမပြောခင် အကြာကြီး တိတ်ဆိတ်နေပြီးမှ ပြောလိုက်သည်။

"ရှောင်ဖိန်နဲ့တွေ့ရတာ ငါ ကံကောင်းတယ်လို့ ထင်တယ်။ ရှောင်ဖိန်သာ မရှိရင် ဒီကမ္ဘာပေါ်မှာ သုံးလတောင် အသက်ရှင်မှာ မဟုတ်ဘူး။ ရှောင်ဖိန် ရှိနေလို့ အခုချိန်ထိ အသက်ရှင်နေသေးတာ"

လင်းဟွမ်သည် မွန်းစတားကတ် မရှိလျှင် မုဆိုးအကဲဖြတ်မှုကို အောင်မြင်မည် မဟုတ်ကြောင်း ကောင်းကောင်း သိသည်။ အမှတ်အားလုံးကို ရှောင်ဖိန်သာ ရသင့်သည်။

“အဆုံးထိ နောက်ဆုံး အချိန်ထိ မင်း တန်ဖိုးထားပါစေလို့ ငါ မျှော်လင့်တယ်...”

ကျောက်ပြားက စိတ်ဓာတ်ကျနေသည့် လေသံနှင့် ပြောလိုက်သည်။

လင်းဟွမ်ကြောင့် အရင်တုန်းက သူ့သခင်အကြောင်း ပြန်တွေးမိ၍လား မသိပေ။ ခဏအကြာ စိတ်ခံစားချက်ကို ထိန်းချုပ်ပြီး

"လူသား၊ အခုပဲ သချိုင်းမြေ တူးနေတာ တွေ့တယ်။ ဘာရှာနေတာလဲ..."

"နတ်ဘုရား ပစ္စည်း"

လင်းဟွမ်က ပြောပြီးနောက် ကျိန်စာမြေကို လာရသည့်အကြောင်းအား ကျောက်ပြားကို အကျဉ်းချုံး ပြောပြလိုက်သည်။

"ငါ့ခန္ဓာကိုယ်ထဲက နတ်မီးလျှံကို သိမ်းဆည်းနိုင်တဲ့ ဝိညာဉ်ရေးရာ နတ်ဘုရားပစ္စည်း ရှာနေတာ။ နတ်ဘုရားပစ္စည်းကို မတွေ့ပဲ မင်းကိုတွေ့ခဲ့တယ်"

"အဲဒီအဆင့် နတ်မီးလျှံကို ဘယ်လို ရခဲ့တာလဲ"

ကျောက်ပြားသည် လင်းဟွမ်၏ ခန္ဓာကိုယ် အခြေအနေကို သိနေသည်။

"အဆင့်မြင့် နတ်မီးလျှံရှိတာ ကောင်းပါတယ်။ ဒါပေမယ့် အခုတော့ ဒုက္ခရောက်နေတယ်။ ဒီကျောက်စရစ်ခဲ ကမ္ဘာမှာရှိတဲ့ မွန်းစတားတွေရဲ့ ဝိညာဉ်တွေက မင်းရဲ့နတ်မီးလျှံကို ခံနိုင်ရည်မရှိဘူး"

"ငါ သိတယ်။ အဲဒါကြောင့် နတ်ဘုရားပစ္စည်းတွေ ဒါမှမဟုတ် မွန်းစတား ဝိညာဉ်တွေနေရာမှာ အစားထိုးနိုင်တဲ့ ပစ္စည်းတွေ ရှာနေတာ"

လင်းဟွမ်လည်း ဘာမှ မတတ်နိုင်ပေ ။

“မှန်တယ်။ ဒါပေမယ့် ဒီကမ္ဘာမှာ နတ်ဘုရား ဓာတ်ကြွင်း မပြောနဲ့ နတ်ဘုရား ရတနာတောင် အနည်းစုပဲ ရှိတယ်။”

ကျောက်ပြားက ကျောက်စရစ်ခဲကမ္ဘာ အကြောင်း ကောင်းကောင်း နားလည်သည်။

"နှစ်ပေါင်းဆယ်နဲ့ချီပြီး ရှာရင်တောင် မင်း အင်မော်တယ် အဆင့် (၉) ရောက်ဖို့အတွက်

နတ်ဘုရားအဆင့် ဓာတ်ကြွင်း ရှာတွေ့မှာ မဟုတ်ဘူးလို့ ငါ ထင်တယ်"

"ငါ့ ပြဿနာကို ဖြေရှင်းနိုင်တဲ့နည်းလမ်း မင်းဆီမှာ ရှိလား"

လင်းဟွမ်သည် ကျောက်ပြားထံတွင် အဖြေတစ်ခု ရှိလိမ့်မည်ဟု ထင်နေသည်။

"ရှိတယ်။ ဒါပေမဲ့ သုံးချင်လား...၊ မသုံးချင်ဘူးလား ဆိုတဲ့ အပေါ်မှာပဲ မူတည်တယ်"

ကျောက်ပြားက ပြုံးပြီး ပြောလိုက်သည်။

အခန်း(၇၇၆) - သဘောတူညီချက် ပြုလုပ်ခြင်း။

"အဲ့ဒါက ဘာလဲ...."

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"မင်းကို အရင်က ပြောဖူးပါတယ်။ ငါက ဝိညာဉ်စွမ်းအား လျှို့ဝှက်ချက် တော်တော်များများကို ကျွမ်းကျင်တယ်လေ"

ထို့နောက် ကျောက်ပြားက ဆက်ရှင်းပြသည်။

"အဲဒီထဲက တစ်ခုက မင်းရဲ့ပြဿနာကို ကူညီပေးနိုင်မယ်လို့ ထင်တယ်"

"ဘယ်လိုမျိုးလဲ"

လင်းဟွမ်က သံသယစိတ်နှင့် မေးလိုက်သည်။

"ဝိညာဉ် ပုံဖော်ခြင်း စွမ်းရည်....."

နောက်ထပ် မရှင်းပြတော့ချေ။

"မင်းပြောချင်တဲ့ ဝိညာဉ်ပုံဖော်ခြင်း စွမ်းရည်က အစစ်အမှန် နတ်ဘုရားအဆင့် မွန်းစတားဝိညာဉ်ကို ပုံဖော်ပြီးတော့ ငါ့ခန္ဓာကိုယ်ထဲမှာ နတ်မီးလျှံ သိုလှောင်တဲ့ပုံးအနေနဲ့ အသုံးပြုမယ်လို့ ပြောတာလား"

လင်းဟွမ်သည် ကျောက်ပြားဏ၀ အဖြေကို နားထောင်ပြီးနောက် ချက်ချင်း သဘော ပေါက်သွားသည်။

သူသည် ဝိညာဉ်ပုံဖော်ခြင်း စွမ်းရည် အကြောင်းနှင့် ပက်သက်၍ အနည်းငယ် သိသည်။ အများအားဖြင့် အရာ၀တ္ထုတစ်ခုကို ပုံဖော်ကြည့်ရန် အသုံးပြုလေ့ရှိသည့် ပင်ကိုယ်စွမ်းရည် တစ်ခုဖြစ်ပြီး မွန်းစတားခန္ဓာကိုယ်နှင့် ဝိညာဉ်ကို တုပနိုင်သည်။ မြင်သာထင်သာရှိသည့် အရာမှာ မွန်းစတားအရိုးစု၊ ရုပ်ကြွင်း၊ ရုပ်တု၊ ပုံတူနှင့် အခြားအရာများ ဖြစ်နိုင်သည်။ သို့သော် ဤကဲ့သို့

အတတ်ပညာကို ပြုစုပျိုးထောင်ရန် လိုအပ်သော် ခက်ခဲမှုအဆင့်မှာ အလွန် မြင့်မားသည်။

ထို့အပြင် ၎င်းသည် လူတစ်ယောက်၏ နားလည်နိုင်စွမ်းနှင့် အလွန်မြင့်မားသော ဉာဏ်ရည် လိုအပ်သည်။ ထိုအချက် မရှိပါက အတုယောင်နတ်ဘုံ မဆိုထားနှင့် အစစ်အမှန် နတ်ဘုရားအဆင့်ပင် ဝိညာဉ်ပုံဖော်ခြင်းစွမ်းရည်ကို ကျွမ်းကျင်ရန် ခက်ခဲသည်။

"ဟုတ်တယ်၊ မင်းပြောတာ အမှန်ပဲ။ စမ်းကြည့်ဖို့ စိတ်ဝင်စားလား...."

ကျောက်ပြားက သွေးတိုးစမ်းသည်။

"ဘာတွေ ပေးဆပ်ရမှာလဲ...."

အစစ်အမှန်နတ်ဘုရားအဆင့် ဝိညာဉ်ပုံဖော်ခြင်း စွမ်းရည်အတွက် ကြီးမားသောဈေးနှုန်း ကုန်ကျမည်ကို ကောင်းကောင်း သိနေသည်။ ကျောက်ပြားက အလကားပေးရန် မဖြစ်နိုင်ပေ။

လင်းဟွမ် မေးပြီးနောက် ကျောက်ပြားသည် ခေတ္တ တိတ်ဆိတ်သွားသည်။

လင်းဟွမ်ကလည်း အဖြေပေးရန် မတိုက်တွန်းခဲ့ပေ။ ထိုအစား ၎င်း၏အဖြေကို စိတ်ရှည်စွာ စောင့်ဆိုင်း နေခဲ့သည်။

ခဏအကြာ ကျောက်ပြားက ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပုံရကာ

" ကိုယ်ပွားတစ်ခု ဖန်တီးပြီး မင်းရဲ့ခန္ဓာကိုယ်ထဲမှာ သိမ်းထားချင်တယ်"

ထိုစကားကိုကြားလျှင် လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။ ကျောက်ပြားအား သူ့ခန္ဓာကိုယ်ထဲ ဝင်ခွင့်ပြုလိုက်လျှင် သူ့လျှို့ဝှက်ချက်တော်တော်များများကို သိသွားလိမ့်မည်။ ၎င်း၏ တောင်းဆိုချက်မှာ သူလက်ခံနိုင်သည့် အတိုင်းအတာထက် ကျော်လွန်သွားခဲ့ပြီ။

"မင်းရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ငါ စိတ်မဝင်စားဘူး။ ဒါပေမယ့် ငါ့ရဲ့ခန္ဓာကိုယ်အစစ်က သချိုင်းမြေထဲမှာ ပိတ်မိနေတယ်။ ပိုင်ရှင်

အသစ်ရှာဖို့ဆိုရင် နည်းလမ်းတစ်ခုပဲ ရှိတယ်။ မင်းကလည်း ငါ့ရဲ့ပိုင်ရှင်အသစ် မလုပ်ချင်ဘူးဆိုတော့ မင်းထွက်သွားတဲ့အခါ ငါ့ကိုယ်ပွားကို ထည့်ပေးလိုက်ဖို့ပဲ ရှိတော့တယ်။ ဒါမှလည်း ငါ့ရဲ့ကိုယ်ပွားကတစ်ဆင့် ပြင်ပကမ္ဘာကြီးထဲ ဝင်ခွင့်ရမယ်၊ ငါ့အတွက် ပိုင်ရှင်အသစ်ရှာဖို့ ပိုလွယ်လိမ့်မယ်"

လင်းဟွမ် စိုးရိမ်နေသည့်အချက်ကို ကျောက်ပြားသိသည်။ အမှန်တကယ်ဆို ရွှေလက်ချောင်း ပိုင်ဆိုင်သည့် ခရီးသွား အားလုံး၌ တူညီသော စိုးရိမ်မှုများ ရှိကြသည်။

"မင်းရဲ့ လျှို့ဝှက်ချက်တွေကို မသိရအောင် ငါကိုယ်ပွားကို တားဆီးနိုင်တဲ့ အကာအကွယ်တစ်ခု ငါ

ဖန်တီးနိုင်တယ်။ အဲ့ဒီလိုဆိုရင် မင်းရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေအတွက် စိတ်ပူနေစရာ မလိုတော့ဘူးပေါ့"

ထိုစဉ် ရှောင်ဖိန်အသံကို ရုတ်တရက် ကြားလိုက်ရသည်။

"ကတိ ပေးလိုက်....."

"သေချာလား..."

လင်းဟွမ်က အံ့အားသင့်သွားပြီး ရှောင်ဖိန်နှင့် စိတ်ချင်းဆက်သွယ်ကာ ချက်ချင်း မေးလိုက်သည်။

"ကျောက်ပြားကို မင်း ခွင့်ပြုနိုင်တယ်။ ဒါပေမယ့် တစ်ခုတော့ တောင်းဆိုရမယ်။ အကာအရံကို သူ ဖန်တီးရင် ငါ မလုံခြုံဘူးလို့ ခံစားရတယ်"

လင်းဟွမ်သည် ရှောင်ဖိန်နှင့် ဆက်သွယ်ပြီးနောက် ၎င်း၏ အဆိုပြုချက်ကို လက်ခံလိုက်သည်။

"ကောင်းပြီလေ... ငါ သဘောတူတယ်။ ဒါပေမယ့် ငါဆီမှာ တောင်းဆိုစရာတစ်ခု ရှိတယ်"

လင်းဟွမ်က ယခုလေးတင် ရှောင်ဖိန်နှင့် ဆွေးနွေးထားသည့်အတိုင်း ပြောလိုက်သည်။

"အကာအကွယ်ကို မင်း ဖန်တီးစရာမလိုဘူး။ မင်းရဲ့ ရွှေလက်ချောင်းကလည်း ကြယ် (၂) ပွင့်ပဲ ဖြစ်ရမယ်”

"ဒါက ပြဿနာ မဟုတ်ဘူး။ ငါ့ရဲ့ လက်ရှိအစွမ်းနဲ့ဆို ကြယ် (၃) ပွင့်ကိုယ်ပွား ဖန်တီးနိုင်ပေမယ့် ငါ့ရဲ့ စွမ်းအား အများအပြား သုံးစွဲရတယ်။ ပိုင်ရှင်အသစ် ရှာဖို့အတွက်ဆိုရင် ကြယ် (၂) ပွင့် ရွှေလက်ချောင်းက လုံလောက်ပါတယ်"

ကျောက်ပြားက ချက်ချင်း သဘောတူလိုက်သည်။

"ဒါဆို မင်းကို ကျင့်စဉ် အရင်ပေးမယ်"

စကားဆုံးသည်နှင့် ရွှေရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး လင်းဟွမ် မျက်ခုံးကြားထဲ ဝင်သွားသည်။

“ဝိညာဉ် ပုံဖော်ခြင်းစွမ်းရည်ကို အစစ်မှန် ဝိညာဉ်လမ်းညွှန်လို့ နာမည်ပေးထားတယ်။ ဒါက

အစစ်အမှန် နတ်ဘုရားအဆင့် မွန်းစတား (၁၈၃) မျိုးကို တုပနိုင်တယ်။ လမ်းညွှန်ထဲမှာ မွန်းစတား ဝိညာဉ်အမျိုးအစား အမျိုးမျိုးရဲ့ ဖော်ပြချက်တွေပါလို့ ကြိုက်တာ ရွေးလို့ရတယ်။ ဒါကို မြင်ယောင်ပြီး သန္ဓေသားလောင်း မွန်းစတားဝိညာဉ်ကို ဥပုံစံ ဖွဲ့စည်းရမယ်။ ဒါပေမဲ့ မင်းတုပမယ့် ဝိညာဉ်စွမ်းအားက အနည်းဆုံး နတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ် ခွန်အားနဲ့ညီနေဖို့ လိုတယ်။ မင်းက နတ်ဘုရားတစ်ပိုင်း အဆင့်ရှိတဲ့ မွန်းစတားတစ်ကောင်ကို သတ်ပြီး သူတို့ရဲ့ ဝိညာဉ် စွမ်းအားတွေကိုလည်း စုဆောင်းလို့ရတယ်။ ဒါမှမဟုတ်ရင် တိုက်ခိုက်ရေးအဆင့်နိမ့်တဲ့ မွန်းစတား

တော်တော်များများကို သတ်ပြီး ဝိညာဉ်စွမ်းအား စုဆောင်းရမယ်"

"မွန်စတားဥက ပေါက်လာရင် တိုက်ခိုက်ရေး အဆင့်က နတ်ဘုရားတစ်ပိုင်းအဆင့်မှာပဲ ရှိပေမယ့် ဝိညာဉ်က အစစ်အမှန်နတ် ဘုရားအဆင့်မှာ ရှိနေတုန်းပဲ။ အဲဒါကြောင့် မင်းခန္ဓာကိုယ်ထဲက နတ်မီးလျှံကို ကြောက်မှာမဟုတ်ဘူး၊ မင်းအတွက် လုံလောက်လိမ့်မယ်။ မင်းရဲ့ နတ်မီးလျှံအတွက် သိုလှောင်ခွက် အနေနဲ့ အသုံးပြုနိုင်တယ်”

ကျောက်ပြားက အခြေအနေများကို ရှင်းပြပြီးနောက် လင်းဟွမ်က အစစ်မှန်ဝိညာဉ် လမ်းညွှန်ချက်ကို အမြန်

ကြည့်လိုက်သည်။ ထို့နောက် ကျင့်စဉ်က သူ့အတွက် အလုပ်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

"ကောင်းပြီ၊ မင်းရဲ့ကိုယ်ပွားကို အခု ဖန်တီးလို့ရပြီ"

"ခဏစောင့်..."

လင်းဟွမ်ထံမှ အတည်ပြုချက် ရပြီးနောက် ကျောက်ပြား၏ အရွယ်အစားသည် လျင်မြန်စွာ ကျယ်ပြန့်လာသည်။ စက္ကန့်အနည်းငယ် အတွင်းမှာပင် မူလအရွယ်အစားအထိ ပြန်လည် ရောက်ရှိသွားပြီး ထို့နောက် အရိပ်တစ်ခုက ကျောက်ပြားထံမှ ဖြည်းညှင်းစွာ လွင့်မျောလာသည်။ ထပ်နေသည့် ပုံများက အစစ်အမှန် မဟုတ်ဘူးဟု ထင်ရသည်။

အချိန်ကြာလာသည်နှင့်အမျှ အရိပ်သည် ကျောက်ပြားကိုယ်ထည်ထဲမှ ထွက်လာပြီး ထပ်နေသည့် နေရာလည်း နည်းပါးလာသည်။ ကျောက်ပြားထံမှ အပြီးအပိုင် ထွက်လာရန် ငါးမိနစ်ခန့် ကြာမြင့်ခဲ့သည်။ ၎င်းသည် ကျောက်ပြားနှင့် အတိအကျ တူသော်လည်း ထွင်းဖောက် မြင်နေရသောကြောင့် ပရိုဂျက်တာမှ ပြထားသည့် ရုပ်ပုံနှင့် အနည်းငယ် ဆင်တူနေသည်။

ခန္ဓာကိုယ်မှ ထွက်လာပြီးနောက် အရိပ်၏ အရွယ်အစားသည် လျင်မြန်စွာ ကျုံ့ဝင်လာသည်။ ခဏအကြာ ၎င်း၏အရွယ်အစားမှာ သုံးမီတာသာ ရှိတော့သော်လည်း ကျုံ့သွားခြင်းက မရပ်တန့်သေးပေ။

လင်းဟွမ်သည် လက်ဖဝါး အရွယ်အထိ လျင်မြန်စွာ ကျုံ့သွားသည်ကို တွေ့လိုက်ရသဖြင့် တုန်လှုပ်သွားသည်။

ကြီးမားသော ကျောက်ပြားကြီးသည် ယခုအခါ၌ သန်ချိုင်း သင်္ကေတတစ်ခု အရွယ်အစားသာ ဖြစ်လာခဲ့သည်။

လင်းဟွမ်ရှေ့တွင် ဖြည်းဖြည်းခြင်း လွင့်မျောနေသည်။

"ကိုယ်ပွားမှာ ကြယ် (၂) ပွင့် ရှေ့လက်ချောင်းရဲ့ အခြေခံ လုပ်ဆောင်ချက်တွေပဲ ပါတယ်။ အခွင့်အာဏာကလည်း အဲလောက်အထိပဲ သုံးနိုင်တယ်။ ဒါပေမဲ့ မင်း အသုံးပြုချင်တယ်ဆိုရင် တူညီတဲ့ ဝိညာဉ်စွမ်းအား ပမာဏ ပေးရမယ်"

လင်းဟွမ်သည် ကျောက်ပြားက ၎င်း၏ လုပ်ဆောင်ချက်များကို အသုံးပြုရန် အခွင့်အာဏာ ပေးလိမ့်မည်ဟု မမျှော်လင့်ထားပေ။ ရှောင်ဖိန်၏ လုပ်ဆောင်ချက်များကိုပင် အလကား အသုံး မပြုနိုင်သောကြောင့် လုပ်ဆောင်ချက်များကို ညီမျှသော တန်ဖိုးတစ်ခုနှင့် အသုံးပြုရမည်ဟု မှတ်ယူ ထားပြီးသားပင် ။

"ဒါကို အဆင်ပြေပြေ လည်ပတ်နိုင်ဖို့ အသိစိတ်ကို စုစည်းပြီးတော့ ငါ့မှတ်ဉာဏ် အများစုကို အမွေပေးခဲ့မယ်။ အဲဒါကို တစ်ဝက်တစ်ပျက် ကြယ် (၂) ပွင့်အဆင့် ရွှေလက်ချောင်းလို့ သတ်မှတ်လို့ရတယ်။

မင်းတို့နှစ်ယောက်နဲ့ အဆင်ပြေပြေ ပေါင်းသင်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"

ကျောက်ပြားက စကားပြောပြီးသောအခါ ကိုယ်ပွားက လင်းဟွမ်၏ ခန္ဓာကိုယ်ကို လှည့်ပတ်သွားပြီး မကြာခင် ရှေရောင်ပြောင်သွားကာ လင်းဟွမ်၏ မျက်ခုံးနှစ်ခုကြားထဲ ဝင်ရောက်သွားသည်။

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲက ကမ္ဘာကို ချက်ချင်း စစ်ဆေးကြည့်လိုက်သည်။

ကိုယ်ပွားက သူ့ခန္ဓာကိုယ်ထဲ ဝင်သွားပြီးနောက် ခန္ဓာကိုယ်ထဲတွင် အချိန် အတော်ကြာအောင် လှည့်ပတ်နေသေးသည်။ ရှောင်ဖိန်၏ တည်ရှိမှုကို

သတိထားမိသော်လည်း မနှောင့်ယှက်ပေ။ ထိုအစားရှောင်ဖိန်နှင့် အနည်းငယ် ကွာဝေးသော နေရာတွင် ဆင်းသက်လိုက်သည်။

အခြေချပြီးနောက် ကျောက်ပြားကိုယ်ပွား၏ ကိုယ်ထည်သည် ကျယ်ပြန့်လာသည်။ သို့သော်လည်း သာမန်ဂြိုလ်တစ်ခု အရွယ်အစားအထိ ကြီးထွားလာပြီးနောက် ရပ်တန့်သွားသည်။

လင်းဟွမ်သည် ၎င်းက အရိပ်ပုံစံနှင့် မတူကြောင်း သတိထားလိုက်မိသည်။ ကျောက်ပြား၏ ကိုယ်ပွားမှာ ယခုအခါ မြင်သာထင်သာ ရှိသောအရာတစ်ခုနှင့် တူလာသည်။

ထို့နောက် လင်းဟွမ် စိတ်သက်သာရာ ရသွားသည်။

လင်းဟွမ်က သူ့အတွေးထဲမှ ပြန်ထွက်လာသည်ကို မြင်လျှင် ကျောက်ပြားက

"စာချုပ် ချုပ်ပြီးပြီဆိုတော့ တခြားလုပ်စရာတွေ မရှိရင် ငါ နားတော့မယ်"

လင်းဟွမ်သည် ကောင်းကင်ကို ခတ္တာမျှ မော့ကြည့်ပြီးနောက် နောက်ဆုံးတွင် ထုတ်မေးလိုက်သည်။

"ဒါ နေရာ ဘယ်နေရာလဲ၊ မင်းငါ့ကို ဘာလို့ ခေါ်လာတာလဲ၊ ဒါက နေရာကူးပြောင်းခြင်း နည်းစနစ် တစ်ခုလား..."

"ဒီဟင်းလင်းပြင်က တကယ် မရှိဘူး။ ဒါက ဝိညာဉ်လောကပဲ။ မင်းခန္ဓာကိုယ်ကို ငါ ဆွဲမသွင်းခဲ့လို့ ဒါက မင်းရဲ့ဝိညာဉ်ပဲ။ မင်းကိုယ်ခန္ဓာက ချောက်ကမ်းပါး ရှေ့မှာပဲ ရှိနေသေးတယ်"

ကျောက်ပြားက ရှင်းပြသည်။

"ဒါဆိုရင် မင်းက ဘာလို့ မထွက်သွားတာလဲ၊ ရှောင်ဖိန်ပြောခဲ့တာကို ငါ မှတ်မိသေးတယ်၊ ပိုင်ရှင်သေသွားရင် ရွှေလက်ချောင်းက ပြန်ခေါ်ခံရပြီး တာဝန်ပြန်ပေးခံရတယ်တဲ့"

လင်းဟွမ်က ဆက်ပြောသည်။

"ငါ့အရင်ပိုင်ရှင် ဝိညာဉ်က လုံးဝ မသေသေးဘူး။ ငါတို့ကြားက စာချုပ်ကလည်း မပျက်သေးဘူး။ အသိစိတ် မရှိတော့တဲ့အတွက် ပိုင်ရှင်မဲ့စာချုပ် ဖြစ်လာတာပဲ"

ကျောက်ပြားက ထပ်လောင်း ရှင်းပြသည်။

"ဝိညာဉ်လောကကို ဖန်ဆင်း နေတဲ့အချိန်မှာ ငါ့ပိုင်ရှင်က သူ့ရဲ့ဝိညာဉ်ကို ဒီကမ္ဘာနဲ့ ပေါင်းစည်းခဲ့တာ။ လက်ကျန် ဝိညာဉ်ကြောင့်၊ ငါတို့ရဲ့စာချုပ်က အဆုံး မသတ်နိုင်ဘူး။ ဝိညာဉ်လောကလည်း အကျဉ်းထောင်တစ်ခု ဖြစ်လာခဲ့တယ်။ ငါ့အတွက် ဒီနေရာကနေ ထွက်သွားနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းက ပိုင်ရှင်အသစ် ရှာပြီး စာချုပ်အသစ်

ချုပ်ဖို့ပဲ ရှိတော့တယ်။ ဒါမှ လက်ရှိစာချုပ်ကို အစားထိုးနိုင်မယ်"

"နားလည်ပြီ။ မင်းအတွက် ပိုင်ရှင်အသစ် ရှာပေးဖို့ ငါအကောင်းဆုံး ကြိုးစားပေးမယ်"

လင်းဟွမ်က ကတိပေးလိုက်သည်။

အခန်း(၇၇၇) - ဘာမှ မတတ်နိုင်ဘူး။

အဖွဲ့ခွဲ (၃) ၊ ဝပ်ကျင်းအမှတ် (၃) အေ (၅) ၊ ဝမ်ပေါင်မြို့....

ဇိမ်ခံဟိုတယ်ကြီး၏ ထိပ်တန်းအခန်းထဲတွင် လူငယ်တစ်ယောက်က အေးချမ်းစွာ အိပ်စက်နေသည်။ ထိုစဉ် ညာဘက်လက်ရှိ အင်ပါယာနှလုံးသား လက်စွပ်က ရုတ်တရက် တုန်ခါလာသည်။

“ဘယ်သူလဲ....”

လူငယ်သည် အိပ်ချင်မူးတူး အမူအရာဖြင့် အင်ပါယာနှလုံးသား လက်စွပ်ပေါ်ရှိ ဆက်သွယ်ရေး မျက်နှာပြင်ကို နှေးကွေးစွာ နှိပ်လိုက်သည်။ ဖုန်းခေါ်ဆိုနေသည့်လူမှာ မည်သူလဲ ဆိုသည်ကို ဖော်ထုတ်ပြီးနောက် တုံ့ဆိုင်းသွားသော်လည်း မျက်မှောင်ကြုတ်ပြီး ဖုန်းကိုင်လိုက်သေးသည်။

"နောက်ဆုံးတော့ မင်း ဖုန်းကိုင်ပြီပေါ့"

ခြေတံရှည်ရှည်နှင့် မိန်းမလှလေး တစ်ယောက် ပေါ်လာပြီး မကြာခင် သူမ ဖုန်းခေါ်ဆိုနေသောလူက အိပ်ယာပေါ်တွင် လှဲလောင်း နေကြောင်း

သတိထားလိုက်မိသည်။ ကုတင်ပေါ်မှ လုံးဝ မထချင်သလိုပင်....။

“လင်းဟွမ်.... မင်း ဘာလို့ အိပ်နေတာလဲ။ အခုဘယ်အချိန် ရှိပြီလဲ”

“အစ်မကြီး ငါတို့က အချိန်ဇုန် တစ်ခုတည်း မဟုတ်ဘူးဆိုတာ မင်း သိကောသိသေးရဲ့လား...။ ဒီမှာ မနက် (၅) နာရီတောင် မထိုးသေးဘူး”

လင်းဟွမ်က ကင်မရာရှုထောင့်ကို အနည်းငယ် ပြောင်းပြီး အာရုံမတက်သေးသလို နေပင် မထွက်သေးသော ရှုခင်းကို ပြလိုက်သည်။

“အာ... ငါမေ့သွားလို့...၊ ဒီမှာ မနက် (၁၁) နာရီလောက် ရှိနေပြီ၊ နေ့လည်စာ စားချိန်တောင် ရောက်နေပြီ”

ရီရီယွီသည် အချိန်ဇုန် အမျိုးမျိုး ကွဲပြားနေကြောင်း ရုတ်တရက် ပြန်သတိရသွားပြီးနောက် သူမက

“မင်းအိပ်နေတာ အနှောက်အယှက် ဖြစ်သွားတယ်လို့ ပြောချင်တာလား။ ဒါဆိုလည်း ငါ ဖုန်းခေါ်တာကို ဘာဖြစ်လို့ ဂရုစိုက်နေတာလဲ....”

“မင်းက အဆက်မပြတ် ဖုန်းခေါ်တတ်တဲ့ ဆရာကြီး ဆိုတာ ငါမသိဘူး ထင်လို့လား”

လင်းဟွမ်က သက်ပြင်းချပြီး ကူကယ်ရာမဲ့စွာ ပြောလိုက်သည်။ ဒါသည် လင်းဟွမ်က သူမ၏ ဖုန်းခေါ်ဆိုမှုကို လျစ်လျူမရှုရန် ရွေးချယ်ခဲ့ရသော အဓိက အကြောင်းအရင်းပင် ။

သူမကိုကြည့်ရသည်မှာ ပြန် မချေပနိုင်သည့်ပုံပင်....။ ထို့နောက် လင်းဟွမ်ကို မျက်စောင်းထိုးပြီး စကားလမ်းကြောင်း ပြောင်းလိုက်သည်။

“မနေ့ကတည်းက ဖုန်းခေါ်နေတာ။ လုံးဝ ဖုန်းခေါ်လို့မရဘူး။ မင်း တကယ်ပဲ အဖွဲ့ခွဲ (၃) က ကျိန်စာမြေကို သွားခဲ့တာလား”

“ဟုတ်တယ် ငါ့ရဲ့ ဆက်သွယ်ရေး လုပ်ဆောင်ချက်တွေကို ပိတ်ထားလို့”

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။ ပုံမှန် အခြေအနေဆိုလျှင် လူအများစုသည် အန္တရာယ်ဇုန်များအတွင်း၌ စူးစမ်း လေ့လာနေသောအခါ ဆက်သွယ်ရေး လုပ်ဆောင်ချက်များကို ပိတ်ထားရန် ဆုံးဖြတ်တတ်ကြသည်။ အန္တရာယ် ကြုံလာသောအခါ သို့မဟုတ် ပုန်းနေရသောအခါ အခြားသူတစ်ယောက်က ဖုန်းခေါ်ဆို၍ သူတို့ကိုယ်သူတို့ အန္တရာယ်ကြားထဲ တွန်းပို့လိုက်သည့် အခြေအနေမျိုး မဖြစ်ရအောင် ရှောင်ရှား နိုင်စေရန်ပင်။

လင်းဟွမ်လည်း သူ သွားခဲ့သော ကျိန်စာနယ်မြေကလည်း အခြေအနေ အတူတူပင်...။

“ဒါဆို ဆိုရှယ်မီဒီယာပေါ်မှာ မင်းတင်ထားတဲ့ ခါတ်ပုံတွေက ကျိန်စာနယ်မြေမှာ ရိုက်ထားတဲ့ ခါတ်ပုံတွေလား....”

“ဟုတ်တယ်လေ ဘာဖြစ်လို့လဲ”

လင်းဟွမ်သည် ရီရီယွီ၏ ထူးဆန်းနေသော မျက်နှာအမူအရာကို မြင်လိုက်လျှင် ကြောင်သွားသည်။

“ဘာမှ မဟုတ်ဘူး”

ရီရီယွီသည် စကားပြောပြီးနောက် လင်းဟွမ်က သူ့ကို တိတ်တဆိတ် စိုက်ကြည့်နေကြောင်း သိလိုက်သည်။ ထို့ကြောင့် အိုးတိုအန်းတန်း အမူအရာနှင့် အမှန်တိုင်း ပြောလိုက်သည်။

“မင်းရဲ့ ဗီဒီယိုတွေနဲ့ ဓါတ်ပုံတွေကို လူမှုရေး ကွန်ရက်ပေါ်မှာ ရှယ်လိုက်ပြီ သူငယ်ချင်းတွေဆီလည်း ရှယ်လိုက်သေးတယ်၊ အခုဆိုရင် ရှယ်က (၈) သိန်း ကျော်သွားပြီ ကြည့်ရှုသူ အရေအတွက် တစ်ဘီလီယံတောင် ရှိနေပြီ။ အဲ့ဒီဓါတ်ပုံနဲ့ ဗီဒီယိုတွေက ရေပန်း စားနေတယ်။ လူတော်တော်များများက ဗီဒီယိုထဲကနေရာကို သူတို့ဘဝမှာ အနည်းဆုံး

တစ်ခေါက်တော့ ရောက်အောင် သွားမယ်လို့ ပြောနေကြတယ်”

ပြောရင်း၊ ပြောရင်း ရီရီယွီ၏အသံက တိုးလာသည်။

လင်းဟွမ်သည် သူ ကြုံသလို ရိုက်ကူးခဲ့သော ခါတ်ပုံနှင့်ဗီဒီယိုများက လူမှုရေး ကွန်ရက်ပေါ်၌ ရေပန်းစားလာလိမ့်မည်ဟု မထင်ထားခဲ့ချေ။ ခေတ္တမျှ တိတ်ဆိတ် သွားပြီးနောက် လင်းဟွမ်က

“ဒါက ကျိန်စာနယ်မြေလို့ သူတို့ကို ပြောခဲ့သေးလား”

ကျိန်စာနယ်မြေကဲ့သို့ တားမြစ်နယ်မြေထဲကို ကြုံသလိုဝင်သွားပါက သေပန်းပွင့်ကုန်လိမ့်မည်။ အကယ်၍ ရီရီယွီသာ တည်နေရာကို ထုတ်ဖော်

ပြောဆိုလိုက်ပါက အားနည်းနေသေးသော လူများက ထိုနေရာတွင် သေဆုံးသွားမည်ကို သူ စိုးရိမ်နေသည်။

“မပြောရသေးဘူး.....ငါ့သူငယ်ချင်း တစ်ယောက်က အဖွဲ့ခွဲ (၃) က ဗီဒီယိုတွေကို ကြည့်ပြီးတော့ တည်နေရာမသိဘူးလို့ ပြောတယ်။ အဲ့ဒါနဲ့ မင်း နောက်နေတာလားလို့တောင် တွေးမိသေးတာ။ ပြောလိုက်ရင်လည်း ငတုံးတစ်ချို့က အဲ့ဒီနေရာသွားပြီး သေပန်းရှာမှာ ကြောက်ရတယ်လေ”

ရီရီယွီက ချက်ချင်း ခေါင်းခါသည်။ သူမသည် တုံအ၍ အမှားများ ကျူးလွန်တတ်သော်လည်း ကြီးလေးသော ပြဿနာတစ်ခုကို ကိုင်တွယ် ဖြေရှင်းရာတွင်

နောက်ဆက်တွဲ အကျိုးဆက်များကို စဉ်းစားတတ်နေဆဲပင်။

“ဒါဆို အရမ်း ကောင်းတယ်....”

လင်းဟွမ် စိတ်အေးသွားသည်။

“တစ်ရက်ပဲ ကြာတယ်.....၊ ဗီဒီယိုနဲ့ ဓါတ်ပုံတွေက ဗိုင်းရက်စ်လို ပြန့်သွားဖို့။ အနာဂတ်မှာလည်း ဆိုရှယ်မီဒီယာမှာ ထပ်ပြန့်သွားမှာပဲ ကြောက်မိတာ။ ခရီးသွား ကုမ္မဏီ တော်တော်များများက ဒီအခွင့်အရေးကို ဆုပ်ကိုင်ပြီး ခရီးသွားပက်ကေ့တွေ ရေးဆွဲမယ် ထင်တယ်”

ရီရီယွီက ဖျစ်ညစ်ကာ ပြုံးပြလိုက်သည်။

“ခရီးသွားတယ် ဆိုတာက ဗဟုသုတ ရပေမယ့် အန္တရာယ်ရှိတဲ့ နေရာတွေတော့ မသွားသင့်ဘူးလေ။ တကယ်တမ်းတော့ အဖွဲ့ခွဲ (၃) မှာ ရှိတဲ့ နေရာအများစုက လုံခြုံတယ်လို့ ယူဆလို့ ရတယ်”

လင်းဟွမ်သည် ထိုကိစ္စနှင့် ပက်သက်၍ စိတ်ထဲ လုံးဝမထားပေ။ ခရီးသွားအဖွဲ့များ တားမြစ်နယ်မြေကို သွားခြင်းသည် သူနှင့် ဘာမှမဆိုင်ပေ။

“အို.... ဟုတ်ပြီ။ ငါ ပြောဖို့မေ့နေတာ....”

ရီရီယွီက လင်းဟွမ်ထံ ဘာကြောင့်ဖုန်းခေါ်ရလဲ ဆိုသည်ကို ရုတ်တရက် သတိရသွားသဖြင့်

“ငါ့အစ်ကိုက ပြီးခဲ့တဲ့ရက်ပိုင်းကပဲ အင်မော်တယ် အဆင့်တက်သွားပြီ။ မိသားစုက သူ့ကို အဖွဲ့ခွဲ (၃) မှာ လေ့ကျင့်ဖို့ လွှတ်မှာမို့ မနက်ဖြန်မနက် အစောကြီး ထွက်သွားလိမ့်မယ်။ သူ့ရဲ့ ပထမဆုံးခရီးစဉ်က ဝမ်ပေါင်မြို့လို့ ကြားတယ်။ အဲ့ဒါက ဝပ်ကျင်း (အေ)ပဲ။ မကြာခင် လေလံပွဲတစ်ခုရှိလို့ အဲ့ဒီကို မင်း နေ့လည်စာစားဖို့ လာနိုင်မလားလို့ မေးခိုင်းလို့”

ဟင်းဟွမ်သည် သူမအစ်ကို ရီကျန်းက တစ်ယောက်တည်း ဖြစ်နေပြီး မရင်းနှီးသောနေရာ ရောက်နေသောကြောင့် စိတ်ပူနေမှန်းသိသဖြင့်

“ငါလည်း အခု ဝမ်ပေါင်မြို့မှာပဲ။ သူရောက်ရင် ငါ့ဆီ ဖုန်းခေါ်ခိုင်းလိုက်”

လင်းဟွမ်က ကတိပေးလိုက်သည်။

“ကျေးဇူးပဲ..."

အရေးကြီးသော ကိစ္စများကို ပြောဆို တိုင်ပင်ပြီးနောက် ရီရီယွီနှင့် ပေါ့ပေါ့ပါးပါး ရောက်တတ်ရာရာ စကားများ ပြောခဲ့ကြကာ ဖုန်းချလိုက်သည်။

အင်ပါယာနှလုံးသား လက်စွပ်ပေါ်က နာရီကို ကြည့်လိုက်ရာ မနက် (၆) နာရီသာ ရှိသေးသည်။ ဖုန်းပြောခဲ့သည်မှာ တစ်နာရီကျော် ကြာသွားခဲ့ပြီ။

"ရီကျန်းက အင်မော်တယ် အဆင့်တောင် ရောက်သွားပြီလား.....၊ သူက အဖွဲ့ခွဲ (၇) မှာ အင်မော်တယ်အဆင့် တက်နိုင်တဲ့ အသက်အငယ်ဆုံး လူတောင် ဖြစ်နိုင်တယ်"

လင်းဟွမ် အဖြူရောင် မီးလျှံအဆင့်သို့ ရောက်သောအခါ ရီကျန်းက ခရမ်းရောင်မီးလျှံအဆင့် ရောက်နေပြီ ဖြစ်သည်။ လင်းဟွမ်သည် ရီကျန်းက အင်မော်တယ်အဆင့်သို့ အောင်မြင်စွာ တက်လှမ်း နိုင်ခဲ့သည့်အတွက် မအံ့သြမိပေ။ ထိုလူသည် အသက် (၂၅) မပြည့်သေးသော်လည်း အင်မော်တယ် အဆင့် ရောက်နေပြီး တကယ့် ပါရမီရှင် တစ်ယောက်ပင်....။

“ရီမိသားစုက သူတို့ရဲ့ အကြီးဆုံးမြေးကို လေ့ကျင့်ဖို့အတွက် အဖွဲ့ခွဲ (၃) ကိုလွှတ်တာပေါ့။ တော်တော်လေးကို တင်းကြပ်တာပဲ”

လင်းဟွမ်သည် ရီမိသားစု၏ လူငယ်မျိုးဆက်သစ်များအပေါ် လေ့ကျင့်ပေးသည့်ပုံအား သဘောကျနေခဲ့သည်။ အနည်းဆုံးတော့ ရီမိသားစုတွင် ကိုယ်ပိုင် လေ့ကျင့်ရေးနည်းလမ်းများ ရှိသေးသည်။ သေးငယ်သော တော်ဝင်မိသားစုမှ ဆင်းသက်လာသော လူအများအပြားသည် သူတို့နှင့် နှိုင်းယှဉ်၍ မရပေ။ မယှဉ်နိုင်ချေ။

လင်းဟွမ်သည် ရီရီယွီကြောင့် မနက်အစောကြီး အိပ်ယာနိုးခဲ့သည်။ လွန်ခဲ့သော ရက်ပိုင်းအတွင်း မိုးထဲလေထဲ ရုန်းကန်ခဲ့ရသဖြင့် ကောင်းကောင်း အိပ်မပျော်ခဲ့ပေ။ ထို့ကြောင့် အချိန်ကြာကြာ အိပ်ချင်နေခဲ့သော်လည်း ယခုမူ အိပ်ပျော်နိုင်ခြင်း မရှိချေ။ ထို့ကြောင့် အိပ်ယာထဖို့မှ လွဲ၍ ရွေးချယ်စရာ မရှိတော့ပေ။

ရေချိုးပြီးသည်နှင့် အဝတ်အစားလဲ၍ အောက်ထပ်ဆင်းကာ မနက်စာ စားလိုက်သည်။ မြို့ကြီးနိုးထလာပြီး အာရုံဦး ပုဇွန်ဆီရောင်များ သန်းလာသည့် အချိန်၌ ဟိုတယ်အခန်းထဲ ပြန်လာခဲ့သည်။

သူ့အိမ်သူ့ယာ မဟုတ်သော်လည်း ဝမ်ပေါင်မြို့ကို လာရသည့် အကြောင်းအရင်းမှာ အားလပ်ရက် ခရီးထွက်ခြင်း မဟုတ်ပေ။

လင်းဟွမ်သည် ကျိန်စာနယ်မြေမှ ပြန်လာပြီးနောက် ရိုရိုယွီပြောသော လေလံပွဲကို တက်ရောက် ချင်သောကြောင့် ဝမ်ပေါင်မြို့သို့ အလည်ရောက်လာခြင်းပင် ။

ဧည့်ခန်းပေါ်ရှိ ဆိုဖာပေါ်တွင် ထိုင်ကာ လေလံဝက်ဆိုဒ်ကို ရှာဖွေပြီး ပစ္စည်းများအား စတင် လေ့လာသည်။ ပစ္စည်းအမျိုးမျိုး ရောင်းချပေးသော်လည်း ခါတ်ပုံ အနည်းငယ်နှင့် ပစ္စည်းတစ်ခုချင်း စီ၏

အကျဉ်းချုံး ဖော်ပြချက်သာ ပါရှိသည်။ စျေးနှုန်းများကိုမူ လုံးဝ မဖော်ပြထားပေ။

“စုစုပေါင်း (၂၇၃) ခု ရှိတယ်။ နောက်သုံးရက်ကြာရင် လေလံပွဲ တရားဝင် စတေဘ့မှာပဲလေ၊ အခုတော့ ဘာမှ မတတ်နိုင်သေးဘူး”

လင်းဟွမ်သည် ဖျစ်ညစ်ကာ ပြုံးလိုက်ပြီး ကူကယ်ရာမဲ့နေသည်။ ကျိန်စာနယ်မြေထဲတွင် ရွှေရောင်မီးလျှံအဆင့် တက်လှမ်းသည့်အချိန်၌ အစစ်အမှန် နတ်ဘုရားမီးလျှံက သူ၏ ကံကြမ္မာသလင်းကျောက် အားလုံးကို မီးလောင်ပြာချပစ်ခဲ့သည်။ ဝက်ဆိုဒ်တွင် ပြထားသော ပစ္စည်းများကို

ဝယ်ယူရန် မဆိုထားနှင့် လေလံပွဲထဲဝင်ဖို့ပင် မတတ်နိုင်ဖြစ်နေသည်။

“လေလံပွဲ ပြီးတဲ့အချိန်ကျရင် တရားဝင်မဟုတ်တဲ့ ပစ္စည်းတွေ ရောင်းချတဲ့ မြေအောက်လေလံပွဲလည်း ရှိဦးမှာပဲ။ အဲ့ဒီမှာ နတ်ဘုရားသတ် အမြောက်တွေ ရှိတယ်လို့တော့ ကြားမိတယ် ဟုတ်လား မဟုတ်လားတော့ မသိဘူး”

ဒါသည် လင်းဟွမ်တစ်ယောက် ဝမ်ပေါင်မြို့ကို ရောက်လာရသည့် အကြောင်းအရင်းသာ....

အခန်း(၇၇၈) - ငွေရှာနည်း

လင်းဟွမ်တွင်ရှိသော နတ်ဘုရားသတ် အမြောက် (၆) လက်သည် ငရဲဝိညာဉ်နှင့် တိုက်ပွဲတွင် လုံးဝ ပျက်ဆီးသွားခဲ့ပြီ။ ဘာဆို ဘာမှ မကျန်ခဲ့ပေ။ သူ့ထံ ကျန်ရစ်ခဲ့သော နောက်ဆုံး လက်ကျန် နတ်ဘုရားသတ် အမြောက်မှာ လုံးဝ ပျက်ဆီးနေပြီး ယခုအခါ၌ အလှပြပစ္စည်း တစ်ခုအနေနှင့်သာ အသုံးပြုနိုင်တော့သည်။

သူ့ဂုက်ဖဲ ပျောက်ဆုံးသွားခဲ့ပြီ.....

ထို့ကြောင့် နတ်ဘုရားသတ် အမြောက်သတင်းကို ကြားသည်နှင့် ဝမ်ပေါင်မြို့ကို ချက်ချင်း ပြေးလာခဲ့ခြင်းပင်။

လင်းဟွမ်သည် ဝမ်ပေါင်မြို့သို့ ရောက်သည့် အခါမှသာ သူ့ထံတွင် ငွေမရှိခြင်း ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သတိရသွားသည်။ နတ်မီးလျှံက သူ့ကံကြမ္မာ သလင်းကျောက် အားလုံးကို ဝါးမျိုသွားသည်။

မြေအောက် လေလံပွဲတွင် ရောင်းချမည့် နတ်ဘုရားသတ် အမြောက် မဆိုထားနှင့် သာမန် ပစ္စည်းတစ်ခုပင် မတတ်နိုင်ချေ။

“ပြည်ထောင်စု အစိုးရက ထုတ်တဲ့ (၃၃) ကြိမ်မြောက်နတ်ဘုရားသတ် အမြောက်က ကံကြမ္မာသလင်းကျောက် သန်း (၂၈၀) နဲ့ ရောင်းချတဲ့ နောက်ဆုံးပေါ် မော်ဒယ်ပဲ။ မြေအောက် လေလံပွဲမှာဆိုရင် ကံကြမ္မာသလင်းကျောက် (၃၅၀) ဒါမှမဟုတ် ဒီထက်ပိုပြီးတော့ ဈေးပေါက်နိုင်တယ်။ အသုံးမပြုတဲ့ မော်ဒယ် အဟောင်းတွေတောင် ကံကြမ္မာသလင်းကျောက် သန်း (၈၀) ကျော်လောက် တန်ကြေးရှိတယ်။ အများအားဖြင့်တော့ မြေအောက် လေလံပွဲမှာဆိုရင် ပစ္စည်း စွမ်းဆောင်ရည် အားနည်းတဲ့ (၂၈) ကြိမ်မြောက်ထုတ် နတ်ဘုရားသတ် အမြောက်တောင် သန်း (၂၂၀) လောက် ပေးရတာ”

လင်းဟွမ်သည် သူ့ဘာသာသူ တွေးနေသည်။ နတ်ဘုရားသတ် အမြောက်၏ (၂၈) ကြိမ်မြောက်ထုတ် မော်ဒယ်သည် ဈေးကြီးနေရသော အကြောင်းအရင်းမှာ ဒါသည် တတိယမျိုးဆက် နတ်ဘုရားသတ် အမြောက်ကို အအောင်မြင်ဆုံး ဖြစ်အောင် ပြုပြင်မွန်းမံထားသည့် မော်ဒယ်တစ်ခု ဖြစ်နေသောကြောင့်ပင် ။

တတိယမျိုးဆက် နတ်ဘုရားသတ် အမြောက်မှာ အစွမ်းအထက်ဆုံး ဖြစ်ပြီး တစ်ခုတည်းသော အားနည်းချက်မှာ (၁၀) ကြိမ်သာ အသုံးပြုနိုင်ကြောင်း လူတိုင်း သိကြသည်။

စမ်းသပ်ချက်မှ အချက်အလက်များအရ (၂၈) ကြိမ်မြောက်ထုတ် နတ်ဘုရားသတ် အမြောက်များသည် တတိယမျိုးဆက် နတ်ဘုရားသတ် အမြောက်စွမ်းအား၏ (၈၂) ရာခိုင်နှုန်း ရရှိအောင် လုပ်ဆောင်ထားသည်။ ဒါသည် တတိယမျိုးဆက် နတ်ဘုရားသတ်အမြောက်၏ အကောင်းဆုံး ဗားရှင်းထဲမှတစ်ခုဟု လူသိများသည်။

ထို့အပြင် အသုံးပြုနိုင်သော အရေအတွက် ကန့်သတ်ချက် ဖြစ်နေသည့် အချက်ကို နည်းစနစ် အဟောင်းများ နေရာတွင် နည်းစနစ် အသစ်များ အစားထိုး အသုံးပြုထားသည်။ ထို့ကြောင့် (၂၈)

ကြိမ်မြောက်ထုတ် နတ်ဘုရားသတ် အမြောက်နှင့် ပတ်သက်၍ လူအများစုက အကောင်းမြင်ကြသည်။

နည်းစနစ်အသစ်ကို အသုံးပြုပြီး ပစ်ခတ်နိုင်သည့် အရေအတွက် ပြဿနာကို ကျော်လွှားနိုင်ခဲ့သော်လည်း အခြားပြဿနာ တစ်ခုကို တွေ့ရှိခဲ့သည်။ အမြောက်အများ ပစ်ခတ်နိုင်သော်လည်း ပစ်မှတ်တိကျမှုကို ထိခိုက်စေခဲ့သည်။ ပစ်သည့် အရေအတွက်များလာသည်နှင့်အမျှ အတွင်းပိုင်း ဖွဲ့စည်းပုံက အားနည်းလာသည်။ ထိုကြောင့် ဤနတ်ဘုရားသတ် အမြောက်များသည် အမှန်တကယ် မအောင်မြင်သော ထုတ်ကုန်တစ်ခု ဖြစ်လာခဲ့သည်။

ပထမအကြိမ် ရောင်းချစဉ်က အရောင်းရဆုံး ဖြစ်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် စည်းချက် ပျက်ယွင်းသည့် ပြဿနာများ ပေါ်လာပြီးနောက် နတ်ဘုရားသတ် အမြောက် မျိုးဆက်သစ်များက လျင်မြန်စွာ အစားထိုး သွားခဲ့သည်။

ထိပ်တန်း သေနတ်သမား အများစုက ဤထုတ်ကုန်ကို သဘောကျခဲ့ပြီး တိုက်ခိုက်မှု၏ တိကျမှုကို ကိုယ်တိုင် ချိန်ညှိနိုင်သောကြောင့် မစ္စတာပိ(ဆရာ့ ဆရာကြီး) ဟုပင် ကြွားလုံး ထုတ်ခဲ့ကြသည်။ သာမန် သေနတ်သမားများက အကြိမ်(၃၀) သာ အသုံးပြုနိုင်သော်လည်း

အစွမ်းထက်သည့် သေနတ်သမား အများစုက တိကျမှုကို မထိခိုက်စေဘဲ အကြိမ်ပေါင်း (၈၀) ခန့် အသုံးပြုနိုင်သည်။ ထိပ်တန်း သေနတ်သမားများကမူ အကြိမ်ပေါင်း (၁၀၀) ကျော်အောင် အသုံးပြုနိုင်သည်။

ရလဒ်အနေဖြင့် ထိပ်တန်းသေနတ်သမား အများစုသည် တစ်ယောက်နှင့် တစ်ယောက်ကြား ပစ်ခတ်နိုင်သည့် အရေအတွက်ကို နှိုင်းယှဉ်ကာ သူတို့၏ အရည်အချင်းများကို ကြွားလုံးထုတ်ကြသည်။ ထို့အပြင် သေနတ်သမားများသည် လေလံပွဲထဲတွင် ဤမော်ဒယ် နတ်ဘုရားသတ် အမြောက်ကို လေလံတင်လေ့ရှိကြသည်။

“မြေအောက် လေလံပွဲမှာ နတ်ဘုရားသတ် အမြောက်ရောင်းမယ့်သတင်းက အမှန်လားလို့တော့ တွေးမိပေမယ့် ဘယ်မော်ဒယ်ကို ရောင်းမှာလဲ”

လင်းဟွမ်သည် စိတ်ကူးယဉ်အိမ်မက်ကို ခေတ္တရပ်တန့်ပြီးနောက် လက်တွေ့ဘဝထဲ ပြန်ရောက်ကာ လက်တွေ့ ပြဿနာကို ပြန်သတိရသွားသည်။

“ဘယ်မော်ဒယ်ပဲ ရောင်းရောင်း... ငွေရမယ့် နည်းလမ်းတစ်ခုတော့ စဉ်းစားရမယ်။ လေလံပွဲ စဖို့ကသုံးရက်ပဲ ကျန်တော့တာ”

လင်းဟွမ်သည် ရီကျန်းထံမှ ပိုက်ဆံချေးရန် စဉ်းစားခဲ့သော်လည်း ထိုအတွေးကို အလျင်အမြန်

ပယ်ချလိုက်သည်။ လေလံပွဲထဲတွင် ရီကျန်း လိုချင်သော ပစ္စည်းတစ်ခု သေချာပေါက် ရှိလိမ့်မည်။

အကယ်၍ သူက နတ်ဘုရားသတ် အမြောက် ဝယ်ယူရန် ငွေချေးပါက အင်မတန် များပြားသော ပမာဏပင် ။ သူ့ကြောင့် ရီကျန်း၏ ဝယ်ယူမှု ဆုံးဖြတ်ချက်အပေါ် မထိခိုက်စေချင်ပေ။ ထို့အပြင် အခြားသူများအပေါ် အကြွေးတင်ရသည်ကို မကြိုက်ချေ။

လင်းဟွမ်သည် ကမ္ဘာမြေပေါ်တွင် နေထိုင်ပြီး ကျောင်းတက်စဉ် အချိန်က သူ့အတန်းဖော်ထဲမှ ခဲဖျက်တစ်ခု ချေးယူခဲ့ဖူးသည်။ သုံးပြီးသား ခဲဖျက်ကို

ပြန်မပေးဘဲ သိမ်းထားချင်ခဲ့သောကြောင့် ထိုအကျင့်ကို အမြစ်ပြတ်အောင် ဖျောက်ခဲ့ရသည်။

နောက်ပိုင်းတွင် အတန်းဖော်ထံမှ မှတ်စုများငှားပြီး မိတ္တူကူးပြီးသည်နှင့် အတန်းဖော်အိမ်ကို စက်ဘီးဖြင့် ချက်ချင်းသွားကာ ပြန်ပေးခဲ့သည်။ နောက်တစ်နေ့အထိ နေကူးအောင် မထားခဲ့ချေ။ အလုပ် စလုပ်သည့် အချိန်တွင်လည်း ငွေရေး၊ ကြေးရေး ခက်ခဲသောကြောင့် နှစ်လဆက်တိုက် ခေါက်ဆွဲခြောက် စားခဲ့ရသည်။ နှစ်မျိုးပေါင်းမှ (၂) ယွမ်သာကျသင့်ပြီး (၁) ယွမ်ခွဲသာ ပေးရသော အသီးအရွက်များသာ ပိုစားခဲ့သည်။ တစ်ရက်လျှင် (၃) ယွမ်ခွဲသာ သုံးစွဲခဲ့သည်။

စတုရန်းမီတာ (၄) မီတာပင် မကျယ်ဝန်းသော အိမ်ထဲ၌ ကုတင်တစ်လုံး ၄ားခဲ့သည်။ သူ၏ အိမ်၄ားခကို ချေတာခဲ့ပြီး တစ်လလျှင် ယွမ်(၂၂၀) သာ အသုံးပြုခဲ့သည်။

ထိုစဉ် အချိန်ကပင် မည်သူ့ထံကမှ ပိုက်ဆံ မချေးခဲ့ဖူးချေ။

(၃) ရက်အတွင်း ကံကြမ္မာသလင်းကျောက် သန်း(၁၀၀) ကျော် ရှာရမည့်ကိစ္စက မဖြစ်နိုင်သလိုပင်.....။ သို့သော် မကြာခင် လင်းဟွမ်သည် ဘာလုပ်ရမလဲ သဘောပေါက်သွားသည်။

“အင်မော်တယ် အဆင့် မွန်းစတားအလောင်းတွေ ရောင်းရင် ငွေရှာဖို့မခက်ဘူး။ နောက်ထပ် (၃) ရက်ပဲ ကျန်တော့တယ်။ အသူရာ ချောက်ကမ်းပါးက အဆင့်မြင့်မွန်းစတားတွေ ရှိနေတဲ့နေရာ ဆိုပေမယ့် မွန်းစတားတွေက နေရာအနှံ့ ပြန့်ကျဲနေတယ်။ အချိန်အများစုက ခရီးသွားရင်းနဲ့ အချိန်ကုန်သွားမှာ။ မွန်းစတားတစ်ကောင် သတ်ဖို့အတွက် ပျမ်းမျှ (၁၀) မိနစ်လောက်ပဲ ထားအုံး မွန်းစတား အကောင် (၁၀၀) သတ်ဖို့ဆို (၁၇) နာရီလောက် ကြာမှာပဲ”

“ဒါပေမယ့် ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှာဆိုရင် ဒါက ပြဿနာ မရှိဘူး။ အခုလက်ရှိ ငါက

ကြယ်လမ်းစဉ်သစ်ပင်ရဲ့ စစ်ဆေးရေးဂိတ် အမှတ် (၅၅) ရောက်နေပြီ။ စစ်ဆေးရေးဂိတ် အမှတ် (၅၆) က မွန်းစတားတွေကို အမဲလိုက်နိုင်တဲ့ အဆင့်ပဲ။ အဲ့မှာရှိတဲ့ မွန်းစတားတွေက အင်မော်တယ် အဆင့် (၇) ကနေ အဆင့်(၉) အထိရှိတာဆိုတော့၊ ကြယ်လမ်းစဉ် သစ်ပင်ပေါ်က အမှတ်တွေအရတော့ အင်မော်တယ် အဆင့် (၇) မွန်းစတားကို သတ်လိုက်တိုင်း အမှတ် (၆၄၀)ရမယ်။ အင်မော်တယ်အဆင့် (၈) မွန်းစတားကို သတ်ရင် အမှတ် (၁,၂၈၀) ရမယ် ဒါက ကံကြမ္မာသလင်းကျောက် (၁.၂၈) သန်းနဲ့ ညီတယ်”

သူ့အတွေးက အမှတ်များကို ကံကြမ္မာ သလင်းကျောက်နှင့် ပြောင်းလဲမည် မဟုတ်ပေ။ ထိုအစား လေလံပွဲတွင် ရောင်းချနိုင်ရန် ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် ရှားပါးပစ္စည်းအချို့ ဝယ်ယူချင်နေသည်။ သံသယ မရှိစရာလိုဘဲ ဤနည်းက ငွေပိုရှာနိုင်သည် မဟုတ်ပါလား။

“ရှေးဟောင်းဓါတ်ကြွင်းက ခိုင်မာတဲ့ ငွေကြေးပဲ။ အမှတ်တွေကို ရှေးဟောင်းဓါတ်ကြွင်း တစ်ခုနဲ့လဲပြီး လေလံပွဲမှာ ရောင်းချလိုက်တာက ကံကြမ္မာသလင်းကျောက်တွေ တိုက်ရိုက်

ပြောင်းလိုက်တာထက် စာရင် (၃၀) ရာခိုင်နှုန်း ပိုများမှာ သေချာတယ်။ “

‘

“နောက်ပြီးတော့ ရှေးခေတ် စိတ်ဝိညာဉ် လက်နက် အမျိုးအစားကလည်း အရမ်းရှားတယ်။ ဒါဆိုရင် (၅၀) ရာခိုင်နှုန်းတောင် ပိုရနိုင်တယ်။ နောက်ပြီးတော့ ငွေအနည်းငယ် ရအောင် မွန်းမံထားတဲ့ သေနတ်အချို့လည်း ရောင်းလို့ရတာပဲ။ တကယ်လို့ မလုံလောက်သေးရင် အမှတ်တွေ ထပ်စုပြီး နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနဲ့ လဲမယ်ကွာ....”

ကြယ်လမ်းစဉ် ကုန်တိုက်တွင် ကုန်ပစ္စည်း အမျိုးအစား အမျိုးမျိုး ရောင်းချသည်။ ပြည်ထောင်စု အစိုးရမှ မရောင်းချရန် တားမြစ်ထားသည့် တရားမဝင် ပစ္စည်းအချို့ကိုတော့ ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် မရှာနိုင်ပေ။

နတ်ဘုရားသတ် အမြောက်က တရားမဝင် ကုန်ပစ္စည်းတစ်ခု ဖြစ်နေသည်။ သုံးစွဲသူများ၏ လိုအပ်ချက်များသည့်အပြင် အလွန် အစွမ်းထက်သောကြောင့် အလွန်အန္တရာယ် များသော လက်နက်တစ်ခုပင် ။

လင်းဟွမ်ကတော့ မတူပေ။ အရေးပေါ် အချိန်တွင် အသုံးပြုရန် မရည်ရွယ်ပါက နတ်ဘုရားသတ် အမြောက်ကို ဝယ်ယူမည် မဟုတ်ပေ။ မြေအောက် လေလံပွဲထဲတွင် ဤကဲ့သို့ ပစ္စည်းများကို ဝယ်ယူသော လူအများစုမှာ မြေအောက်လောကမှသာ...

မုဆိုးအဖွဲ့အစည်းနှင့် စွန့်စားသူတို့ သုခဘုံကဲ့သို့ အဖွဲ့အစည်းများသည် ပြည်ထောင်စု အစိုးရထံမှ တိုက်ရိုက် ဝယ်ယူနိုင်သောကြောင့် မြေအောက် လေလံပွဲမှ လက်နက်များကို ဝယ်ယူရန် မလိုအပ်ချေ။

လင်းဟွမ်သည် ငွေရှာနိုင်မည့် နည်းလမ်းကို တွေးတောပြီးနောက် အချိန် ထပ်မဆွဲတော့ချေ။

အချိန်အတော်ကြာအောင် မရောက်ဖြစ်ခဲ့သော ပါရမီရှင်သမဂ္ဂ ဝက်ဆိုဒ်ကို ချက်ချင်း ဖွင့်လိုက်သည်။ ထို့နောက် သူ့အထောက်အထားကုဒ်ကို စကန်ဖတ်ပြီး စနစ်ထဲ ဝင်ရောက်သွားသည်။

"ရီကျန်း မရောက်သေးတော့.... ငါ့ကို နှောက်ယှက်မယ့်လူ မရှိသေးဘူး။ အမှတ် တချို့လောက်တော့ အရင်ဆုံး စုဆောင်းလိုက်ဦးမယ်....."